# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ **ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)**


၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၁)




### ထပ်မံတင်ပြလာသည့် မြေယာကိစ္စများကို ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးသွားမည်

စာ ၃



### ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရေးနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆွေးနွေး

စာ ၄




### ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

စာ ၅

# ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော် သတင်းစာရှင်းလင်း

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ဩဂုတ်လအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပသည်။

သတင်းစာရှင်းလင်းပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်သိန်း၊ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်ရဲဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာ့ဂျာနယ်လစ်ကွန်ရက်တို့မှ အဖွဲ့ဝင်များ၊ ပြည်တွင်းသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❖




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းထွဋ်သိန်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ပုံများအား ရှင်းလင်းပြသစဉ် (သတင်းစဉ်)

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယကမ်းခြေဝင်ရောက်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီးဖြစ်သည်။ (မိုး/ဇလ)

## ဧရာဝတီ၊ ဝေါနှင့် တိုးမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် နှစ်ပေခန့်နှင့် ဇလွန်မြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခန့်နှင့် သာပေါင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်၍ ဧရာဝတီမြစ်ရှိ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်၊ ငဝန်မြစ်ရှိ ငါးသိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ (မိုး/ဇလ)


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၆။)**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဆက်သွယ်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ (န) တွင် ပါရှိသော "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၆၆။ မည်သူမဆို အောက်ပါပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဖြစ်ပြီး ပုဒ်မခွဲ (ဃ) ပါ ပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-"

၄။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ တွင် ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့် တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း။"

၅။ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၀။ (က) ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) ဤဥပဒေအရ ပြစ်မှုတစ်ခုခုဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) ပါ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား အသရေဖျက်ခြင်း ပြုကြောင်း သက်ဆိုင်ရာ နစ်နာသူကိုယ်တိုင်ဖြစ်စေ၊ ထိုသူ၏ ကိုယ်စား လွှဲအပ်ခြင်းခံရသူကဖြစ်စေ တိုင်တန်းချက် မဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

မြန်မာ့အလင်း

## မျိုးဆက်သစ်တို့နှင့် စာအုပ်စာပေ

၂၁ ရာစုသည် ကလေးသူငယ်တို့နှင့် လူငယ်တို့အတွက် တပ်မက်ဖွယ်ရာ ဆွဲဆောင်မှုတို့ များပြားသော ခေတ်ကာလဖြစ်ပါသည်။ ကလေးသူငယ်တို့အတွက် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဂိမ်းတို့သည် လွန်ဆန်နိုင်စွမ်းမရှိသော ဆွဲဆောင်မှုများဖြစ်ပါသည်။ လူငယ်တို့သည် လက်ကိုင်ဖုန်းမျက်နှာပြင်ကို ထိတို့ရုံမျှဖြင့် အင်တာနက်ကမ္ဘာသို့ စီးမျောခွင့် ရရှိပိုင်ဆိုင်နေကြပါသည်။ အင်တာနက်ကမ္ဘာသည် ပကတိကမ္ဘာကဲ့သို့ ထင်မှတ်မှားစေသော ခံစားချက်တို့ကို ဖန်တီးနိုင်စွမ်းရှိသည်။ အင်တာနက်ကမ္ဘာ၏ လူမှုမီဒီယာသည် လူငယ်တို့၏ အာရုံကိုတယ်လီဖုန်းမျက်နှာပြင်မှ ခွာထွက်မသွားစေရန် ဖမ်းစားထားပါသည်။ ကလေးသူငယ်တို့နှင့် လူငယ်တို့သည် အရုပ်၊ အသံတို့၏ ဆွဲဆောင်မှုမှရုန်းထွက်ရန်မလွယ် ဖြစ်နေပြီ ဖြစ်ပါသည်။

၂၀ ရာစု၌ ကြီးပြင်းလာသော လူကြီးလူလတ်တို့သည် မျိုးဆက်သစ်တို့အတွက် ရတက်မအေး ဖြစ်နေကြရပြီဖြစ်ပါသည်။ ဤဖြစ်ရပ်သည် တစ်ကမ္ဘာလုံးအတိုင်းအတာနှင့် ကြုံတွေ့နေရသော ဖြစ်ရပ်ဖြစ်ပါသည်။ ၂၀ ရာစု၌ ကြီးပြင်းလာသော လူကြီးလူလတ်တို့သည် စာအုပ်တို့၏ သင်ကြားမှုဖြင့် ကြီးပြင်းလူလားမြောက်လာကြသူများဖြစ်ပါသည်။ ဤသည်မှာ မျိုးဆက်ကွာဟမှုဟု အလွယ်ရည်ညွှန်းနိုင်သော်လည်း ကလေးသူငယ်များအပါအဝင် လူငယ်တို့က စာအုပ်တို့နှင့် ဝေးကွာနေခြင်းသည် အနာဂတ်အတွက် အမှန်တကယ် စိုးရိမ်ဖွယ်ရာဖြစ်ပါသည်။ စာအုပ်တို့သည် ခံစားချက်တို့ကို ရင့်ကျက်စေပါသည်။ အတွေးအမြင်တို့ကို ကျယ်ပြန့်စေပါသည်။ တီထွင်ဖန်တီးမှုတို့ကို ထုဆစ်ပေးပါသည်။ ဤအရည်အသွေးအားလုံးသည် လူ့သမိုင်းကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်စေသော အရည်အသွေးများဖြစ်ပါသည်။

မြန်မာနိုင်ငံသည်လည်း မျိုးဆက်သစ်တို့၌ စာအုပ်ယဉ်ကျေးမှု စိမ့်ဝင်ပျံ့နှံ့လာစေရန် အလေးအနက်ကြိုးပမ်းရမည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ လူဦးရေ သန်း ၅၀ ကျော်ရှိသောနိုင်ငံ၌ စာအုပ်တို့ကို ပုံမှန်အားဖြင့် ထောင်ဂဏန်းမျှသာ ဖြန့်ချိနိုင်ခြင်းသည် အလေးအနက်ကိုင်တွယ်ရမည့် ပြဿနာဖြစ်ပါသည်။ ကလေးသူငယ်တို့နှင့် လူငယ်တို့က စာအုပ်တို့အား စိတ်ဝင်စားဖတ်ရှုလာစေမည့် အကြံအစည်သစ်တို့ကို ကြံဆောင်ဖန်တီးကြရမည်ဖြစ်ပါသည်။ အချို့သော စာအုပ်အငှားဆိုင်တို့က အိမ်တိုင်ရာရောက် ပေးပို့၍ စာအုပ်အငှားဝန်ဆောင်မှုတို့ ကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့လာရပါသည်။ စာအုပ်တိုက်တို့က အိမ်တိုင်ရာရောက် စာအုပ်ဖြန့်ဝေသည့်စနစ်ကို ပြုလုပ်လာကြပါသည်။

ဤသို့သော ဝန်ဆောင်မှုတို့ကို အချိန်တိုအတွင်း လွန်စွာသက်သာသော နှုန်းထားဖြင့် ဖော်ဆောင်ပေးမည့် စာပို့စနစ်တစ်ရပ် အကောင်အထည်ဖော်နိုင်ပါက မျိုးဆက်သစ်တို့အကြား စာအုပ်စာပေ ချစ်မြတ်နိုးစိတ်ကို ပံ့ပိုးကူညီပျိုးထောင်ပေးနိုင်မည်ဖြစ်ပါသည်။

မျိုးဆက်သစ်တို့က ဖမ်းစားနိုင်စွမ်းကြီးမားသော အရုပ်၊ အသံတို့မှ ရုန်းထွက်၍ စာအုပ်စာပေဘက်သို့ အာရုံရောက် စိတ်ဝင်စားလာစေရန် စိတ်ကူးအကြံအစည်သစ်များစွာကို ဖန်တီးကြရမည်ဖြစ်ကြောင်း လေးစားစွာနှိုးဆော်တင်ပြအပ်ပါသည်။ ။

## မြန်မာ့ကမ်းလွန်လုပ်ကွက် M-9 နှင့်M-11တူးဖော်ဆောင်ရွက်မည့်လုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံများအားရှင်းလင်း

**မြိတ် ဩဂုတ် ၂၉**

PTTEP International Limited မှ မြန်မာ့ကမ်းလွန်လုပ်ကွက် M-9 နှင့် M-11 တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ ဒေသခံပြည်သူများအား လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ဩဂုတ် ၂၉ ရက်က မြိတ်မြို့ ကမ်းနားလမ်းရှိ ပုလဲရတနာခန်းမ၌ ချပြရှင်းလင်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း MOGE ကိုယ်စားလှယ် ဦးနေအောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ ကုမ္ပဏီတစ်ခုဖြစ်သည့် PTTEP International Limited မှ ရေနံနှင့်သဘာဝ ဓာတ်ငွေ့ ရှာဖွေတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် နယ်ပယ်အတိုင်းအတာနှင့် ဆောင်ရွက်မည့် အခြေအနေများ၊ ကုမ္ပဏီ၏ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ကုမ္ပဏီ အကြံပေးအရာရှိ ဦးခင်မောင်ကြီးနှင့် တူးဖော်ရေးအင်ဂျင်နီယာ ဦးဝဏ္ဏဝင်းတို့က ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ဒေသတွင်းရှိ လူမှုရေး အဖွဲ့အစည်းများ၊ ရေလုပ်ငန်းရှင်များနှင့် ဒေသခံများက လုပ်ငန်းလုပ်ကိုင်မှုနှင့် ပတ်သက်၍ ဒေသအတွက် အကျိုးသက်ရောက်မှုအခြေအနေများ၊ ငါးဖမ်းဇေယျာ၊ အကွာအဝေးအနေအထားနှင့် ဒေသ စီးပွားရေးလုပ်ငန်းဖြစ်သည့် ငါးဖမ်းလုပ်ငန်းထိခိုက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးကြရာ ကုမ္ပဏီတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **ဇော်မျိုးနိုင်(ပြန်/ဆက်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပညာရေးဝန်ကြီးဌာန၊ ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဝင်းကို မအူပင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ဒုဋ္ဌဝတီမြစ်ရေ မြစ်ငယ်မြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၂၉**

ယနေ့ မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဒုဋ္ဌဝတီမြစ်ရှိ မြစ်ငယ်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၉-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၃ | ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၃ | ·၆ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၄ | ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၉ | ·၀ |

## မြန်မာ့ရုပ်မြင်သံကြား ၃၀-၈-၂၀၁၇(ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
- ၈း၃၅ - မြန်မာနိုင်ငံဆိုင်ရာလာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Lyying Sayaxang နှင့် တွေ့ဆုံမေးမြန်းခန်း
- ၉း၃၅ - **ကြယ်ပွင့်များရဲ့ရှင်ခုန်သံ** ဒါရိုက်တာ-မောင်မောင်ဦး (စနိုးဝှိုက်)
- ၁၁း၂၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် **သိုက်ကလာတယ် စကားမပြောဘူး**
- ၁၁း၃၅ - ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်

**ညပိုင်း**

- ၁၇း၄၀ - MRTV Travelogue
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆိုသည်မှာ** (အပိုင်း-၉၉)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - Road to SEA Games
- - နိုင်ငံခြားဇာတ်လမ်းတွဲ **မင်္ဂလာပါချောင်းအန်း** (အပိုင်း-၅)

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ထပ်မံတင်ပြလာသည့် မြေယာကိစ္စများကို ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၂၉**

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ (၂/၂၀၁၇) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများပြန်လည်စိစစ်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဦးအုန်းဝင်း၊ ဦးခင်မောင်ချိုနှင့် ဦးဝင်းခိုင်၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ (၂/၂၀၁၇) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

### အကြံပြုနိုင်း

အစည်းအဝေးတွင် ဒုတိယသမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ၂၀၁၇ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် ဗဟိုကော်မတီနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ တွေ့ဆုံ၍ ဗဟိုကော်မတီမှချမှတ်ထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များကို ပိုမိုကျစ်လျစ်မှုရှိစေရန် ပြင်ဆင်ဆောင်ရွက်သွားရေးနှင့် ကော်မတီအဆင့်ဆင့် ဖွဲ့စည်းပုံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို အချိုးကျကျထည့်သွင်းဖွဲ့စည်းနိုင်ရေး တို့ကို ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ ရက်တွင် ဗဟိုကော်မတီ အတွင်းရေးမှူးဦးဆောင်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဝင် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် အကြံညှိနှိုင်းဆွေးနွေးခဲ့ပါကြောင်း။

ဗဟိုကော်မတီအနေဖြင့် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးနှင့် စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မတီအဆင့်ဆင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားရာ ကော်မတီအဆင့်ဆင့်၏ဖွဲ့စည်းပုံတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်း ဆောင်ရွက်ရန် ကြိုတင်အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါဖွဲ့စည်းမှု အခြေအနေများကို ဆွေးနွေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သိမ်းဆည်းမြေ တိုင်ကြားစာများနှင့် ပတ်သက်၍ လက်တွေ့မြေပြင်ဖြေရှင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခြေအနေများကို သဘောထားတင်ပြဆွေးနွေးပေးရန် လိုအပ်ပါကြောင်း၊ အလားတူ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်သို့ နစ်နာသူကာယကံရှင်များက လက်မှတ်ရေးထိုး တိုက်ရိုက်တိုင်ကြားမှုများကို အလေးထားအရေးယူဆောင်ရွက်ပေးရမည်ဖြစ်သော်လည်း ကာယကံရှင်များကိုယ်စား ကြားခံပုဂ္ဂိုလ်များ၊ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူများနှင့် အဖွဲ့အစည်းအမည်ခံ တိုင်ကြားလာမှုများနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ရန် လိုအပ်ပါကြောင်း။

### နောက်ဆုံးအခြေအနေ

ဗဟိုကော်မတီက လွှဲပြောင်းပေးပို့ထားသည့် တိုင်ကြားစာအမှုတွဲများကို နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ကော်မတီများသို့ တိုက်ရိုက်တိုင်ကြားထားသော တိုင်ကြားစာအမှုတွဲများနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းတွင် ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုလွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ စုံစမ်းရေးကော်မရှင်မှ တိုင်ကြားစာများနှင့်ပတ်သက်၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် လွှဲပြောင်းပေးပို့ထားသည့် စိစစ်တွေ့ရှိချက် အစီရင်ခံစာအပေါ် ဆောင်ရွက်ထားရှိမှု နောက်ဆုံးအခြေအနေများကိုလည်း ဆွေးနွေးတင်ပြပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

### ဆက်လက်ဖြေရှင်းပေးမည်

ဆက်လက်၍ ဒုတိယသမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ သီးခြားကိစ္စတစ်ရပ်အနေဖြင့် တင်ပြလာသည့် မြေကိစ္စရပ်များကို ဆောလျင်စွာ ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားလှယ်များအပါအဝင် ဝန်ကြီးဌာနကိုယ်စားလှယ်များဖြင့် သီးခြားအစည်းအဝေးများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်လျက်ရှိရာ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီး၊ ကချင်၊ ကယား၊ ချင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ထပ်မံတင်ပြလာသည့် မြေကိစ္စများကိုလည်း ဆက်လက်ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ပါကြောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီများအနေဖြင့်လည်း ဒေသတွင်း မြေကိစ္စတိုင်ကြားမှုများ၊ ဖြေရှင်းဆောင်ရွက်ပေးနေမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ပြန်လည်စွန့်လွှတ်ပေးသည့် မြေယာများနှင့်စပ်လျဉ်း၍ မူလပိုင်ရှင်များသို့ ပြန်လည်လွှဲပြောင်းပေးသည့် အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် သတင်းများထုတ်ပြန် ကြေညာပေးသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဗဟိုကော်မတီနှင့် ကော်မတီအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက် အားသာချက်များကို ညှိနှိုင်းဆောင်ရွက်ရန် ဗဟိုအဆင့်အစည်းအဝေးကို သုံးလတစ်ကြိမ် လျာထားကျင်းပခဲ့ရာ ယခုဆိုလျှင် စတုတ္ထအကြိမ် ဖြစ်ပါကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း တစ်လတစ်ကြိမ် မဖြစ်မနေ အစည်းအဝေးများ ကျင်းပသွားကြရမည် ဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် အောက်ခြေအဆင့်ထိ ကော်မတီရုံးများ သီးခြားဖွင့်လှစ်၍ လုံလောက်သည့် ဝန်ထမ်းအင်အားဖြင့် တာဝန်ပေးအပ်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီဝင်များနှင့် ဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်တင်နိုင်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှု ရှိစေရေးအတွက် မြေယာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ သိရှိနိုင်ရန် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကို အလေးထားကျင်းပဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် ကော်မတီအဆင့်ဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များ ထည့်သွင်းဖွဲ့စည်းထားရှိမှု အခြေအနေ၊ မြေကိစ္စတိုင်ကြားစာများ စိစစ်ဆောင်ရွက်မှုအခြေအနေ၊ ကော်မတီအဆင့်အလိုက် လစဉ်အစည်းအဝေးပြုလုပ်မှု အခြေအနေနှင့် ဗဟိုကော်မတီမှ ချမှတ်ထားသည့် မူဝါဒ၊လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များ ပိုမိုကျစ်လျစ်မှုရှိစေရေးတို့ကို အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးတင်မြင့် က လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌများက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဒေသအလိုက်ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

### ဖြည့်စွက်ဆွေးနွေး

ထို့နောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းတင်ပြ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **(သတင်းစဉ်)**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ယခုနှစ် ဒီဇင်ဘာလဆန်းတွင် သုံးရက်တာကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၉**

လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးတို့ကို မြှင့်တင်ပေးနိုင်မည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ပညာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့ တက်ရောက်အမှာစကား ပြောကြားကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး လုပ်ငန်းစီမံချက်(မူကြမ်း)ကို ဦးစွာရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာသူများက အထွေထွေဆွေးနွေးကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ပြောကြားသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာလဆန်းတွင် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း၌ စာပေ၊ အားကစား၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ ပညာပေးနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်၊ ပွဲတော်သို့ ရန်ကုန်ဝန်းကျင်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ လူငယ်များအပြင် ရပ်ကွက်၊ မြို့နယ်၊ ခရိုင်များမှ လူငယ်များကိုလည်း သတ်မှတ်ဖိတ်ကြားနိုင်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Kozo YAMAMOTO နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန်-မြန်မာပါလီမန်ချစ်ကြည်ရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr. Kozo YAMAMOTO နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်**
(သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသပြည်သူများအား အားပေးနှစ်သိမ့်မှုနှင့်အတူ လိုအပ်သောစားနပ်ရိက္ခာ၊ အဝတ်အထည်နှင့်အသုံးအဆောင်ပစ္စည်းများ ကူညီထောက်ပံ့

စစ်တွေ ဩဂုတ် ၂၉

**ရခိုင်ပြည်နယ်အတွင်း ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရသူများနှင့် ဘေးလွတ်ရာနေရာများသို့ ခေတ္တခိုလှုံလျက်ရှိသော တိုင်းရင်းသားပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်တို့ ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၉ နာရီခွဲတွင် မောင်တောဒေသအတွင်း ခေတ္တခိုလှုံရာနေရာများရှိ ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးနှစ်သိမ့်စကားပြောကြားကာ လိုအပ်သော စားသောက်ဖွယ်ရာများ၊ ဆေးဝါးများနှင့် အသုံးအဆောင်များကို ကူညီထောက်ပံ့ပေးအပ်ခဲ့သည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခမောင်းဆိပ်ကျေးရွာသို့ရောက်ရှိပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံရာတွင် ယခုပြည်သူများအနေဖြင့် စားနပ်ရိက္ခာအတွက် မပူပင်ကြစေလိုကြောင်း၊ တိုင်းရင်းသားတွေရဲ့ခံစားမှုကို ရင်ထဲက နားလည်စာနာမိကြောင်း၊ အဓိကလာရသည့်ရည်ရွယ်ချက်က ပြည်သူများ ဘေးကင်းလုံခြုံရန်နှင့် ပိုပြီးဘေးကင်းလုံခြုံသောနည်းလမ်းများကို ညှိနှိုင်းဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ လတ်တလောစားဝတ်နေရေး အခြေအနေဖြေရှင်းဆောင်ရွက်ပေးရန်နှင့် ရိက္ခာများကိုလည်း နှစ်လစာ ကြိုတင်စီစဉ်ထားမှုရှိ၍ ပြည်သူများအနေဖြင့် ပူပန်စရာမလိုကြောင်း၊ သို့သော်လည်း လတ်တလောအခြေအနေအရ လိုအပ်သော ရိက္ခာများ စီစဉ်ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာအတွက် နိုင်ငံတော်အနေဖြင့် ဆက်တိုက်ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးနှင့်ပတ်သက်၍ နယ်မြေရဲနှင့် နယ်ခြားစောင့်ရဲများနှင့် အတူတပ်မတော်အနေဖြင့် လုံခြုံရေးအင်အားများကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ရေရှည်တွင် ယခုကဲ့သို့ အန္တရာယ်ပြုမှုမျိုးမဖြစ်အောင် ဆောင်ရွက်နေပါကြောင်း၊ လတ်တလောပြည်သူများလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန် ရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ပြည်နယ်တွင်း တာဝန်ထမ်းဆောင်နေကြသော ကျန်းမာရေး၊ ပညာရေး စသည့်ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း အင်အားဖြည့်တင်းမှုနှင့်အတူ အလှည့်ကျပြောင်းလဲတာဝန်ထမ်းဆောင်စေရန် ဌာနဆိုင်ရာများအလိုက် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗန္ဓုလကျေးရွာ၊ တောင်ပြိုဝဲ၊ မောရဝတီနှင့် ဘူးသီးတောင်မြို့တွင်းရှိ မြို့ဦးကျောင်း၊ လမ်းမကျောင်းနှင့် ရွှေကျင်ကျောင်းများရှိ ခေတ္တခိုလှုံလျက်ရှိသော ပြည်သူများအား လိုအပ်သောပစ္စည်းများကို ကူညီထောက်ပံ့ပေးမှုများနှင့်အတူ သွားရောက်တွေ့ဆုံအားပေးနှစ်သိမ့်စကားပြောကြားရာတွင် တိုင်းရင်းသားပြည်သူများက လုံခြုံရေးပိုမိုတိုးမြှင့်ပေးရန်၊ အေးချမ်းတည်ငြိမ်စွာနေထိုင်စားသောက်မှုရရှိရန်နှင့် မိမိနေရပ်တွင် အေးချမ်းစွာပြန်လည်နေထိုင်လိုကြောင်း စသည်ဖြင့် တင်ပြတောင်းဆိုကြသည်။

အဆိုပါ ခရီးစဉ်အတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ မြင့်ဟန်က ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအားပေးခဲ့ပြီး လိုအပ်သည်များကိုဖြည့်ဆည်းနိုင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။ စုရပ်စခန်းများတွင် ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိရန်နှင့် လိုအပ်သောဆေးဝါးများ ဖြည့်ဆည်းပံ့ပိုးပေးခဲ့ပြီးဆေးရုံများအတွက် လိုအပ်မည့် ဆေးဝါးများ ထပ်မံဖြည့်တင်းနိုင်ရေးနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မောင်တောဒေသအတွင်းရှိ အကြမ်းဖက်ဖြစ်စဉ်များကြောင့် လုံခြုံသောနေရာများတွင် ခေတ္တရောက်ရှိနေသော ပြည်သူ ၂၃၀၀ ကျော်အား ခေါက်ဆွဲခြောက်၊ ငါးခြောက်၊ အဝတ်အထည်၊ ခြင်ထောင်နှင့် ဆေးဝါးများကို လတ်တလောအနေဖြင့် ကူညီထောက်ပံ့မှုများ ပြုလုပ်ခဲ့ပြီး ထောက်ပံ့မှုများကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ မောင်တောဒေသပြည်သူများအား တွေ့ဆုံအားပေးစဉ်** (သတင်းစဉ်)

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်းစကားဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ဓာတ်ပုံ)**

ဆွေးနွေးပွဲသို့ လွှတ်တော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ အစိုးရအစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦး၊ တပ်မတော်အစုအဖွဲ့ ညီလာခံကိုယ်စားလှယ် ၁၅ ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ် ဆောင်ရွက်ကြပြီး ပထမနေ့ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် အကြံပြုချက်ဖော်ထုတ်ခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးမှု မူဘောင် ပြန်လည်သုံးသပ်ခြင်းများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစု ပင်လုံဆိုင်ရာ ပြန်လည်သုံးသပ်ခြင်းနှင့် ကြိုတင်ပြင်ဆင်ခြင်း စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကျောက်ဖြူမြို့နယ်၌ စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

ကျောက်ဖြူ ဩဂုတ် ၂၉

ကျောက်ဖြူမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းကျေးရွာ လေးရွာကို ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် စုစုပေါင်း ငွေကျပ်သန်း ၁၂၀ စီမံကိန်းရန်ပုံငွေလွှဲပြောင်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးရုံး၌ ဩဂုတ် ၂၂ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးက အမှာစကားပြောကြားပြီး ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်ခဲ့သည်။ ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အထိ မြစိမ်းရောင်ကျေးရွာ ၂၆ ရွာအား ရန်ပုံငွေကျပ်သန်း ၇၈၀ ထုတ်ချေးထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၉

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ Khon Kaen မြို့ရှိ AVANI Khon Kaen Hotel & Convention Center အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 5th Thailand-Myanmar High Level Committee Meeting သို့ တက်ရောက်သည်။**




**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး သဘောတူညီချက်များကို လက်မှတ်ရေးထိုးစဉ်** (သတင်းစဉ်)

အစည်းအဝေးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာ-ထိုင်းနှစ်နိုင်ငံသည် ခိုင်မာ၍ရှည်ကြာသော ဆက်ဆံရေးသမိုင်းအစဉ်အလာရှိခဲ့သည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ပြီး ယခုမျက်မှောက်ကာလသည် တပ်မတော်နှစ်ရပ်နှင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးအကောင်းဆုံး အချိန်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးများသည် တပ်မတော်နှစ်ရပ်အကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှုတို့ကို ပိုမိုအားကောင်းလာစေရန် တည်ဆောက်သွားနိုင်လိမ့်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း အဖွင့်အမှာစကားပြောကြားပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Surapong Suwana-adth က ဆက်လက်၍ အမှာစကားပြောကြားသည်။

ယင်းနောက် (၃၀)ကြိမ်မြောက် ဒေသဆိုင်ရာနယ်ခြားကော်မတီ အစည်းအဝေးရလဒ်များအား အမှတ်(၃) စစ်တိုင်းဒေသမှူး Lt. Gen. Vijak Siribunsop က လည်းကောင်း၊ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များအား HLC အတွင်းရေးမှူး Lt. Gen. Kumron Kearwichyajane ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 5th Thailand- Myanmar High Level Committee Meeting ဥက္ကဋ္ဌများဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာ အချက်အလက်များအား အတည်ပြုဆုံးဖြတ်ပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အစည်းအဝေးပိတ်ပွဲမိန့်ခွန်းများ ပြောကြား၍ ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး 5th Thailand-Myanmar High Level Committee Meeting သဘောတူညီချက်များကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်Gen.Surapong Suwana-adthက AVANI Khon Kaen Hotel & Convention Center ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ပဉ္စမအကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး 5th Thailand-Myanmar High Level Committee Meeting ၏ ပူးတွဲအတွင်းရေးမှူးအဖွဲ့ အစည်းအဝေးအား ဗန်ကောက်မြို့၌ ဩဂုတ် ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့ပြီး ထိုင်း-မြန်မာ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် ပညာရေးနှင့်လေ့ကျင့်ရေးဆိုင်ရာများ၊ စစ်ဘက်ဆေးပညာဆိုင်ရာကိစ္စရပ်များ၊ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ အားကစားပြိုင်ပွဲများကျင်းပရေး၊ တပ်မတော်ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်ရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချခြင်းများ တိုက်ဖျက်ရေး၊ အကြမ်းဖက်နှိမ်နင်းရေးနှင့် နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အား ဆွေးနွေးခဲ့ကြပြီး ဆဋ္ဌမအကြိမ်မြောက် မြန်မာ-ထိုင်း အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးအား ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✻ *ကျောဖုံးမှ*

ယင်းတိုက်ခိုက်မှုများ မဖြစ်ပေါ်မီကတည်းက အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထားသတ်ဖြတ်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်သည် ယခင်ဖြစ်စဉ်များနှင့် မတူကွဲပြားခြားနားကြောင်း၊ နိုင်ငံတစ်ဝန်းလုံးနှင့် ပြင်ပသို့ ပျံ့နှံ့ထိခိုက်နိုင်သည့် အသွင်လက္ခဏာဆောင်နေကြောင်း၊ နိုင်ငံတော်အစိုးရနှင့် နိုင်ငံတကာအသိုက်အဝန်းမှ ရခိုင်ပြည်နယ် အေးချမ်းတည်ငြိမ်သာယာဝပြောရေးအတွက် ကြိုးပမ်းအားထုတ်နေမှုများကို ထိခိုက်ပျက်စီးစေရန် အကွက်ကျကျဖြင့် စီစဉ်ဆောင်ရွက်နေသည်မှာ ထင်ရှားကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အကြမ်းဖက်ဝါဒကို တုံ့ပြန်တိုက်ဖျက်ရန် သန္နိဋ္ဌာန်ချထားကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အစိုးရ၏ လက်ရှိဆောင်ရွက်နေသည့် ကြိုးပမ်းအားထုတ်မှုများမှာ လမ်းကြောင်းသွေဖည်သွားမည်မဟုတ်ကြောင်း ပြောကြားသည်။




ထို့ပြင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အပေါ် ကျရောက်လာသည့် အကြမ်းဖက် တိုက်ခိုက်မှုမုန်တိုင်းကို ကာကွယ်တုံ့ပြန်သွားရန် အချုပ်အခြာအာဏာနှင့် လုပ်ပိုင်ခွင့်ရှိကြောင်း၊ ထိုသို့ ပြန်လည်တုံ့ပြန်ရာတွင် အပြစ်မဲ့ပြည်သူများ ကြားညပ်သေကျေပျက်စီးမှုမရှိစေရန် အဖြစ်နိုင်ဆုံး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များ၏ သက်ဆိုင်ရာနယ်မြေများ အေးချမ်းတည်ငြိမ်မှု ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများကို အားလုံးမှ ဝိုင်းဝန်းပူးပေါင်းကူညီကြပါရန်လည်း မေတ္တာရပ်ခံကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ယခုတိုက်ခိုက်မှုဖြစ်စဉ်အရ အကြမ်းဖက်သမားများသည် မောင်တောနှင့် ဘူးသီးတောင်တစ်ဝိုက်အား အစ္စလာမ်နိုင်ငံအဖြစ် ဖန်တီးတည်ထောင်ရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို ထင်ရှားစွာပြသလျက်ရှိကြောင်း၊ သို့ဖြစ်၍ ၎င်းတို့က ၎င်းဒေသတစ်ဝိုက်ရှိ ရပ်ကွက်နှင့်ကျေးရွာအစိုးရအုပ်ချုပ်ရေးယန္တရားများကို ပျက်ယွင်းအောင်ဆောင်ရွက်နေကြောင်း၊ ရဲတပ်ဖွဲ့များအနေဖြင့် ဒေသခံပြည်သူများအား အဓိက ကာကွယ်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုအန္တရာယ် ပိုမိုမြင့်တက်လာသည့် အခြေအနေအရ တပ်မတော်အင်အားကိုပါ ဖြည့်တင်းပူးပေါင်းကူညီပေးရန် မေတ္တာရပ်ခံခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ထမ်းဆောင်ရာတွင် ၎င်းတို့ လိုက်နာစောင့်ထိန်းရသည့် ကျင့်ဝတ်နှင့်ဥပဒေတို့ကို အလေးထားလိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဩဂုတ် ၂၅ ရက်မှ ၂၈ ရက်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ပတ်သက်သည့် ဖြစ်စဉ်အသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ် ဝင်းထွန်းက ဆက်လက်ရှင်းလင်းသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့က တက်ရောက်လာသူများ၏ မေးခွန်းများကိုဖြေကြားခဲ့ပြီး ရှင်းလင်းပွဲကို မွန်းလွဲ ၂ နာရီ ၃၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

ရှင်းလင်းပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်တို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြပြီး ဖိတ်ကြားထားသည့် ရန်ကုန်မြို့ အခြေစိုက်နိုင်ငံခြားသံရုံးများမှ အကြီးအကဲများနှင့် သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ARSA** အကြမ်းဖက်သမားများ လက်နက်ငယ်ပစ်ခတ်ရန် လေ့ကျင့်နေမှု



အစွန်းရောက်အကြမ်းဖက်သမားများက တုတ်၊ ဓားလက်နက်များ ကိုင်ဆောင်၍ ရဲကင်းစခန်းများအား ဝိုင်းဝန်း၍ အကြမ်းဖက်တိုက်ခိုက်မှု

# မြန်မာ-ဂျပန် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဂျပန်အောက်လွှတ်တော်ကိုယ်စားလှယ်နှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌဖြစ်သူ Mr. Kozo YAMAMOTO ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ယင်းနောက် Mr. Kozo YAMAMOTO က ရခိုင်ဒေသတွင်ဖြစ်ပေါ်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များနှင့် အရပ်သားပြည်သူများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများအား ပြင်းထန်စွာရှုတ်ချပါကြောင်း၊ မည်သို့မျှ လက်ခံနိုင်ဖွယ်ရာမရှိသည့် ကိစ္စရပ်ဖြစ်ပါကြောင်း၊ နစ်နာခဲ့သည့် မိသားစုဝင်များအတွက်လည်း ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း၊ အရပ်သား ပြည်သူများအား အကာအကွယ်ပေးရန်နှင့် ရခိုင်ဒေသပြန်လည်လုံခြုံမှုရှိရေးအတွက် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ ရခိုင်ဒေသ အကြမ်းဖက်တိုက်ခိုက်ခံရမှုအတွက် ဂျပန်အစိုးရအနေဖြင့် ပြစ်တင်ရှုတ်ချကြောင်း ကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အစည်းအဝေးကျင်းပ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခွင့်ပြုမိန့်သုံးခုနှင့် အတည်ပြုမိန့်ရှစ်ခု ခွင့်ပြုပေးခဲ့



**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ တင်ပြလာသည့် အဆိုပြုချက်များအပေါ် ဆွေးနွေးစိစစ်မှုပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံ မှုကော်မရှင်၏ (၁၂/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး၌ ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံသူက တင်ပြလာသော အဆိုပြုလွှာများ၊ အတည်ပြုမိန့် လျှောက်ထားလွှာများအား စိစစ်ခြင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့် ရရှိပြီးသော ကုမ္ပဏီများမှ တင်ပြလာသည့် အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၂/၂၀၁၇) ကြိမ်မြောက်အစည်းအဝေးက အဆိုပြုလွှာတင်ပြလာသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ခွင့်ပြုမိန့် သုံးခုနှင့် အတည်ပြုမိန့် ရှစ်ခု ခွင့်ပြုပေးခဲ့ကြောင်း၊ အစည်းအဝေးက ခွင့်ပြုလိုက်သော ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၀ ဒသမ ၇၁၀ သန်းနှင့် မြန်မာကျပ်ငွေ ၂၈၆၇ ဒသမ ၅၆ သန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ရှေ့ဖုံးမှ*

သတင်းစာရှင်းလင်းပွဲတွင် ဗိုလ်ချုပ်အောင်ရဲဝင်းက ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများ၏ နောက်ခံသမိုင်းနှင့်ပတ်သက်၍ ဗြိတိသျှကိုလိုနီခေတ်တွင် ဘင်္ဂလားနယ်နှင့် စစ်တကောင်းနယ်များမှ ဘင်္ဂါလီများ စတင်ဝင်ရောက်လာခြင်း၊ ဘင်္ဂါလီများနှင့် ဒေသခံရခိုင်တိုင်းရင်းသားများအကြား ပဋိပက္ခဖြစ်ပွားမှု၊ ၂၀၁၂ ခုနှစ်၊ ရခိုင်-ဘင်္ဂါလီ ပဋိပက္ခဖြစ်ပွားမှု၊ ၂၀၁၆ ခုနှစ် ဘင်္ဂါလီအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့် ဖြေရှင်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၁၇ ခုနှစ်ဩဂုတ်လ ယခုဖြစ်စဉ် ဖြစ်ပွားသည့်အချိန် ကြားကာလအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များ ဦးတည်လုပ်ဆောင်လာမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်စိုးနိုင်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှစ၍ လုပ်ဆောင်လာသည့်အကြမ်းဖက်ဖြစ်စဉ်များ၊ လက်ရှိအချိန်အထိ နေ့အလိုက်ဖြစ်စဉ်များ၊ ARSA အစွန်းရောက်အကြမ်းဖက်သမားများက အင်အားသုံး၍ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ခုခံကာကွယ်နိုင်ရန် လိုအပ်ချက်အရ တပ်မတော်က ပူးပေါင်းကာကွယ်လုပ်ဆောင်နေသည့် အခြေအနေများကို လည်းကောင်း၊ ဗိုလ်ချုပ်သန်းထွဋ်သိန်းက အကြမ်းဖက်ဖြစ်စဉ်များနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် သုံးသပ်လုပ်ဆောင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။



ရခိုင်ပြည်နယ်မြောက်ခြမ်း၌ ဩဂုတ်လအတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များနှင့်ပတ်သက်၍ တပ်မတော်သတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်

ယင်းနောက် ဩစတြေးလျနိုင်ငံ စစ်သံမှူး Col. Paul Andrew Bruce က Search and Raid Operation လုပ်ရာတွင် မည်သည့်အင်အားအချိုးအစားနှင့် လုပ်သည်ကိုသိလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံစစ်သံမှူး Brig.General Rashedul Mannan က အကြမ်းဖက်ကိစ္စရပ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း၊ အမေရိကန်နိုင်ငံစစ်သံမှူး Col. Craig J. Tippins က Search and Raid ပြုလုပ်ရာတွင် တချို့ရွာသားများအနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းများဘက်သို့ ကူးပြောင်းရောက်ရှိနိုင်မှုကို သတိထားရန်လိုအပ်ကြောင်း ဆွေးနွေးမေးမြန်းကြသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဦးတင်မောင်အေးက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေးခေါ်ယူခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ Bullet ဂျာနယ်မှ ဦးလှဆွေက ဂျီနီဗာကွန်ဗင်းရှင်းနှင့်ပတ်သက်၍လည်းကောင်း၊ News Watch ဂျာနယ်မှ ဦးမောင်မောင်ထွန်းက အကြမ်းဖက်ဖြစ်စဉ်တွင် NGO ၊ INGO အဖွဲ့အစည်းများ ပါဝင်ပတ်သက်မှုများကို လည်းကောင်း မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှာကြားချက်များထပ်ဆင့်ရှင်းလင်း

**မုံရွာ ဩဂုတ် ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲကို ဩဂုတ် ၂၆ ရက်က မုံရွာမြို့ရှိ တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်က ထပ်ဆင့်ရှင်းလင်းမှာကြားပြီး မြန်မာနိုင်ငံ တရားသူကြီးများအတွက် တရားစီရင်ရေးကျင့်ဝတ်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုး မောင်နှင့် ဒေါ်ချယ်ရီကြည်တို့က တရား စီရင်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးမှာကြားကာ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်စုစုဝင်းက ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားရုံးများနှင့် မြို့နယ်တရားရုံးများမှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ခဲ့ကြသည်။

**မောင်အေးချမ်း**

# ဆွာမြို့တွင် လူနေရပ်ကွက်များနှင့် ရန်ကုန်-မန္တလေးကားလမ်း ရေကျော်နေ

**ရေတာရှည် ဩဂုတ် ၂၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တွင် ဩဂုတ် ၂၉ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းငယ်၊ မြောင်းငယ်များ ရေပြည့်လျှံကာ လူနေရပ်ကွက်များနှင့် ဈေးဆိုင်ခန်းများ၊ ဆွာမြို့(အထက)ကျောင်းဝင်းအတွင်း ရေများ ဝင်ရောက်လျက်ရှိသည့်အပြင် ရန်ကုန်-မန္တလေးကားလမ်းတွင် ရေကျော်လျက်ရှိသည်ကို တွေ့ရှိရသည်။

ဆွာမြို့တောင်ပိုင်းရှိ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)၊ ၄(ခ) ရပ်ကွက်များအပြင် ဆွာမြို့မြောက်ပိုင်းရှိ အမှတ်(၅)၊ အမှတ်(၆) ရပ်ကွက်များတွင် ရေ နှစ်ပေမှ သုံးပေအထိ ဝင်ရောက်လျက်ရှိပြီး ဆွာမြို့တောင်ဘက်အထွက် အထကကျောင်းရှေ့မှ မြောက်ပိုင်း အမှတ်(၆) ရပ်ကွက်ထိပ်အထိ ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် ရေလေးလက်မမှ ခြောက်လက်မအထိ ဖြတ်ကျော်လျက်ရှိသော်လည်း ယာဉ်အသွားအလာမှာ ပုံမှန်အတိုင်း သွားလာနိုင်ကြသည်ကို တွေ့ရှိရသည်။

**ကိုလွင်(ဆွာ)**

# တိုင်းရင်းဆေးပညာရှင်များအပါအဝင် မည်သူမဆို အမှန်တကယ်ထိုက်တန်ပါက ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များအဖြစ် ခန့်အပ်ပေးသွားမည်

**နေပြည်တော် ဩဂုတ် ၂၉**
မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာ ဦးမောင်သင်း၏ **"တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ 'စံပြုကိုးကားနိုင်သည့် ဒီအင်အေ မျိုးရိုးဗီဇ ဖွဲ့စည်းမှုမှတ်တမ်း' ဆောင်ရွက်ထားရှိရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆို**ကို လွှတ်တော်က မှတ်တမ်းထားရှိမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့တွင် လွှတ်တော်က ထိုသို့ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုနှင့်စပ်လျဉ်း၍ **တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်လင်းဦး**က ကမ္ဘာ့နိုင်ငံတိုင်းတွင် မိမိတစ်မျိုးသားလုံး၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ထိန်းသိမ်းလုပ်ဆောင်နေကြပါကြောင်း၊ မြန်မာနိုင်ငံကဲ့သို့ ကိုယ်ပိုင်ယဉ်ကျေးမှုများရှိပြီး အမျိုးဂုဏ်မြင့်မားသည့် ပြည်ထောင်စုနိုင်ငံအနေဖြင့် တိုင်းရင်းသားများ၏ တည်ရှိမှုများနှင့် ယဉ်ကျေးမှုများကို အရှည်တည်တံ့မည့်တာဝန်သည် အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေ မျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်းထားရှိခြင်းသည် အမျိုးသားရေးတာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်း ဖြစ်ပါကြောင်း၊ တိုင်းရင်းသား လူမျိုးတစ်မျိုးချင်းစီ၏ စံပြုကိုးကားနိုင်သည့် ဒီအင်အေ မျိုးရိုးဗီဇဖွဲ့စည်းမှုမှတ်တမ်းထားရှိခြင်းသည် ပညာရပ်ပိုင်းဆိုင်ရာ ရှုထောင့်မှ အမျိုးသားလုံခြုံရေး တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်း ဖြစ်ပါကြောင်း။

အချို့နိုင်ငံများ၏ မျိုးရိုးဗီဇစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ သုတေသနများတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့လက်အောက်ရှိ ပညာရှင်များက ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး မျိုးရိုးဗီဇစစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများ၊ သုတေသနများကို နိုင်ငံအချို့၏ တက္ကသိုလ်များတွင် သွားရောက်ကာ လေ့လာဆောင်ရွက်နေကြပြီ ဖြစ်ပါကြောင်း၊ အဆိုသည် မျက်မှောက်ကာလ၏ တိုးတက်ဖွံ့ဖြိုးလာသည့် ခေတ်သစ်နည်းပညာများကို အသုံးပြုကာ ပြည်ထောင်စုဖွား တိုင်းရင်းသားများ၏ ဝိသေသလက္ခဏာများကို Genetic Level အထိ အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိရေး ဆောင်ရွက်ရန် တိုက်တွန်းခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး



သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး

အလားတူ ဇာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်၊ ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်နှင့် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းတို့က အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အဆိုအား မှတ်တမ်းထားရှိသင့်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြသည်။

အစည်းအဝေးတွင် သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ်ရာထူးတာဝန်များနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးနေရာအဆင့်ဆင့်တွင် တိုင်းရင်းဆေးပညာရှင်များအား ဖြည့်ဆည်းခန့်ထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးပညာ ဦးစီးဌာနတွင် မည်သူကို ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ပါမောက္ခချုပ်အဖြစ် ခန့်အပ်မည်ဟု မူသေသတ်မှတ်ထားခြင်းမဟုတ်ဘဲ လုပ်ငန်းတာဝန်များကို နိုင်နိုင်နင်းနင်း ထမ်းဆောင်နိုင်မှု၊ ပညာအရည်အချင်း၊ စိတ်ဓာတ်၊ လုပ်သက်၊ လုပ်ငန်းကျွမ်းကျင်မှု စသည့်အချက်များအပေါ်အခြေခံ၍ ဖြစ်သင့်သူကို ရွေးချယ်ခန့်အပ်လျက်ရှိပါကြောင်း။

သို့ဖြစ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်၏ စိတ်ဓာတ်၊ အရည်အချင်းနှင့် တာဝန်ယူနိုင်မည့် အနေအထားအရ တိုင်းရင်းဆေးပညာရှင်များအပါအဝင် မည်သူမဆို အမှန်တကယ် ထိုက်တန်ပါက ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များအဖြစ် ခန့်အပ်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ လစ်လပ်လျက်ရှိသော ရာထူးနေရာအဆင့်ဆင့်တွင် တိုင်းရင်းဆေးပညာရှင်များနှင့် သီးသန့်သက်ဆိုင်သော ရာထူးနေရာများတွင် တိုင်းရင်းဆေးပညာရှင်များ ခန့်ထားပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ၏ **ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်ဆေးရုံမှ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာနေထိုင်နိုင်ရန် နေအိမ်၊ အဆောက်အအုံများ ဆောက်လုပ်ပေးရန်နှင့် လေးတောင်တိုက်နယ်ဆေးရုံအား ပိုမိုကောင်းမွန်သော အုတ်တံတိုင်းကာရံပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနအနေဖြင့် လေးတောင်တိုက်နယ် ဆေးရုံအတွက် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အဆင်ပြေစွာ နေထိုင်နိုင်ရန် နေအိမ်၊ အဆောက်အအုံများနှင့် အုတ်တံတိုင်း ခြံစည်းရိုးကာရံပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ နှစ်စဉ် စီမံကိန်းများတွင် ရန်ပုံငွေအဆိုပြု တင်ပြတောင်းခံပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက လည်းကောင်း၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်နှင့် ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

# ချောင်းဆုံမြို့နယ် သင်္ကြောကျေးရွာနှင့် ကလွီကျေးရွာတို့မှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေးဆောင်ရွက်ပေးမည်

**နေပြည်တော် ဩဂုတ် ၂၉**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ သင်္ကြောကျေးရွာနှင့် ကလွီကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) တို့ကို အခြေခံပညာအထက်တန်းကျောင်းများအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၌ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပညာရေးဝန်ကြီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း သတ်မှတ်ကျောင်းသားဦးရေ ပြည့်မီမှုသတ်မှတ်ချက်အရ ၄၁၂ ကျောင်း၊ ဖြေလျှော့၍ ဆောင်ရွက်ပေးခဲ့သည့် ကျောင်း ၄၆၈၇ ကျောင်း စုစုပေါင်း အခြေခံကျောင်းပေါင်း ၅၀၉၉ ကျောင်းကို ကျောင်းအဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ တိုးမြှင့်ဆောင်ရွက်ပေးရာတွင် ချောင်းဆုံမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) တစ်ကျောင်းသာ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် သင်္ကြောကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် ကလွီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များအတွက် သတ်မှတ်ချက်များ ဖြေလျှော့ပေး၍ လာမည့်



ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း

၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ကျောင်းအဆင့်တိုးမြှင့်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ **ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ် ဟသ်ာတနည်းပညာတက္ကသိုလ်ကို တက္ကသိုလ်အဆင့်နှင့် လျော်ညီစေရန် ကျောင်းအဝင်မုခ်ဦး တည်ဆောက်ပေးရန်၊ ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်းခင်းပေးရန်နှင့် တက္ကသိုလ်ဝင်း ခြံစည်းရိုးအုတ်တံတိုင်း ကာရံပေးရန်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နယ်၊နတ်မောက်ကျေးရွာတွင် ဖွင့်လှစ်ထားသော ဟသ်ာတနည်းပညာတက္ကသိုလ်၌ ယခုပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူ ဦးရေ ၁၄၁၀ နှင့် ဝန်ထမ်းဦးရေ ၁၅၂ ဦးရှိပါကြောင်း၊ အဆောက်အအုံများအနေဖြင့် ခြောက်ခန်းတွဲတစ်ထပ် ဝန်ထမ်းအိမ်ရာ နှစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်ဝန်ထမ်းအိမ်ရာတစ်လုံး၊ သံကူကွန်ကရစ်တစ်ထပ် အလုပ်ရုံတစ်လုံး၊ သံကူကွန်ကရစ်သုံးထပ် စာသင်ဆောင် တစ်လုံး၊ အုတ်ညှပ်တစ်ထပ်ဝန်ထမ်းအိမ်ရာ ၁၀ လုံး၊ အုတ်ညှပ် တစ်ထပ်ကျောင်းအုပ်နေအိမ်တစ်လုံး၊ အုတ်ညှပ်တစ်ထပ်ဆရာ၊ ဆရာမဆောင်နှစ်လုံးနှင့် Brick Piller တစ်ထပ်စာသင်ဆောင် တစ်လုံး စသည်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၆၀ ဆံ့ အိပ်ဆောင်တစ်လုံး ထပ်မံဆောက်လုပ်လျက်ရှိပါကြောင်း။

ဟသ်ာတနည်းပညာတက္ကသိုလ်တွင် ၁၆၀ ဆံ့ ကျောင်းသား ကျောင်းသူ အိပ်ဆောင်တစ်လုံး တည်ဆောက်ခြင်း၊ ကျောင်းအဝင်မုခ်ဦး တည်ဆောက်ခြင်း၊ ကျောင်းအဝင်လမ်းအား ကွန်ကရစ်လမ်းခင်းခြင်းနှင့် တက္ကသိုလ်ဝင်းခြံစည်းရိုး အုတ်တံတိုင်းကာရံပေးခြင်းများအတွက် လိုအပ်သော ရန်ပုံငွေကို ယခုနှစ် ရန်ပုံငွေတွင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာ ရေဝတီတိုင်း လူမှုရေးဝန်ကြီးနှင့် ညှိနှိုင်း၍ ရန်ပုံငွေသတ်မှတ်ဆောင်ရွက်ပေးပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကရင်ပြည်နယ်



မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဌေး

မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးနိုင်သီဟနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်းတို့၏ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးခင်မျိုးဝင်းက **မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းနှင့် ရေလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် ငါးနှင့် ရေသယံဇာတများမှ ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊ မြန်မာ့ရေသယံဇာတများ ထိန်းသိမ်းနိုင်ရန် မြန်မာ့ပင်လယ် ကမ်းနီးကမ်းဝေးမှ ဖမ်းဆီးရရှိလာသော ငါးနှင့် ရေသယံဇာတများကို စစ်ဆေးရေးဂိတ်များရှိသော ငါးတင်/ ငါးချ ဆိပ်ကမ်းများပေါ်တွင် တင်ဆောင်ပြီး သေချာစိစစ်ကြပ်မတ်စစ်ဆေး မှတ်တမ်းတင်ပြီးမှသာ စက်ရုံ သို့မဟုတ် ပြည်ပသို့ FOB, CIF ကဲ့သို့သော ငါးသယ်လေ့များဖြင့် ပို့ဆောင်ခွင့်ပြုရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုတင်သွင်းရာတွင် ၎င်းက ရည်ရွယ်ချက်အနေဖြင့် ငါးနှင့် ရေသယံဇာတများမှ အခွန်အခများ ပိုမိုရရှိရန်၊ ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိရန်၊ အချက်အလက်မှန်ကန်သော သုတေသနလုပ်ငန်းများ ပြုလုပ်နိုင်ရန်၊ သုတေသနလုပ်ငန်းများမှ ငါးနှင့်သယံဇာတကို ထိန်းသိမ်းနိုင်ရန်၊ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းပိုမိုရရှိရန်နှင့် ဝင်ငွေတိုးတက်လာစေရန်၊ ပြည်ပပို့ကုန်အတွက် Catch Certificate (ခေါ်) တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော တရားဝင်စာရွက်စာတမ်းများ ထုတ်ပေးနိုင်ရန်၊ ငါးဖမ်းလုပ်ငန်းအတွက် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ EU ကဲ့သို့သော နိုင်ငံများက သတ်မှတ်ထားသော တရားမဝင်ဖမ်းဆီးခြင်း၊ သတင်းပို့ရန် ပျက်ကွက်ခြင်း ပုံမှန်မဟုတ်သော စည်းကမ်းမဲ့ ဝင်ရောက်ငါးဖမ်းခြင်း၊ Illegal Unreported and Unregutated Fishing (IUU Fishing) ပြုလုပ်သည့် ငါးဖမ်းခြင်းမှ ကာကွယ်နိုင်ရန် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများတွင် ရေပြင်နယ်နိမိတ်အကျယ်ဆုံးနိုင်ငံ ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ရေ၊ မြေရာသီဥတု တူညီသည့် ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ၏ ရေထွက်ပစ္စည်းများ၏ ပို့ကုန်တန်ဖိုးများကို လေ့လာကြည့်မည်ဆိုပါက ထိုင်းနိုင်ငံသည် ၂၀၁၆/ ၂၀၁၇ခုနှစ်တွင် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှ ရရှိသည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၇၅၀၀ ရှိပြီး ၂၀၂၀ထိ မျှော်မှန်းချက်မှာ အမေရိကန်ဒေါ်လာသန်း ၁၂၀၀၀ ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ရေထွက်ပစ္စည်း ပြည်ပပို့ကုန်မှ ရရှိသည့်ဝင်ငွေမှာ အမေရိကန်ဒေါ်လာသန်း ၇၁၀၀ ရှိပြီး ၂၀၂၀ထိ မျှော်မှန်းချက်မှာ အမေရိကန် ဒေါ်လာ သန်း ၁၁၀၀၀ ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းပြည်ပသို့ ပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၆၀၅ ဒသမ ၈၂ သန်းသာရှိ၍ ၁၀ ဆခန့် နည်းနေပါကြောင်း။

နိုင်ငံတကာနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် အနည်းဆုံး ထိုင်းနှင့်ဗီယက်နမ်နိုင်ငံများကို အမီလိုက်နိုင်ရန် နိုင်ငံတကာတွင် လိုက်နာကျင့်သုံးနေသော နည်းစနစ်များကို ကျင့်သုံးဆောင်ရွက်မှသာလျှင် တိုးတက်အောင်မြင်မည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယင်းအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၅၂ ရက်မြောက်နေ့ကို ဩဂုတ် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊**
**အေးအေးသန့် (သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများက နေအိမ်များအားမီးရှို့ဖျက်ဆီး၊ လက်လုပ်မိုင်းများဖောက်ခွဲ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်မှုများဖြစ်ပွား

**နေပြည်တော်  ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက အကြမ်းဖက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဩဂုတ် ၂၇ ရက်တွင် နံ့သာတောင်ကျေးရွာ ဈေးအတွင်းရှိ တိုင်းရင်းသားဈေးဆိုင်ခန်းနှစ်ခန်းအား မီးရှို့ဖျက်ဆီးခြင်း၊ နံ့သာတောင် ဘုန်းတော်ကြီးဝင်းအတွင်းရှိ စေတီမှဘုရားဆင်းတုတော်တစ်ဆူ၊ ဂြိုဟ်တိုင်ရုပ်လေးရုပ်နှင့် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ပစ္စည်းများအား ဖျက်ဆီးခြင်း၊ နံ့သာတောင်ကျေးရွာ ရဲကင်းစခန်းအိပ်ဆောင်အား ဖျက်ဆီးခြင်း၊ ကွမ်းသီးပင်ချောင်းဝစခန်းအား မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်(ရခိုင်ရွာ)မှ မောင်တောမြို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်စဉ် ကိုးတန်ကောက် (ဘင်္ဂါလီရွာ)အတွင်းမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများက လက်လုပ်မိုင်း၊ လုပ်သေနတ်များဖြင့် ချောင်းမြောင်းပစ်ခတ်ပြီး ကျေးရွာအား မီးရှို့ဖျက်ဆီးကာ အင်အား ၃၀၀ ခန့်သည် ရွာ၏အရှေ့ဘက် မေယုတောင်ကြောပေါ်သို့ ထွက်ပြေးသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာအား ဝင်ရောက်ရှင်းလင်းရာ ကားလမ်းနှင့် လူသွားလမ်းတွင် ထောင်ထားသည့် လက်လုပ်မိုင်းသုံးလုံးကို ဖော်ထုတ်တွေ့ရှိခဲ့ပြီး လုပ်သေနတ်တစ်လက်၊ ဓားရှည်တစ်လက်၊ ဘက်ထရီတစ်လုံး၊ ဝိုင်ယာကြိုးကိုက် ၁၀၀ ပါ သုံးခွေ၊ ပွိုင့် ၃၀၃ ရိုင်ဖယ်ကျည်ဆန် ၁၅ တောင့် တို့ကို သိမ်းဆည်းရမိခဲ့သည်။

ရသေ့တောင်မြို့နယ် လမ်းဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ ဦးဖြိုးမင်းထွန်းနှင့် နေ့စားဝန်ထမ်းသုံးဦးသည် ဩဂုတ် ၂၈ ရက် မွန်းလွဲပိုင်းတွင် ကိုးတန်ကောက်ကျေးရွာမှ ချိန်ခါလီကျေးရွာသို့ ဖြတ်သန်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ သေနတ်ဖြင့်ပစ်ခတ်မှုကြောင့် နေ့စားဝန်ထမ်း ဦးမောင်သိန်းအောင်မှာ လက်နက်ငယ်ဒဏ်ရာအချို့ရရှိခဲ့သဖြင့် ၎င်းအား စစ်တွေဆေးရုံသို့ ပို့ဆောင်၍ ကုသလျက်ရှိသည်။


လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုးတန်ကောက် (ဘင်္ဂါလီရွာ)အား ဝင်ရောက်ရှင်းလင်းရာမှသိမ်းဆည်းရမိသည့် ပစ္စည်းများ

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁ နာရီခွဲခန့်တွင် မောင်တောမြို့နယ် မောင်နီကျေးရွာအနီး၌ စောင့်ဆိုင်းနေစဉ် မောင်တောမြို့ မြို့မတောင်ရပ်ကွက်နေ ရော်ဟီးမူလ္လာ (၃၀နှစ်) နှင့် မောင်နီကျေးရွာနေ ဆေရာ ဇူဟောင် (၁၉ နှစ်) တို့ နှစ်ဦးကိုတွေ့ရှိသဖြင့် စစ်ဆေးရာ ငှက်ကြီးတောင်ဓားတစ်လက်၊ နှစ်ဖက်သွား ဓားဦးချွန်တစ်လက်၊ WY စိတ်ကြွရူးသွပ်ဆေးပြား ၃၁ ပြား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသုံး ဆင်းကတ်ပါ တယ်လီဖုန်းတစ်လုံးအပါအဝင် အခြားလက်ကိုင်ဖုန်းနှစ်လုံးနှင့် အခြား ဆက်စပ်ပစ္စည်းများ၊ ငွေစက္ကူမျိုးစုံ ၁၂၂၃၅၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် စစ်ဆေးလျက်ရှိသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ဇင်ပိုင်ညာကျေးရွာထိပ်တွင် နေအိမ်လေးလုံးအား မီးရှို့ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းကျေးရွာနှင့် ရွာသစ်ကျေးရွာကြား၌ နယ်မြေရှင်းလင်းစဉ် လက်လုပ်မိုင်းနှစ်လုံး ပေါက်ကွဲခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း၊ အလားတူ ကျောက်လှေကားကျေးရွာ ဗလီအနီး၌ သေနတ်များ၊ တုတ်၊ ဓား၊ လက်နက်များပါရှိသော ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀၀ ခန့် စုရုံးရောက်ရှိလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့အမှတ် (၅) ရပ်ကွက် ရုပ်ရှင်ရုံလမ်းကြားတွင် ဘင်္ဂါလီနေအိမ်မှ မီးစတင်လောင်ကျွမ်းခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးသတ်ယာဉ်လေးစီးဖြင့် မီးငြှိမ်းသတ်ခဲ့ရသည်။ မီးလောင်မှုကြောင့် ဘင်္ဂါလီနေအိမ်လေးလုံး၊ ဈေးဆိုင်ခန်းတစ်ခန်းဆုံးရှုံးခဲ့ကြောင်းနှင့် ယင်းဖြစ်စဉ်မှာ ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့မှ မီးရှို့ခဲ့ခြင်းဖြစ်ပြီး မဟုတ်မမှန်သတင်းများ ဖြန့်ချိရန်လုပ်ကြံခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ် နယ်မြေ (၅) နတလကျောင်း မြောက်ဘက်ရှိ ဘင်္ဂါလီနေအိမ်မှ စတင်မီးလောင်ကျွမ်းမှုကြောင့် ဘင်္ဂါလီနေအိမ်ငါးလုံး မီးလောင်ကျွမ်းခဲ့သည်။

အလားတူ မောင်တောမြို့ ကျီးကန်းပြင်တောင်ရွာအနီး ရွာသစ်ကေကျေးရွာရှိ ဘင်္ဂါလီနေအိမ်များအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ခဲ့သဖြင့် နေအိမ်များ မီးလောင်စဉ် အဆိုပါနေအိမ်များအတွင်းမှ ဗုံးလေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့ကြောင်းနှင့် အကြမ်းဖက်အဖွဲ့သည် လက်လုပ်ဗုံးများထောင်ပြီး အိမ်များကိုမီးရှို့ကာ မီးငြှိမ်းသတ်မည့် လုံခြုံရေးအဖွဲ့ဝင်များအား သေကျေဒဏ်ရာရရှိအောင် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။


မောင်တောမြို့အမှတ်(၅)ရပ်ကွက်  ရုပ်ရှင်ရုံလမ်းကြား၌ နေအိမ်များ  မီးလောင်နေမှုကိုတွေ့ရစဉ်

ထို့ပြင် နယ်မြေ (၂) တမန်းသားကျေးရွာ စေတီနောက် (ပါလီခါရာဆာလာ) ဘင်္ဂါလီရွာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမားများမှ ဆွဲမိုင်းဖြင့် တိုက်ခိုက်ပြီး ရွာတွင်းရှိနေအိမ်များအား မီးရှို့ထွက်ပြေးသဖြင့် လိုက်လံရှင်းလင်းလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် မောင်တောမြို့ မြို့မကညင်တန်းအုပ်စု ဒီပါယာကျေးရွာရှိ ဘင်္ဂါလီနေအိမ်မှ မီးစတင်လောင်ကျွမ်းမှုကြောင့် ဘင်္ဂါလီနေအိမ်လေးလုံး၊ ဟိန္ဒူနေအိမ် ငါးလုံး စုစုပေါင်း ကိုးလုံး မီးလောင်ကျွမ်းခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၀ ခန့်သည် အင်းဒင်နယ်မြေရုံးအား လာရောက်တိုက်ခိုက်သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ရာ အကြမ်းဖက်သမားများသည် အရှေ့ဘက် မေယုတောင်ပေါ်သို့ ထွက်ပြေးသွားခဲ့သည်။

ညနေပိုင်းတွင် ပြင်ဖြူကျေးရွာအုပ်စု ရွာသစ်ကျေးရွာတွင် ဘင်္ဂါလီနေအိမ် တစ်လုံးအား ARSA အစွန်းရောက်အကြမ်းဖက်သမားများက မီးရှို့ထွက်ပြေးပြီးနောက် ၎င်းရွာတွင် လက်လုပ်မိုင်းလေးလုံး ဆက်တိုက်ပေါက်ကွဲခဲ့သည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားဖြစ်သည့် မကျီးချောင်းနယ်မြေရုံး၊ ပဒင်းကျေးရွာအုပ်စုနှင့် ရေဖုန်းပြင်ကျေးရွာမှ ၁၅၀ ခန့်နှင့် ဘဂုံးနားရွာနှင့် ပန်းတောပြင်ရွာမှ ၁၀၀ ခန့်သည် ပိုက်ဆိပ်ရွာတွင်ရှိသော ၁၀၀ ခန့်နှင့် လာရောက်ပူးပေါင်းပြီး ပိုက်ဆိပ်ရွာအတွင်းရှိ နေအိမ်များအား မီးရှို့လျက်ရှိကြောင်းနှင့် မကျီးချောင်းနယ်မြေရဲစခန်းအား ARSA အစွန်းရောက်အကြမ်းဖက်သမား ၅၀၀ ခန့်မှ လာရောက်ဝိုင်းထားကြောင်း သိရသည်။

မောင်တောမြို့ နတလကျောင်း မြောက်ဘက်ရှိ ဘင်္ဂါလီနေအိမ်တွင်လည်း မီးလောင်နေကြောင်းနှင့် နွားရုံတောင်ကျေးရွာဘက်မှ ARSA အစွန်းရောက် အကြမ်းဖက်သမား ၅၀၀ ခန့်သည် ပြဿဒ်ရဲစခန်းဘက်သို့ တုတ်၊ ဓား ၊ လက်နက်များကိုင်ဆောင်၍ အော်ဟစ်စုဝေးသွားလာလျက် ရှိကြောင်း သိရသည်။

အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှု အဖွဲ့မှူးရုံး ကျီးကန်းပြင်ဌာနချုပ်သို့ မောင်တောမြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာများဖြစ်သည့် အောင်မင်္ဂလာ ကျေးရွာမှ အိမ်ထောင်စု ၃၀၊ လူဦးရေ ၈၁ ဦး၊ အောင်ဇေယျကျေးရွာမှ အိမ်ထောင်စု ၂၃ စု ၊ လူဦးရေ ၇၁ ဦး၊ အောင်သာယာကျေးရွာမှ အိမ်ထောင်စု ၇၆ စု ၊ လူဦးရေ ၁၆၉ ဦးနှင့် ပြဿဒ်ကျေးရွာမှ အိမ်ထောင်စု ၃၆ စု ၊ လူဦးရေ ၁၁၉ ဦး တို့သည် ယာယီပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါတိုင်းရင်းသားကျေးရွာများမှ အိမ်ထောင်စုဝင်များအား အမှတ်(၁) နယ်ခြားစောင့် ရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သူရစန်းလွင်က နှစ်သိမ့်အားပေးစကားပြောကြားပြီး ထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့သည်။

မောင်တောမြို့ပေါ်နှင့် ကျေးရွာများတွင် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းမှစ၍ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ မီးရှို့မှုကြောင့် ကျီးကန်းပြင် (အလယ်ရွာ) ၌ နေအိမ် ၂၉၉ လုံး၊ သဝင်ချောင်းကျေးရွာ၌ ၅၇၉ လုံး၊ သဝင်ချောင်း (ဆူရာလီကျေးရွာ)၌ ၄၀၊ သဝင်ချောင်း (ခွဆုံ) ၌ ၁၄၆ လုံး၊ သီဟိုဠ်ကျွန်း (တောင်ရွာ) ၌ ၁၅ လုံး၊ သီဟိုဠ်ကျွန်း (ရွာမရွာ) ၌ ၁၆၅ လုံး၊ သီဟိုဠ်ကျွန်း (ခွေလာဘင်္ဂါရွာ)၌ ၁၇၅ လုံး၊ မြို့သူကြီး (သောင်ပိုင်ညာကျေးရွာ)၌ ၁၈၀၊ မြို့သူကြီး (ကန်ကျတောင်ကျေးရွာ)၌ ၃၄၀၊ မြို့သူကြီး(ရွာဟောင်း) ၌ ၂၄၁ လုံး၊ မြို့သူကြီး (ရာကဘီကျေးရွာ)၌ ၅၃ လုံး၊ မြို့သူကြီး (ကန်ကျမြောက်ကျေးရွာ) ၌ ၇၂ လုံး စုစုပေါင်း ၂၃၀၅ လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မြို့မအရှေ့ ရပ်ကွက်၊ မြို့မကညင်တန်းရပ်ကွက်၊ ရွာသစ်ကေရပ်ကွက်၊ ပဒကားရွာသစ် (ခူတိုင်ကျေးရွာ)၊ ကျီးကန်းပြင် (အနောက်ရွာ)နှင့် ကျီးကန်းပြင် (တောင်ရွာ)တို့မှ မီးလောင်ဆုံးရှုံးမှုများကို စိစစ်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှထုတ်ပြန်ချက်အရ သိရသည်။

**(သတင်းစဉ်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ လှုပ်ရှားနယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများမှထောက်ပံ့ထားသည့် ပစ္စည်းများအပါအဝင် မိုင်းများတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်မြောက်ပိုင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများလှုပ်ရှားလျက်ရှိသည့်နယ်မြေတွင် နိုင်ငံတကာအဖွဲ့အစည်းများက ထောက်ပံ့ထားသည့် ပစ္စည်းများနှင့် မိုင်းများတွေ့ရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၃ နာရီခန့်က ကျီးကျွန်းကင်းစခန်း၏ တောင်ဘက် ၂ မိုင်ခန့်အကွာ၌ ခုတ်မီးရောင်များတွေ့ရှိပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အော်ဟစ်သံများကြားရသဖြင့် နယ်မြေရှင်းလင်းစဉ် ပုစွန် ကန်စောင့်အလုပ်သမားများ နေထိုင်ခဲ့သည့် တဲငယ်ခြောက်လုံးအတွင်း၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများနေထိုင်ခဲ့သည့်အနေအထားများ တွေ့ရှိခဲ့သည့်အပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme -WFP) မှ ထောက်ပံ့ပေးသည့် စွမ်းအားပြည့် ဘီစကစ်မုန့်ခွံနှင့် မုန့်ဖာခွံများ၊ အချိုရည်ဘူးခွံများ နှင့် ပုစွန်ကန်ဘေးချုံအတွင်းမှ လောင်းလှေငယ်နှစ်စင်းကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၁ နာရီတွင် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာအပြင်ဘက်တောင်ခြေအနီး၌ နယ်မြေရှင်းလင်းစဉ် ချုံပုတ်များအတွင်းမှ ARSA အစွန်းရောက်အကြမ်းဖက်သမားများဝှက်ထားသော ဆာလာအိတ်ထုပ်များတွေ့ရှိခဲ့ပြီး ၎င်းအိတ်များအတွင်း၌ ဆေးဝါးမျိုးစုံ ခုနစ်အိတ်၊ အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ ( U.S. Agency For International Development - USAID) တံဆိပ်ပါ ဆန်တစ်အိတ်၊ WFP တံဆိပ်ပါ ဆန်တစ်အိတ်၊ အလျား ၁၂ လက်မ၊ အချင်း လေးလက်မခန့်ရှိ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း သုံးခု၊ မိုင်း၌ တပ်ဆင်ထားသော ရီမုဆင်ဆာ သုံးခု၊ ပေ ၁၀၀ ခန့် ဝိုင်ယာကြိုးပါကင် သုံးထုပ်၊ အဝေးထိန်းရီမု ခြောက်ခု၊ Panasonic တံဆိပ်ပါ ၉ ဗို့ ဓာတ်ခဲသုံးလုံး၊ ပွိုင့် ၃၀၃ ရိုင်ဖယ် ကျည်ခုနစ်တောင့်တို့ပါဝင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# နေရပ်စွန့်ခွာဒေသခံတိုင်းရင်းသားတွေအတွက် ရိက္ခာပြတ်လပ်မှုမရှိအောင်ဆောင်ရွက်ပေးပြီး လုံခြုံရေးအတွက် တပ်မတော်၊ ရဲ၊ နယ်ခြားစောင့်တွေနဲ့ လုံခြုံရေးဖြည့်ဆည်းပေးနေ

**တွေ့ဆုံမေးမြန်း-သတင်းအဖွဲ့**

**ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်တို့တွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက ရဲကင်း၊ ရဲစခန်းများကို တစ်ချိန်တည်း အကြမ်းဖက်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်သား၊ ရဲတပ်ဖွဲ့ဝင်၊ လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းနှင့် ပြည်သူများ သေဆုံးထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင်နေအိမ်၊ အဆောက်အအုံများလည်း မီးရှို့ဖျက်ဆီးခံခဲ့ရပြီး မိုင်းထောင်ဖောက်ခွဲမှုကြောင့် လမ်း၊ တံတားများပျက်စီးခဲ့ကာ လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ခဲ့သည်။**

**အဆိုပါ ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ တပ်မတော်တို့ ပူးပေါင်းပြီး ဒေသခံပြည်သူလူထု၏ လုံခြုံရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာကူညီထောက်ပံ့ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား တွေ့ဆုံမေးမြန်းထားသည်။**



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး

**မေး ။ ရခိုင်ပြည်နယ်အရေးနဲ့ပတ်သက်ပြီး လက်ရှိအချိန်အထိ နေရပ်စွန့်ခွာတိမ်းရှောင်လာတဲ့ ဒေသခံတွေအတွက် ကယ်ဆယ်ရေးနဲ့ ကူညီဆောင်ရွက်နေမှုအခြေအနေကို ပြောပြပေးပါ။**

ဖြေ ။ အခုလို လတ်တလော အကြမ်းဖက်ကိစ္စကြောင့် တိုင်းရင်းသားတွေဟာ စုရပ်မှာစုနေရတယ်။ လတ်တလောမှာ အခက်အခဲတွေ အများကြီးရှိတယ်။ အဓိကကတော့ ပုံမှန်စားဝတ်နေရေး၊ ကျန်းမာရေးအခက်အခဲရှိနေတယ်။ ဒါတွေကိုဖြေရှင်းဖို့ကျတော့ နိုင်ငံတော်အနေနဲ့ အမြန်တုံ့ပြန်ဆောင်ရွက်ရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လုပ်တာဖြစ်ပါတယ်။ တုံ့ပြန်ဆောင်ရွက်ဖို့အတွက် မောင်တောဒေသကကုန်းလမ်းကသွားမယ်ဆိုလည်း မိုင်းထောင်တာတို့၊ တံတားတွေ ဖျက်ဆီးထားတာတို့ရှိတဲ့အတွက် တစ်နေရာနဲ့ တစ်နေရာသွားလာဖို့က ခက်သွားပါတယ်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို Air Myanmar Aviation ServicesCo..,Ltd က ရဟတ်ယာဉ်တစ်စီးအကူအညီပေးပါတယ်။ ရဟတ်ယာဉ်က လူအများကြီးမဆံ့ပေမယ့် လက်ရှိပြည်သူတွေကိုသွားပြီး နှစ်သိမ့်အားပေးဖို့အတွက်နဲ့ လတ်တလောလိုအပ်တဲ့ ရိက္ခာကို အသင့်အတင့်တင်ပြီး သွားလို့ရပါတယ်။ အဲဒီလို သွားဖို့အတွက်ကလည်း လုံခြုံရေးက အလွန်အရေးကြီးလို့ တပ်မတော်နဲ့ပူးပေါင်းပြီး လုံခြုံရေးအစီအစဉ်တွေ လုပ်တယ်။ အကြမ်းဖက်မှုဖြစ်ပြီး နောက်ရက်မှာပဲ ဒီဒေသကိုရောက်အောင်သွားခဲ့ပါတယ်။

ကျွန်တော်တို့နဲ့အတူ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုလည်း ပါတယ်။ ဘူးသီးတောင်ဆေးရုံမှာအကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိတဲ့ လူနာခြောက်ဦးလောက်ရှိပါတယ်။ နောက်အေးစေတီဘုန်းကြီးကျောင်းကို ရောက်တယ်။ အဲဒီစုရပ်ကို ရောက်ရှိနေတာ တိုင်းရင်းသား ၂၅၀ လောက်ရှိပါတယ်။ ကျောင်းဆရာမတွေဆိုလည်း ကျောင်းတွေပိတ်ထားတဲ့အတွက် ဒီလိုပဲနေနေရတယ်။ နောက်ပြီး မောင်တော လေးမိုင်အထက်တန်းကျောင်းကို ရောက်ပါတယ်။ အဲဒီမှာ တိမ်းရှောင်လာတဲ့ လူတော်တော်များပါတယ်။ လူဦးရေ ၂၄၀၀ လောက်ရှိပါတယ်။အားလုံးအတွက် လတ်တလောစားနပ်ရိက္ခာ ထောက်ပံ့ပေးပါတယ်။ ဝန်ထမ်းတွေလည်းရှိတယ်။ သူတို့နေရတဲ့ နေရာကတော့ လုံခြုံပါတယ်။ ဒီတော့ ခဏသည်းခံပြီး နေပါဦးဆိုပြီး အနီးဆုံးစစ်တွေမြို့ကို ပြန်ရောက်အောင် ဒါမှမဟုတ်ကိုယ့်ရဲ့နေရပ်ကိုပြန်နိုင်အောင် လုပ်ပေးဖို့အစီအစဉ်တွေဆောင်ရွက်ပေးခဲ့ပါတယ်။ လိုအပ်တာတွေ စီစဉ်ဆောင်ရွက်ပေးပါတယ်။ ဒါကတော့ ဩဂုတ် ၂၇ ရက်က အတွေ့အကြုံပါ။

ဩဂုတ် ၂၈ ရက်မှာတော့ ကျွန်တော်တို့သွားတဲ့ အချိန်မှာ တချို့နေရာတွေမှာ မီးရှို့ထားတာ ရဟတ်ယာဉ်ပေါ်ကနေ တွေ့ရတယ်။ ဒီARSA အစွန်းရောက်အကြမ်းဖက်သမားတွေဟာ သူတို့ရွာတွေကို မီးရှို့ပြီးတော့ ထွက်ပြေးကြတာတွေရှိတယ်။ မောင်တောရောက်တော့လည်း မြို့အဝင်မှာ မီးရှို့ထားတာတွေ့ရပါတယ်။ မောင်တောဒေသက တိုင်းရင်းသားတွေရှိတဲ့ စုရပ်တွေဆီသွားခဲ့ပါတယ်။ တောင်ဘဇာကို ရောက်ခဲ့ပါတယ်။ အဲဒီစုရပ်မှာ တိမ်းရှောင်လာသူ ၆၃၃ ဦးနဲ့ ဝန်ထမ်းက ၂၅ ဦးလောက်ရှိပါတယ်။ နောက်ကြိမ်ချောင်းကို ရောက်ပါတယ်။ ကြိမ်ချောင်းမှာ ၂၀၀ လောက်ရှိတယ်။ ဝန်ထမ်း ၇၀ လောက်ရှိပါတယ်။ နောက်ပြီး မောင်တောဆေးရုံကို ရောက်ပါတယ်။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့တဲ့သူတွေကို ထောက်ပံ့မှုတွေ ပေးပါတယ်။ အဲဒီမှာ အရေးပေါ်လူနာတွေကို စစ်တွေဆေးရုံကို ရောက်ရှိဖို့အစီအစဉ်တွေ ဆွဲပါတယ်။ နောက်သာသနာ့ဗိမာန် အဆောက်အအုံကို ရောက်ပါတယ်။ အဲဒီမှာလူ ၂၀၀ လောက်ရှိပါတယ်။ အဲဒီမှာလည်းဆောင်ရွက်ပေးခဲ့ပါတယ်။

နောက် မောင်တောမြို့ အမှတ်(၃)မူလတန်းလွန်ကျောင်းကို သွားပါတယ်။ အဲဒီမှာ ဟိန္ဒူတွေ တော်တော်များရှိပါတယ်။ လူ ၁၀၀၀ ကျော်ရှိပါတယ်။ အဲဒီမှာပဲ ခိုလှုံနေကြပါတယ်။ စားနပ်ရိက္ခာတွေ ထောက်ပံ့တယ်။ အဲဒီမှာ အရေးကြီးတာကတော့ ကျန်းမာရေးကဏ္ဍမှာလည်း သူတို့မှာလိုအပ်ချက်တွေ အများကြီးရှိတယ်။ တချို့နေရာတွေမှာ တပ်မတော်ဆေးမှူးတွေက ကူညီနေတာတွေ ရှိတယ်။ ဆေးဝန်ထမ်းတွေက ကူညီနေတာတွေရှိတယ်။ လိုအပ်တဲ့ ဆေးဝါးတွေ ထောက်ပံ့ဖို့အတွက်ကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်တာတွေကို မှတ်သားခဲ့ပါတယ်။

အခက်အခဲကြားက လူနာတွေကို ပို့ဆောင်ပေးဖို့ကိုလည်း ကျွန်တော်တို့ ညှိနှိုင်းပေးခဲ့ပါတယ်။ ရိက္ခာနဲ့ပတ်သက်လို့ကတော့ လုံလောက်အောင် ဆောင်ရွက်ဖို့အတွက် စီစဉ်ထားတာရှိပါတယ်။ စားနပ်ရိက္ခာထောက်ပံ့ဖို့နဲ့ ကျန်းမာရေးကိစ္စနဲ့ပတ်သက်ပြီးတော့ လိုအပ်တာတွေ လတ်တလောဆောင်ရွက်ပေးခဲ့ပါတယ်။ လုံခြုံရေးနဲ့ပတ်သက်ပြီး စိုးရိမ်ကြောင့်ကြမှုမရှိအောင် အစိုးရကဆောင်ရွက်ပေးနေပါတယ်။ နယ်မြေရဲလုံခြုံရေးနဲ့ တပ်မတော်က ဝိုင်းဝန်းအင်အားဖြည့်ထားပြီးတော့ ထောက်ပံ့တာတွေရှိတယ်ဆိုတာကိုလည်း ဆွေးနွေးခဲ့ပါတယ်။ နောက်နေ့တွေမှာလည်း ဆက်ပြီးထောက်ပံ့ပါမယ်။

**မေး ။ လတ်တလောဖြစ်စဉ်မှာ ဒေသခံတိုင်းရင်းသားတွေက မိမိနေရပ်တွေကို စွန့်ခွာထွက်ပြေးတာသောင်းနဲ့ချီတဲ့ အနေအထားတွေရှိပါတယ်။ ဘူးသီးတောင်-မောင်တော လမ်းပန်းဆက်သွယ်ရေးကလည်း ပြတ်တောက်မှုတွေရှိနေတော့ သူတို့ရဲ့စားဝတ်နေရေး၊ ကျန်းမာရေးအတွက် အမြန်ဆုံး တုံ့ပြန်ဆောင်ရွက်ဖို့အတွက် ဆောင်ရွက်ထားတာရှိရင် ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ ။ စားနပ်ရိက္ခာတွေ သူတို့ရှိရာကိုရောက်ဖို့ အရေးကြီးပါတယ်။ နောက်တစ်ချက်ကတော့ ခုနကပြောတဲ့ ကျန်းမာရေးကိစ္စတွေ ကျွန်တော်တို့ဆောင်ရွက်ပေးဖို့လိုပါတယ်။ နောက်အရေးပေါ်လူနာတွေကို ဘယ်လိုပို့ဆောင်မလဲဆိုတာ စီစဉ်ပေးဖို့လိုပါတယ်။ ဝန်ထမ်းတွေ၊ ကျောင်းတွေ ပိတ်ထားတဲ့ ဆရာ ဆရာမတွေအနေနဲ့ သူတို့စိတ်မချမ်းသာကြဘူး။ ကြောက်လန့်နေကြတယ်။ ဒါမျိုးတွေရှိတယ်။ ဒါတွေကဖြေရှင်းပေးဖို့ ကိစ္စတွေပါပဲ။ ဒါတွေကို ပြည်ထောင်စုအစိုးရအနေနဲ့ ပြည်နယ်အစိုးရနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါတယ်။ တပ်မတော်ရဲ့အကူအညီတွေ လုံခြုံရေးနဲ့ပတ်သက်လို့ အများကြီး ရယူရတာရှိပါတယ်။

**မေး ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အကြမ်းဖက်မှုဖြစ်စဉ်နဲ့ပတ်သက်ပြီး လာရောက်ဆောင်ရွက်မှုအပေါ် ဘာများဖြည့်စွက်ပြောချင်ပါသလဲခင်ဗျာ။**

ဖြေ ။ လာရောက်ဆောင်ရွက်မှုကတော့ ကျွန်တော်တို့အဖွဲ့စပြီး တာဝန်ယူကတည်းက တိုင်းရင်းသားရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးဆောင်ရွက်မယ်လို့ သတ်မှတ်ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ တကယ်လည်း တိုင်းရင်းသားရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို ဦးစားပေးပြီး ဆောင်ရွက်ပါတယ်။ တိုင်းရင်းသားအရေးကို ဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းသားတွေဟာ များသောအားဖြင့် ပြည်နယ်တွေမှာရှိပါတယ်။ အဲဒီမှာမှ ပြည်နယ်တွေကို ဦးစားပေးအဆင့်လိုက် ဘယ်ပြည်နယ်ဟာ စောင့်ရှောက်ဖို့အတွက် အလိုအပ်ဆုံးဖြစ်မလဲဆိုပြီး အဆင့်လိုက်စဉ်းစားတော့ ချင်းနဲ့ ရခိုင်ကထိပ်မှာ ရောက်နေပါတယ်။ ရခိုင်မှာက ပိုပြီးထူးခြားတာက ထောက်ပံ့ပေးရမယ့်နေရာမှာ ထောက်ပံ့ရမှာရှိသလို သူ့မှာ ပဋိပက္ခရှိတဲ့ဒေသဖြစ်နေပါတယ်။

ပိုပြီးတော့ ကြီးမားတဲ့ဒေသဖြစ်နေတော့ ပထမဦးစားပေးအနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်နေတာရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီးတော့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုပြီးတော့ အဖွဲ့ကိုဖွဲ့ထားပါတယ်။ လုပ်ငန်းကော်မတီတွေ ဖွဲ့ထားပါတယ်။ လုပ်ငန်းတွေဆောင်ရွက်ပေးနေတယ်။ ဆောင်ရွက်တဲ့ကြားမှာပဲ ဒီလိုကိစ္စတွေဖြစ်ဖြစ်နေပါတယ်။ ဖြစ်နေတဲ့အတွက် ဆောင်ရွက်စရာတွေ ပိုများလာသလို ပိုပြီးတော့ ဂရုစိုက်ပြီး ဆောင်ရွက်ရမယ့်အနေအထားတွေ ကျွန်တော်တို့ ကြုံတွေ့ရပါတယ်။



## ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးညီပု

**မေး ။ ဩဂုတ် ၂၅ ရက် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်တွေမှာ အကြမ်းဖက်မှုဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ဒီအကြမ်းဖက်မှုဖြစ်သွားပြီးတာနဲ့ သတင်းအချက်အလက်တွေ ရယူပါတယ်။ ပြည်ထောင်စုအစိုးရနဲ့လည်း အမြန်ဆုံးချိတ်ဆက်ပြီးတော့ လိုအပ်ချက်တွေကို အမြန်ဆုံးတုံ့ပြန်ပြီး ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့နေရာမှာ အထူးသဖြင့်တော့ လုံခြုံရေးပေါ့။ လုံခြုံရေးအတွက်ကတော့ အထူးလိုအပ်ချက်ဖြစ်တဲ့အတွက်ကြောင့် ဒီမှာတာဝန်ထမ်းဆောင်နေတဲ့ ပြည်သူ့ရဲတွေနဲ့ နယ်ခြားစောင့်တပ်ဖွဲ့ဝင်တွေအပြင် တပ်မတော်ဘက်ကနေ အင်အားဖြည့်တင်းပြီး အမြန်ဆုံးဆောင်ရွက်ခဲ့ပါတယ်။

**မေး ။ အကြမ်းဖက်ဖြစ်စဉ်တွေမှာ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့ ဒေသခံတိုင်းရင်းသားတွေရဲ့လုံခြုံရေးနဲ့ စားဝတ်နေရေးအတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုစီမံဆောင်ရွက်ပေးထားပါသလဲ။**

ဖြေ ။ လုံခြုံရေးကတော့ ဖြစ်စဉ်ဖြစ်တဲ့ နေရာတွေကို အမြန်ဆုံးရောက်အောင် လုံခြုံရေးဆောင်ရွက်ပေးထားပါတယ်။ ရွှေ့ပြောင်းသွားတဲ့နေရာတွေမှာလည်း စုရပ်တွေလုပ်ပြီး အဲဒီနေရာတွေမှာလည်း လုံခြုံရေးအပြည့်အဝပေးထားပါတယ်။ ရိက္ခာအနေနဲ့ကတော့ ပြီးခဲ့တဲ့ လဆန်းပိုင်းတုန်းက ဖြစ်ပျက်ခဲ့တဲ့ မြို့တိုင်းရင်းသားတွေ သတ်ဖြတ်ခံရတဲ့ နောက်ပိုင်းမှာ ရိက္ခာကို ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းပြီး နှစ်လစာဆောင်ရွက်ပေးဖို့ စီမံထားတာရှိတဲ့အတွက် လက်ရှိလိုအပ်ချက်ကို ဖြည့်တင်းပေးသလိုဖြစ်သွားတဲ့အတွက် လိုအပ်ချက်မရှိသလောက်ဘဲ။ လမ်းတွေ၊ တံတားတွေ မိုင်းထောင်ပြီးဖောက်ခွဲဖျက်ဆီးထားတာရှိပါတယ်။ ထောက်ပံ့ရေးပစ္စည်းပို့ရတဲ့အခါမှာအခက်အခဲရှိပါတယ်။ သို့သော်လည်း ပြေလည်အောင် ဆောင်ရွက်နေပါတယ်။ တပ်ရင်းတွေမှာရှိတဲ့ စုရပ်နေရာမျိုးတွေမှာဆို တပ်ရင်းတပ်ဖွဲ့တွေမှာရှိတဲ့ ရိက္ခာတွေနဲ့ ချက်ချင်းဖြည့်ဆည်းပေးပြီး ဆောင်ရွက်ပေးနေပါတယ်။ တောင်ဘဇာမှာဆို တပ်မတော်ကနေပြီး သူတို့မှာရှိတဲ့ရိက္ခာတွေနဲ့ ကျွေးမွေးထားတာလည်းရှိပါတယ်။ ကျွန်တော်တို့ ရောက်သွားတဲ့အခါမှာ ရိက္ခာကုန်နိုင်တဲ့ အနေအထားရှိနေတဲ့အတွက် တပ်မတော်ကတာဝန်ရှိသူတွေနဲ့ ဆက်သွယ်ပြီး အမြန်ဆုံးဖြည့်ဆည်းပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်ခဲ့တဲ့နေရာတိုင်းမှာတော့ ရိက္ခာနဲ့ပတ်သက်ပြီး လတ်တလောဖြည့်ဆည်းပေးနိုင်တဲ့ အနေအထားရှိပါတယ်။ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရတဲ့ ဒေသခံတိုင်းရင်းသားတွေအတွက် နောက်ပိုင်းလည်း ရိက္ခာပြတ်လပ်မှုမရှိအောင် ဆောင်ရွက်နေပါတယ်။

**မေး ။ ယခုမောင်တောဒေသမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနဲ့ တပ်မတော်တို့ ဘယ်လိုပူးပေါင်းဆောင်ရွက်နေတယ်ဆိုတာ သိပါရစေ။**

ဖြေ ။ ပူးပေါင်းဆောင်ရွက်မှု ကောင်းပါတယ်။ ဖြစ်စဉ်ဖြစ်တာနဲ့ကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ခဲ့တဲ့အတွက်ကြောင့် ထိခိုက်မှုတွေအနည်းဆုံးနဲ့ ဆောင်ရွက်ထားနိုင်တဲ့အနေအထားရှိတယ်လို့ ပြောလို့ရပါတယ်။ လွတ်သွားတဲ့နေရာလေးတွေမှာတော့ အနည်းအကျဉ်းဆုံးရှုံးမှုလေးတွေရှိတာပေါ့။ ဒီနောက်ပိုင်းမှာတော့ အားလုံးနီးပါး လုံခြုံရေးပေးထားတဲ့ အနေအထားရှိပါတယ်။

**မေး ။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရတဲ့ တိုင်းရင်းသားတွေရဲ့နေအိမ်တွေကို သူတို့နေရပ်ပြန်တဲ့အခါ ပြန်လည်နေထိုင်နိုင်ဖို့အတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက်ထားပါသလဲ။**

ဖြေ ။ ပြောင်းရွှေ့လာတဲ့လူတွေနဲ့ ပတ်သက်ပြီးတော့ ကိုယ့်နေရာ၊ ကိုယ့်လုပ်ငန်းခွင်တွေကို ပြန်လည်ရောက်ရှိသွားတဲ့အခါ မီးလောင်ဆုံးရှုံးသွားတဲ့ သူတို့နေအိမ်တွေကို အမြန်ဆုံးပြန်လည်နေထိုင်နိုင်အောင် တည်ဆောက်ပေးဖို့ ဆောင်ရွက်သွားပါမယ်။ ပျက်စီးဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး စာရင်းဇယားတွေ ပြုစုရဦးမယ်။ ဘယ်နှရွာ၊ ဘယ်နှအိမ်၊ လူဦးရေဘယ်လောက်ဆိုတာ စာရင်းတွေပြည့်စုံသွားမယ်၊ အချက်အလက်တွေလည်း ပြည့်ပြည့်စုံစုံလည်းရမယ်၊ နေရာတွေ တိတိကျကျရပြီဆိုရင် အမြန်ဆုံးအကောင်အထည်ဖော်သွားပါမယ်။ တိုင်းရင်းသားတွေနဲ့ တွေ့တဲ့အခါမှာလည်း သူတို့ရဲ့ လိုအပ်ချက်တွေကို မေးပါတယ်။ ဘာတွေဖြည့်ဆည်းပေးရမလဲဆိုတာကို မေးပါတယ်။ အဓိကတင်ပြတာကတော့ လုံခြုံရေးပေးဖို့ ပြောပါတယ်။ ကျွန်တော်တို့ဘက်ကလည်း တပ်မတော်၊ ပြည်သူ့ရဲ၊ နယ်ခြားစောင့်တွေနဲ့ လုံခြုံရေးဖြည့်ဆည်းပေးနေတယ်ဆိုတာ ပြောပြထားပါတယ်။

**မေး ။ ကျန်းမာရေးနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်ထားတယ်ဆိုတာလဲသိပါရစေ။**

ဖြေ ။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း ဘူးသီးတောင်၊ မောင်တောမြို့တွေမှာရှိတဲ့ ဆေးရုံတွေအပြင် ကျေးလက်တွေမှာရှိတဲ့ ဆေးရုံ၊ ဆေးခန်းတွေမှာလည်း ဆေးဝါးတွေကို အပြည့်အဝထောက်ပံ့ပေးထားပါတယ်။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေရဲ့လက်ချက်ကြောင့် သေဆုံးထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ရဲဝန်ထမ်းနဲ့ပြည်သူတွေကိုလည်း ငွေကြေးထောက်ပံ့မှုတွေပေးခဲ့ပါတယ်။ လက်ရှိဖြစ်သွားတဲ့အပေါ်မှာ မှန်မှန်ကန်ကန်သုံးသပ်ပြီးတော့ ပြည်ထောင်စုအစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်သွားပါမယ်။ ။

# ဖခင်ရဲဝန်ထမ်းဟောင်းတစ်ဦးပြောပြသည့် ARSA အစွန်းရောက်အကြမ်းဖက်တို့၏ တိုက်ခိုက်မှုကို အသက်ပေးကာကွယ်သွားသူ သား ဒုရဲအုပ်တစ်ယောက်အကြောင်း

**သတင်းဆောင်းပါး-တင်မောင်လွင်၊ မင်းထက်အောင် ၊ ဓာတ်ပုံ-မောင်သွင်**

"ကျွန်တော် ဘူးသီးတောင်ကိုရောက်တဲ့ ဩဂုတ် ၂၇ ရက်မှာ သားရဲ့စျာပနကို သက်ဆိုင်ရာတာဝန်ရှိသူတွေက အခမ်းအနားနဲ့ကျင်းပပေးတယ်။ အဲဒီစျာပနကျင်းပချိန်မှာ ဒေသအခြေအနေအရ စိုးရိမ်ရပေမယ့် တာဝန်ရှိသူတွေက လုံခြုံရေးအင်အားကို တိုးမြှင့်ချထားပြီး စျာပနပွဲကို ဖြစ်အောင်လုပ်ပေးကြပါတယ်" ဟု သားဖြစ်သူ ဒုရဲအုပ် အောင်မြင့်ဦး၏စျာပနကို လိုက်ပါပို့ဆောင်ခဲ့သည့် ဖခင်ဦးဝင်းမြင့်က ပြောပြသည်။

ဒုရဲအုပ် အောင်မြင့်ဦးသည် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက မောင်တောဒေသ၊ ဖောင်တော်ပြင်ရဲကင်းကို အလစ်အငိုက် အကြမ်းဖက်တိုက်ခိုက်မှုကို ခုခံကာကွယ်ရင်း တိုင်းပြည်အတွက် အသက်ပေးခဲ့ရသည့် ရဲတပ်ဖွဲ့ဝင်များတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများက မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်များအတွင်းရှိ လုံခြုံရေးရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို တစ်ချိန်တည်း အလစ်အငိုက် ရယူအကြမ်းဖက်တိုက်ခိုက်ခဲ့ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သားတစ်ဦး စုစုပေါင်းလုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းတစ်ဦးတို့ ကျဆုံးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သဲတောဝမ်းတွင်း၌နေသူ ဦးဝင်းမြင့်တွင် သားသမီးသုံးဦးရှိပြီး ဒုရဲအုပ် အောင်မြင့်ဦးမှာ တစ်ဦးတည်းသော သားကြီးဖြစ်ကြောင်း သိရသည်။ ရဲတပ်ဖွဲ့ဝင် အငြိမ်းစားတစ်ဦးဖြစ်သည့် ဦးဝင်းမြင့်သည် သားကျဆုံးခဲ့သည့် သတင်းရလျှင်ရချင်း သားသမီးဇောအပူဖြင့် ဩဂုတ် ၂၅ ရက် ညနေပိုင်းတွင် မန္တလေးမှတစ်ဆင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

"ကျွန်တော့်ကို ဩဂုတ် ၂၅ ရက် မနက် ၆ နာရီလောက်မှာ သား ကျဆုံးသွားတယ်ဆိုတာ လှမ်းအကြောင်းကြားလို့ သိသိချင်းပဲ မန္တလေးကနေ အဲဒီနေ့ ညနေပိုင်းက ထွက်လာခဲ့ပြီး ၂၆ ရက် မွန်းလွဲပိုင်းမှာ စစ်တွေကိုရောက်တယ်။ ဒါပေမယ့် ဘူးသီးတောင်ကိုသွားဖို့ လုံခြုံရေးအရ အခက်အခဲရှိတဲ့အတွက် ဩဂုတ် ၂၇ ရက်မှပဲ ဘူးသီးတောင်ကို ရောက်ခဲ့တယ်။ ရေယာဉ်နဲ့ သွားတဲ့လမ်းခရီးမှာ ကျဆုံးသွားတဲ့ ဒုရဲအုပ်ရဲ့ အဖေဆိုပြီး လိုအပ်တာတွေ စီစဉ်ပေးတယ်။ ဘူးသီးတောင်ကို ရောက်ရောက်ချင်းမှာပဲ ကျွန်တော့်ကို သားရဲ့ ရုပ်အလောင်းထားတဲ့ ဘူးသီးတောင်ဆေးရုံကို တာဝန်ရှိသူက ခေါ်သွားပေးတယ်"ဟု ၎င်းကဆိုသည်။

အကြမ်းဖက်မှု မဖြစ်ပွားမီညက ဒုရဲအုပ် အောင်မြင့်ဦး၏ သူငယ်ချင်းဖြစ်သူက ဒီည အခြေအနေမကောင်းကြောင်း၊ သတိ၊ ဝီရိယရှိရှိနေဖို့လိုကြောင်းကို ဖုန်းဆက်သတိပေး ပြောကြားခဲ့သေးသည်ဟု အခြားသူများ၏ ပြောပြချက်ကို ဦးဝင်းမြင့်က တစ်ဆင့်ပြန်လည်ပြောပြသည်။

"အိပ်ရေးပျက်တာ လေးညလောက်ရှိနေပြီဖြစ်တဲ့အတွက် အဲဒီဖြစ်စဉ် မဖြစ်ခင်လေးမှာ သူ့တပည့်တစ်ဦးကို ကျောဆန့်နားဦးမယ်လို့မှာပြီး ခဏမှာ အကြမ်းဖက်သမားတွေက စခန်းထဲကို အလုံးအရင်းနဲ့ဝင်လာပြီး ဓားတွေနဲ့ ရဲကင်းအစောင့်ကို အရင်သတ်လိုက်တယ်။ ကျွန်တော့်သားက အဲဒီအသံတွေကြားလို့ သတိထားလိုက်စဉ်မှာပဲ သူအိပ်တဲ့ခေါင်းအုံးအောက်က သေနတ်ကိုထုတ်ပြီး စခန်းအတွင်းကို အသေခံဗုံးတွေ တပ်ဆင်ဝင်လာကြတဲ့ အကြမ်းဖက်သမားနှစ်ယောက်အနက် တစ်ယောက်ကို အရင်ဆုံးပစ်လိုက်ပြီး သူ့ကိုယ်သူကာကွယ်ခဲ့ပေမယ့် ကျန်တစ်ယောက်က ကျွန်တော့်သားရဲ့ဗိုက်ကို ဓားနဲ့ဝင်ထိုးတာ ခံလိုက်ရတယ်လို့ သိရတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

ဒုရဲအုပ် အောင်မြင့်ဦးသည် ဓားနှင့်ဝင်လာသူကို ဖမ်းချုပ်ထားလိုက်သော်လည်း ဖမ်းချုပ်ထားသည့် အကြမ်းဖက်သမားက သူ့တွင်အသင့်ပါရှိသည့် အသေခံဗုံး၏ ခလုတ်ကို နှိပ်လိုက်ရာမှ ၎င်း၏ကိုယ်တွင်တပ်ဆင်ထားသည့်ဗုံးမှာ မပေါက်ကွဲဘဲ သေနတ်ထိမှန် လဲကျနေသည့် အကြမ်းဖက်သမားတစ်ဦးတွင် ရှိသည့်ဗုံးမှာ အရင်ဆုံးပေါက်ကွဲသွားကြောင်း၊ ဗုံးပေါက်ကွဲသံကြောင့် စခန်းရှိ ကျန်တာဝန်ကျ ရဲတပ်ဖွဲ့ဝင်လေးဦးက ကြားပြီး ကတုတ်ကျင်းများမှ ပြန်လည်ပစ်ခတ်ခဲ့ကြကြောင်း၊ ဖမ်းချုပ်ထားသည့် အကြမ်းဖက်သမားက နောက်တစ်ကြိမ် ထပ်မံဗုံးဖောက်ခဲ့ရာမှ ယင်းအကြမ်းဖက်သမားနှင့်အတူ ဒုရဲအုပ် အောင်မြင့်ဦးမှာ ကျဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများထံမှ သိရသည်ကို ဦးဝင်းမြင့်က ပြန်လည်ပြောပြသည်။

"အကြမ်းဖက်သမားကို ဖမ်းချုပ်ထားပြီး သေဆုံးနေပြီဖြစ်တဲ့ ကျွန်တော့်သားရဲ့လက်ကို တော်တော်လေးကို ဆွဲဖြုတ်ခဲ့ရပြီး အဲဒီအကြမ်းဖက်သမားဆီက မပေါက်ကွဲသေးတဲ့ နောက်ထပ်ဗုံးနှစ်လုံးကိုလည်း သိမ်းဆည်းရမိခဲ့တဲ့အပြင် အကြမ်းဖက်သမားနှစ်ဦးကိုလည်း အသေဖမ်းဆီးမိခဲ့တယ်လို့ တာဝန်ရှိသူတွေက ပြောတယ်။ ဖခင်တစ်ဦးအနေနဲ့ ရင်နင့်အောင်ပဲ ခံစားခဲ့ရပါတယ်။ ကျွန်တော့်သားက သူ့ရဲ့ကောင်းပါ" ဟု ကျဆင်းလာသည့် မျက်ရည်များကို လက်ဖမိုးဖြင့်သုတ်ရင်း ဦးဝင်းမြင့်က ပြောပြနေသည်။

အဆိုပါ စျာပနအခမ်းအနားကျင်းပချိန်တွင် အကြမ်းဖက်သမားအင်အား ၂၀၀ ခန့်က ဝင်ရောက်စီးနင်းမည်ဆိုသည့် သတင်းကို ကြားသိရသဖြင့် လိုက်ပါပို့ဆောင်ပေးမည့် တပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်အမျိုးသမီးများ အသက်အန္တရာယ်ကို စိုးရိမ်မိသည့်အတွက် စျာပနပွဲမလုပ်ရန် တာဝန်ရှိသူများကို ဦးဝင်းမြင့်က ပြောကြားခဲ့သော်လည်း လုံခြုံရေးအင်အားကို တိုးမြှင့်ချထားပြီး စျာပနပွဲကို ဖြစ်မြောက်အောင် စီစဉ်ဆောင်ရွက်ပေးခဲ့သည်ဟု သိရသည်။

သားဖြစ်သူ၏ စျာပနပွဲအပြီးတွင် ခေတ္တတည်းခိုရန်အတွက် အမှတ် (၃) နယ်ခြားစောင့် တပ်ခွဲမှူးရုံးကို ခေါ်သွားပြီး လုံခြုံရေးအဆင်ပြေအောင် စီစဉ်ပေးခဲ့ကြောင်း ဦးဝင်းမြင့်က ဆက်လက်ပြောသည်။

"ကျွန်တော် ခရီးပန်းပြီး ရုံးမှာခဏအိပ်ပျော်သွားချိန် ည ၁၀ နာရီလောက်မှာပဲ ဘေးနားကသေနတ်သံကြားလို့ ဘာဖြစ်တာလဲလို့မေးလိုက်တော့ လက်နှိပ်ဓာတ်မီး အရောင်တွေ တွေ့လို့ လှမ်းပစ်တာပါလို့ပြောတယ်။ အဲဒီအချိန်ကစပြီး ကျွန်တော်လည်း ဆက်မအိပ်ရဲတော့တဲ့အတွက် မနက် ၅ နာရီလောက်မှာပဲ ဘူးသီးတောင်မြို့ ရေယာဉ်ဂိတ်ကို သူတို့က လိုက်ပို့ပေးပါတယ်" ဟု ပြောသည်။

လက်ရှိအချိန်တွင် ဘူးသီးတောင်နှင့် မောင်တောဒေသရှိ အစိုးရရုံးဌာနများလည်း ပိတ်ထားပြီး ဒေသခံတိုင်းရင်းသားများ ဒုက္ခရောက်နေသည်ကို တွေ့ခဲ့ရသည်ဟု ဦးဝင်းမြင့်က ဆက်လက်ပြောပြသည်။



ဦးဝင်းမြင့်

"ကျွန်တော့်ဆန္ဒကို ပြောရရင် ဒီဒေသမှာရှိတဲ့ ဒေသခံတိုင်းရင်းသားတွေနဲ့ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းတွေအားလုံး စိတ်နှလုံးမချမ်းမြေ့စွာ ဖြစ်နေကြရတယ်။ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေကို အပြီးပြတ်ချေမှုန်းပစ်မှသာ တည်ငြိမ်အေးချမ်းမှုကို ရရှိနိုင်မယ်လို့ ကျွန်တော်ယုံတယ်" ဟု ဆိုရင်း သူ၏ဇာတိမြေဖြစ်သည့် သဲတောဝမ်းတွင်းသို့ ပြန်ရန် ပြင်ဆင်နေပေသည်။

၂၀၁၆ ခုနှစ် အောက်တိုဘာလ အတွင်းကလည်း အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်အတွင်းရှိ အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)၊ ကိုးတန်ကောက်ရဲကင်းစခန်းနှင့် ငါးခူရနယ်မြေရုံးများကို အလစ်အငိုက် ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့သဖြင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ကျဆုံးပြီး လက်နက်ခဲယမ်းများ ဆုံးရှုံးခဲ့သည်။

ဒုရဲအုပ် အောင်မြင့်ဦးသည် ၁၉၉၉ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့သို့ သာမန်ရဲတပ်သားတစ်ဦးအဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ၎င်းတာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး၌ ၁၀ နှစ်၊ နေပြည်တော်ကောင်စီနယ်မြေ၌ ခုနစ်နှစ် စုစုပေါင်း ၁၇ နှစ် တာဝန်ထမ်းဆောင်ပြီးနောက် လက်ရှိဒုရဲအုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည်မှာ သုံးနှစ်တာကာလအတွင်း ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ဒုရဲအုပ် အောင်မြင့်ဦးသည် မောင်တောဒေသ ဖောင်တော်ပြင်ရဲစခန်းတွင် ရဲကင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ်အတွင်း အကြမ်းဖက်သမားများကို အသေခံတိုက်ခိုက်ပြီး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့သည့် နိုင်ငံ့သားကောင်းများအနက်မှ တစ်ဦးအဖြစ် ဂုဏ်ပြုမှတ်တမ်းတင် ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

# အကြမ်းဖက်သမားများ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာများ စစ်တွေဆေးရုံကြီး၌ ပြောင်းရွှေ့ဆေးဝါးကုသမှုခံယူ

စစ်တွေ ဩဂုတ် ၂၉

**ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် လူနာငါးဦးကို မောင်တောပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေရာမှ ယနေ့ နံနက်ပိုင်းတွင် စစ်တွေပြည်သူ့ဆေးရုံကြီးသို့ ဆေးဝါးကုသခံယူရန် လွှဲပြောင်းပေးလိုက်ကြောင်း အဆိုပါဆေးရုံမှ သိရသည်။**

"ဒီနေ့ မနက်မှာပဲ စက်လှေနဲ့ မောင်တောပြည်သူ့ဆေးရုံကနေ အတွင်းလူနာနှစ်ယောက်၊ ပြင်ပလူနာသုံးယောက်ကို လွှဲလိုက်ပါတယ်။ ဒီမှာက အထူးကုဆရာဝန်တွေရှိပါတယ်။ ဆေးဝါးတွေကလည်း အပြည့်အစုံရှိပါတယ်။ ဒီကိုရောက်လာတဲ့ လူနာတွေအားလုံးကို ဆေးဝါးကအစ အခမဲ့ခွဲစိတ်ကုသမှုတွေ လုပ်ပေးနေပါတယ်။ လိုအပ်လို့ လွှဲလာတဲ့ လူနာတွေကိုလက်ခံတယ်။ ပြင်ပလူနာအနေနဲ့ ကုသလို့ရရင် ပြင်ပလူနာအနေနဲ့ ကုသပေးတယ်။ အတွင်းလူနာဆိုရင် ဆေးရုံတင်ပြီး ကုသပေးနေပါတယ်" ဟု စစ်တွေမြို့ ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေသိန်းက ပြောသည်။



ကိုဇော်မျိုးအောင်

စစ်တွေ ပြည်သူ့ဆေးရုံကြီး၌ အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း ဩဂုတ် ၂၆ ရက်တွင် ဘူးသီးတောင်ဆေးရုံမှ ဒဏ်ရာရလူနာ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ ဒဏ်ရာရလူနာ တစ်ဦး၊ ဩဂုတ် ၂၈ ရက်တွင် ဘူးသီးတောင်မြို့နယ်မှ ဒဏ်ရာရလူနာ တစ်ဦး၊ ရသေ့တောင်မြို့နယ်မှ ဒဏ်ရာရလူနာ နှစ်ဦး၊ ဩဂုတ် ၂၉ ရက်တွင် မောင်တောမြို့နယ်မှ ဒဏ်ရာရလူနာ နှစ်ဦးနှင့် ပြင်ပလူနာသုံးဦးတို့ကို ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီခန့်က လမ်းဦးစီးဌာနမှ ဝန်ထမ်းများသည် ဆိုင်ကယ်စီးနင်းလာစဉ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက်အနီးတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီး ဝန်ထမ်းတစ်ဦး ဒဏ်ရာများရရှိခဲ့ရာ စစ်တွေဆေးရုံသို့ ပို့ဆောင်ပြီး ဆေးဝါးကုသမှုခံယူခဲ့ရကြောင်း သိရသည်။

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိပြီး စစ်တွေဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လမ်းဦးစီးဌာနမှ (ကြီးကြပ်) ဦးမောင်သိန်းအောင်က "ကိုးတန်ကောက်ကအပြန် ဘင်္ဂါလီရွာနားမှာ ARSA အစွန်းရောက်အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ မိုင်းထိပြီး ခေါင်း၊ နောက်ကျောဘက်နဲ့ လက်တွေမှာ ဒဏ်ရာတွေရခဲ့ပါတယ်။ ဆိုင်ကယ်နှစ်စီးနဲ့ ကျွန်တော်တို့ လူလေးယောက် ပြန်လာတာ ရှေ့ကဆိုင်ကယ်က ဘာမှမဖြစ်ပါဘူး။ နောက်ကစီးလာတဲ့ ကျွန်တော်တို့ဆိုင်ကယ်ကိုပဲ မိုင်းထိပါတယ်။ ဖြစ်ဖြစ်ချင်းပဲ သွေးထွက်တန်းလန်းနဲ့ပဲ ရှေ့ကဆိုင်ကယ်မောင်းတဲ့ ကောင်လေးကို အငူမော်ဆိပ်ကမ်းထိ အမြန်မောင်းခိုင်းခဲ့ပါတယ်။ အငူမော်ကနေ စက်လှေနဲ့ စစ်တွေဆေးရုံကို လာခဲ့တာဖြစ်ပါတယ်"ဟု ပြောသည်။



ဒေါက်တာရွှေသိန်း

ထို့အတူ ဩဂုတ် ၂၅ ရက်က ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် ဘူးသီးတောင်မြို့နယ် ဖောင်တော်ပြင်ကျေးလက်ကျန်းမာရေးဌာနမှ (ကြီးကြပ်-၂) ကိုဇော်မျိုးအောင်က "ဩဂုတ် ၂၅ ရက် နံနက် ၂ နာရီလောက်မှာ ဖောင်တော်ပြင်ရဲကင်းကို ARSA အစွန်းရောက်အကြမ်းဖက်သမား အင်အား ၁၀၀ ကျော်နဲ့ ဝိုင်းပြီး ဓားတွေ၊ သေနတ်တွေ၊ ဗုံးတွေနဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ကျွန်တော်က ရဲကင်းမှာ အိပ်နေတာပါ။ အကြမ်းဖက်သမားတွေရဲ့ ခုတ်လိုက်တဲ့ဓားကြောင့် လက်မှာ ဒဏ်ရာအပြင်းအထန်ရခဲ့ပါတယ်။ ခြေထောက်ကတော့ နည်းနည်းပဲ ပြတ်ရှဒဏ်ရာရခဲ့ပါတယ်။ ရဲတပ်ဖွဲ့ဝင်တချို့လည်း အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုကြောင့် သေဆုံးဒဏ်ရာတွေ ရခဲ့ပါတယ်။ ဖြစ်ဖြစ်ချင်း ကျွန်တော့်ကို ဘူးသီးတောင်ဆေးရုံကိုပို့ပြီး ဆေးဝါးကုသမှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီကနေတစ်ဆင့် အခုစစ်တွေဆေးရုံ ရောက်လာတာပါ" ဟု ပြောသည်။



ဦးမောင်သိန်းအောင်

ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဓားဒဏ်ရာ၊ သေနတ်ဒဏ်ရာနှင့် မိုင်းထိဒဏ်ရာများရရှိကာ သက်ဆိုင်ရာမြို့နယ်ဆေးရုံများမှတစ်ဆင့် စစ်တွေမြို့ ဆေးရုံသို့ ပြောင်းရွှေ့ကုသမှု ခံယူနေသည့် ဒဏ်ရာရလူနာများအနက် ရဲတပ်သားသူရနိုင်သည် ရရှိသည့်ပြင်းထန်ဒဏ်ရာကြောင့် စစ်တွေဆေးရုံ၌ ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည်။

**သတင်းအဖွဲ့**




# ပြည်တွင်း ပြည်ပသတင်းမီဒီယာအဖွဲ့များ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ သတင်းရယူရန်ထွက်ခွာ

**နေပြည်တော် ဩဂုတ် ၂၉**

ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသောအရေးကိစ္စများအား သတင်းရယူနိုင်ရန်အတွက် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြပြီး ညနေ ၄ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော အရေးကိစ္စများအား သတင်းများရယူနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ ဦးဆောင်သော ပြည်တွင်း ပြည်ပမီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် မောင်တောဒေသ၌ ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၁ ရက်အထိ သွားရောက်သတင်းရယူကြမည်ဖြစ်သည်။

အဆိုပါ အဖွဲ့တွင် ကျူဒို၊ တီဗွီ အဆာဟိ၊ နိပ္ပွန်တီဗွီ၊ ရောဝတီ၊ အဆာဟိ ရှင်ဘွန်း၊ ဖူဂျီတီဗွီ၊ နစ်ကေးရှင်ဘွန်း၊ စကိုင်းနက်၊ ဗွီအိုအေ၊ နယူးစ်ဝပ်ချ်၊ မဇ္ဈိမနှင့် ဗွိုက်စသည်တို့မှ သတင်းမီဒီယာ ၁၈ ဦးပါဝင်သည်။ ပြည်တွင်းပြည်ပ မီဒီယာ များပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်မှ ၂၂ ရက်အထိ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ် မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ဒုတိယအကြိမ်၊ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ တတိယအကြိမ် သွားရောက်ခဲ့ကြပြီး ယခုအဖွဲ့သည် စတုတ္ထအကြိမ်မြောက် သွားရောက် သတင်းရယူခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပျက်ကျ Y-8 လေယာဉ်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၉**

ပျက်ကျ Y-8 လေယာဉ်၏ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံ ငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ဆိုနာစနစ်ဖြင့်ရှာဖွေရရှိသည့် ပုံရိပ်များ အပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့်နေရာ အနီးတစ်ဝိုက်၌ ဒေသခံငါးဖမ်း စက်လှေနှစ်စင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေမှုများမှ မော်တာ၊ရှော့ဘားတွဲလျက် အစိတ်အပိုင်းတစ်ခုအပါအဝင် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေ ဆယ်ယူရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ပင်လယ်ပြင်တွင်ငါးဖမ်းရာမှ ပင်လယ်လိပ်တစ်ကောင်ဖမ်းဆီးရမိပြီး ပြန်လည်လွှတ်ပေးခဲ့



**ချောင်းဆုံ ဩဂုတ် ၂၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကလော့ကျေးရွာအုပ်စု အပြိုင်ကျေးရွာ ရပ်ကွက် (၁၁)နေ ငါးဖမ်းရေလုပ်သား ဦးသိန်းဝင်းသည် ဩဂုတ် ၂၈ ရက်က ကမ်းခြေမှ ၁၀ မိုင်ပတ်ဝန်းကျင်ခန့်ရှိ ပင်လယ်ပြင်တွင် ငါးဖမ်းစဉ် အမျိုးအမည်မသိ ပင်လယ်လိပ်တစ်ကောင်ဖမ်းဆီးရမိခဲ့ရာ အဆိုပါလိပ်မှာ ဖမ်းဆီးစဉ် လှေနှစ်စင်းကြားညပ်၍ ဦးခေါင်းပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး ရင်အုပ်လေးပေ၊ အလျား ငါးပေ၊ ပိဿာချိန် ၆၀ နှင့်အထက် ၇၀ ကြားရှိကြောင်း၊ ဦးဆန်းထွန်းနှင့် ရေလုပ်သားများ၏ဆန္ဒအရ ဒဏ်ရာကိုဆေးထည့်ပေးခဲ့ပြီး ယင်းနေ့ည ၉ နာရီတွင် ပင်လယ်ပြင်သို့ ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒုက္ခရောက်နေသူများအားကူညီရန် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အလှူငွေရရှိရေးဆောင်ရွက်

**စစ်တွေ ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ ဩဂုတ်၂၅ ရက်မှ စတင်ပြီး ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒုက္ခရောက်နေကြသော ဒေသခံတိုင်းရင်းသားများ၊ တာဝန်ထမ်းဆောင်ရင်း ဒုက္ခရောက်နေကြသော အခြားတိုင်းရင်းသားများနှင့် အကြမ်းဖက်တိုက်ခိုက်မှုကြောင့် တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုများကို ကူညီထောက်ပံ့ရန်အတွက် ရခိုင်ပြည်နယ် ကျောင်းသားသမဂ္ဂမှ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက အလှူငွေရရှိရေးအတွက် ဆောင်ရွက်နေကြကြောင်း သိရသည်။

"ကျွန်တော်တို့စစ်တွေမြို့တွင်း လှည့်လည်ပြီးတော့ အလှူငွေရရှိရေးဆောင်ရွက်နေတဲ့အဖွဲ့မှာဆိုရင် စစ်တွေတက္ကသိုလ်၊ စစ်တွေနည်းပညာတက္ကသိုလ်နဲ့ စစ်တွေကွန်ပျူတာတက္ကသိုလ်တို့က ကျောင်းသား ကျောင်းသူတွေ ပါဝင်ပါတယ်။ တောင်ကုတ်မြို့မှာလည်း တောင်ကုတ်ဒီဂရီကောလိပ်က ကျောင်းသား ကျောင်းသူတွေက ကောက်ခံနေကြပါတယ်။ ဒီအလှူငွေတွေကတော့ မောင်တောဒေသမှာ ARSA အစွန်းရောက် အကြမ်းဖက်သမားတွေနဲ့ အကြမ်းဖက် ဝင်ရောက်တိုက်ခိုက်မှုတွေကြောင့် ဒုက္ခရောက်နေကြတဲ့ ကျွန်တော်တို့ရဲ့ဌာနေတိုင်းရင်းသားတွေ၊ တခြားဒေသက တာဝန်ထမ်းဆောင်ဖို့ လာရောက်ပြီး ဒုက္ခရောက်ရှိသွားတဲ့ ညီနောင်တိုင်းရင်းသားတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုကို ခုခံကာကွယ်ရင်း တိုင်းပြည်အတွက် အသက်ပေးသွားရတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့မိသားစုတွေကို ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့တွေ မအားလပ်တဲ့ကြားကပဲ တိုင်းပြည်နဲ့ လူမျိုးအတွက် ပေးဆပ်မှုတွေကို ကူညီဆောင်ရွက်နေတာပါ"ဟု အလှူငွေရရှိရေးအဖွဲ့ခေါင်းဆောင်က ပြောကြားသည်။

ထိုကဲ့သို့ အလှူငွေရရှိရန် ဩဂုတ် ၂၇ ရက်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး ဆက်လက်၍ အလှူငွေများရရှိစေရေးအတွက် နှိုးဆော်မည်ဖြစ်ကြောင်း၊ မောင်တောဒေသသို့ သွားလာရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ချိတ်ဆက်ပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **လေးဝတီထွန်းစောခိုင်**

**အလိမ္မာ စာမှာရှိ**

# ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်ကျော်လွန်နေသော်လည်း ရောင်းဝယ်ဖောက်ကားမှုမပျက် စည်ကားလျက်ရှိ

**ညောင်တုန်း ဩဂုတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယခုရက်များအတွင်း ဧရာဝတီမြစ်ရေ ဒုတိယအကြိမ် မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေနှင့်အထက်၊ အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေအထက်တို့သို့ ကျော်လွန်ရောက်ရှိကာ ဩဂုတ် ၂၉ ရက် နံနက် ၈ နာရီတိုင်းထွာချက်အရ ၂၅ ဒသမ ၁၅ ပေသို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့ပြင် အဆိုပါဧရာဝတီမြစ်ရေသည် နောက်နှစ်ရက်အတွင်း ဆက်လက်မြင့်တက်ဖွယ် ရှိနေပြီး စိုးရိမ်ရေမှတ်အထက်သို့ ဆက်လက်တည်ရှိနေနိုင်ကြောင်း ခန့်မှန်းထားသည်။ မြို့ပတ်တာ၏ အမြင့်ပေမှာ ၃၀ ဒသမ ၅၀ ဖြစ်သည့်အတွက် လောလောဆယ် အန္တရာယ်မရှိသေးကြောင်း ရန်ကင်းစံရွာကျေးရွာ၌ နေထိုင်သူတစ်ဦးက ပြောသည်။

အဆိုပါမြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပတ်ရေကာတာများ ထူးပေါက်ပေါက်ခြင်း၊ ရေစိမ့်ဝင်ခြင်းမရှိစေရေး ရေဘေးအန္တရာယ်ကင်းဝေးစေရေး၊ မြို့ပတ်ရေကာတာများ ကြံ့ခိုင်မှုရှိစေရေးတို့အတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားရှိကြောင်း၊ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးရုံးမှသိရသည်။ ရေကာတာ၊ ရေပေါက်များကျိုးပေါက်မှုမရှိစေရေး၊ ရေစိမ့်ဝင်နိုင်သောနေရာများအား စနစ်တကျပိတ်ဆို့ကာကွယ်ရေးနှင့် မြို့ပတ်တာကျိုးပေါက်မှုမရှိစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နေ့ညမပြတ်စောင့်ကြည့်လျက်ရှိပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အများပြည်သူများနှင့်ဌာနဆိုင်ရာများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ လက်ရှိအခြေအနေတွင် လမ်းပန်းဆက်သွယ်မှုများ ပုံမှန်ကောင်းမွန်လျက်ရှိပြီး မြို့နယ်အတွင်းရှိဈေးများ၊ ကျောင်းများ ပုံမှန်ဖွင့်လှစ်ရောင်းချလျက်ရှိကာ ဒေသခံပြည်သူများဖြင့် ရောင်းဝယ်ဖောက်ကားမှုများမပျက် စည်ကားလျက်ရှိသည်။ **ထွန်းကျော်(ညောင်တုန်း)**



# ခင်ပွန်းဖြစ်သူ စိတ်ဖောက်ပြန်၍ မိမိကိုယ်ကိုသတ်သေကြောင်း လာရောက်တိုင်ကြားသည့် ဇနီးသည်အား မသင်္ကာ၍စစ်ဆေးရာမှ အမှုမှန်ပေါ်ပေါက်

ပြည် ဩဂုတ် ၂၉

**ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ် ကံကြီးကုန်းကျေးရွာ၌ ဩဂုတ် ၂၆ ရက် ညပိုင်းက အမျိုးသားတစ်ဦး စိတ်ဖောက်ပြန်ကာ မိမိကိုယ်ကိုသတ်သေသည်ဟု သေဆုံးသူ၏ ဇနီးဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူးထံ လာရောက်တိုင်တန်းခဲ့မှုအား ဝက်ထီးကန်နယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာမှ တိုင်တန်းသူ ဇနီးဖြစ်သူကိုယ်တိုင် ကျူးလွန်ခဲ့သည့် လူသတ်မှုဖြစ်စဉ် အမှုမှန်ကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။**



အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် အခင်းဖြစ်နေရာသို့ ဝက်ထီးကန်နယ်မြေ ရဲစခန်းမှူး ရဲအုပ် အောင်လှိုင်ဝင်း ဦးဆောင်သောအဖွဲ့က သွားရောက် စစ်ဆေးရာ မသင်္ကာဖွယ်အမှုအရာ တို့ကို တွေ့ရှိရသဖြင့် ဆက်လက်စစ်ဆေး မေးမြန်းခဲ့ရာ အဆိုပါကျေးရွာနေ မသန်းသန်းဆွေ(၄၅ နှစ်)သည် အခင်း ဖြစ်နေ့ ညနေ ၅ နာရီခန့်တွင် မြေပဲနုတ်ရာမှ နေအိမ်သို့ပြန်လာစဉ် ၎င်းအား အရက်မူးနေသည့် ခင်ပွန်းသည် ကိုဆန်း ညွှန့်နိုင်က အိမ်ပြန်နောက်ကျသည် ဟု ပြောဆိုကာ ဆဲဆိုကြိမ်းမောင်း ခဲ့ကြောင်း၊ ထို့နောက် ခင်ပွန်းဖြစ်သူသည် ဆဲဆိုခြင်းကို ညအထိရပ်တန့်မှုမရှိဘဲ အိပ်ရာထဲမှ ဆက်လက်ဆဲဆိုနေပြီး ည ၈ နာရီခန့်တွင် ဇနီးကို ဓားဖြင့် ခုတ်သတ်မည်ဟုပြောဆိုကာ အနီးရှိဓားမကို ဆွဲယူကြောင်း၊ ထိုသို့ဓားဆွဲယူစဉ် မသန်းသန်းဆွေက ခင်ပွန်းအား အိပ်ရာထဲသို့ ဆောင့်တွန်းပြီး ၎င်း၏ ခန္ဓာကိုယ်ဖြင့် အပေါ်မှတက်ဖိထားခဲ့ကြောင်း၊ ထို့နောက် ခင်ပွန်း၏အောက်၌ ပိနေသော ဓား အသွားကို အပေါ်ဘက်သို့ထောင်ကာ ထိုဓားပေါ်သို့ ခင်ပွန်း၏ လည်ပင်းကိုတင်၍ တက်ဖိသတ်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယင်းဖြစ်စဉ်ကို ခင်ပွန်းဖြစ်သူ စိတ်ဖောက်ပြန်၍ သူ့ကိုယ်သူသတ်သေကြောင်း လိမ်လည်၍ အုပ်ချုပ်ရေးမှူးထံ သွားရောက်တိုင်ကြားခဲ့ခြင်းဖြစ်သည်ဟု ရှင်းပြကြောင်း သိရသည်။

ယင်းအမှုအား ဝက်ထီးကန်နယ်မြေ ရဲစခန်းတွင် အမှုဖွင့်ထားကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# သာစည်မြို့နယ်၌ မူးယစ်ဆေးပြား ငွေကျပ် သိန်း ၃၀၀၀ ကျော်ဖိုး ဖမ်းမိ

**သာစည် ဩဂုတ် ၂၉**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျွဲတပ်ဆုံတိုးဂိတ်အနီး၌ မန္တလေးမြို့ မူးယစ်တပ်ဖွဲ့(၁၈)မှ ရဲအုပ် တင်ထွန်းလင်းအောင်၊ သာစည် မြို့နယ်ရဲစခန်းမှ ဒုရဲအုပ် ဖြိုးဝေအောင်နှင့် အဖွဲ့သည် ဩဂုတ် ၂၈ ရက် ညပိုင်းက တောင်ကြီးဘက်မှ လာသောကားများကို ရှောင်တခင်စစ်ဆေးရှာဖွေခဲ့သည်။

ယင်းသို့ရှာဖွေရာ တောင်ကြီးဘက်မှ ယာဉ်မောင်း ခွန်သန်းကျော်ဌေး မောင်းနှင်သည့် ခရီးသည်တင်ယာဉ်အမှတ် DD/----ကို ရပ်တန့်ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ တောင်ကြီးမြို့ ညောင်ဖြူရပ်နေ မနန်းမိုးဇာ(ခ) မိုးဇာ(၄၂ နှစ်)၏ လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀ (ကာလတန်ဖိုး ငွေကျပ်သိန်း ၃၀၀၀) နှင့် အိုက်စ် ဟုယူဆရသော အကြည်ရောင် ပုံဆောင်ခဲ ၀ ဒသမ ၈၉၈ ကီလိုဂရမ်ခန့် (ကာလတန်ဖိုးငွေကျပ် ၁၇၉၆၀၀၀၀) နှင့် ဖုန်းတစ်လုံး ဖမ်းဆီးရမိခဲ့ပြီး မနန်းမိုးဇာ (ခ)မိုးဇာက ယင်းဆေးပြားများကို နမ့်ဆန်မြို့နယ် ဟိုရမ်းကျေးရွာနေ အမျိုးသမီးတစ်ဦးထံမှ သယ်ယူခ ငွေကျပ် ၁၂ သိန်းဖြင့် ယူဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သာစည်မြို့နယ် ရဲစခန်းက မနန်းမိုးဇာ(ခ)မိုးဇာကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင် (မိတ္ထီလာ)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းတုံးနှင့် ဖြတ်စများဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၈ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမ ကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၈ စီး၊ သွင်းကုန် ၃၈၇ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် အစီး ၁၃၀ ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၈ ရက် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁ ဒသမ ၀၂၀ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၇၂ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇ ဒသမ ၃၉၂ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၈ ရက်က လားရှိုး-ရေပူစခန်းအကြား မိုင်တိုင်အမှတ် ၁၉၇ မိုင် ၅ ဖာလုံ၊ စံလောင်းကျေးရွာအနီး၌ Toyota Vigo (Extra Cab) ရွှေရောင်ယာဉ်တစ်စီး မသင်္ကာဖွယ် ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ ယာဉ်၏ ရှေ့ထိုင်ခုံခြေနင်းအောက်ဘက်နှင့် ယာဉ်၏အနောက်ဘက်တို့၌ အံဝှက်များပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး ၂၀၀၆၈ ကီလို၊ ကျောက်ဖြတ်စ အပိုင်းပြား ၁၅၃ ကီလိုနှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅ ဒသမ ၅၅၀ သန်းခန့်ကို တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# လင်မယားချင်းစကားများရာက သားနှင့် မယားကို ဓားဖြင့်ခုတ်သတ်မှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် အောင်သာကျေးရွာအနောက်ဘက် သပိတ်လုံးတောတိုက်အတွင်း၌ နေထိုင်သည့် ဖော်လင်း(၄၂ နှစ်) သည် ဩဂုတ် ၂၈ ရက် ည ၇ နာရီက ဇနီးဖြစ်သူ မခင်မာသူနှင့် စကားများရန်ဖြစ်စဉ် ဖော်လင်းက အရိုးအသွား ၂၄ လက်မခန့်ရှိ ကိုင်းခုတ်ဓားဖြင့် လိုက်ခုတ်နေသောကြောင့် အစ်မတော်စပ်သူ မခင်ဌေး၏ နေအိမ်သို့ ငါးလသားကလေးကိုပွေ့ချီ၍ ထွက်ပြေးရာနေအိမ်အရောက်တွင် ဖော်လင်းက ဓားဖြင့်ခုတ်လိုက်ရာ မခင်မာသူနှင့် သားဖြစ်သူ ဖိုးသား(ငါးလ) တို့တွင် ဒဏ်ရာများရရှိ သေဆုံးသွားသဖြင့် ဖော်လင်းကို ချင်ပြစ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ရန်ငြိုးရန်စရှိသူနှင့် တွေ့ဆုံရာမှ အသတ်ခံရ



**နေပြည်တော် ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် လက်မြောင်ကျေးရွာနေ ဦးတင်ကြိုင် (၅၆ နှစ်)သည် ဩဂုတ် ၂၈ ရက် ည ၈ နာရီ ၄၅ မိနစ်က နေအိမ်၌ ရှိနေစဉ် ညီဖြစ်သူ ဦးတင်စိုး(၅၄ နှစ်)သည် ပြလို့တိုက်နယ်ဆေးရုံတွင် ဒဏ်ရာများဖြင့် သေဆုံးရောက်ရှိနေကြောင်း သိရှိရ၍ သွားရောက်ကြည့်ရှုမေးမြန်းရာ ဦးတင်စိုးသည် ယခင်နှစ်က ရန်ငြိုးရန်စရှိဖူးသည့် အောင်လံမြို့နယ် ငွေးချိုကျေးရွာနေ ဇော်ဝင်းအောင်(၂၃ နှစ်)နှင့် ငွေးချိုကျေးရွာဇရပ်၌ တွေ့ဆုံစဉ် စကားများ ရန်ဖြစ်ရာမှ ဇော်ဝင်းအောင်က အရိုး အသွား ၂၃ လက်မခန့် ဓားဖြင့် ဦးတင်စိုးအား ခုတ်လိုက်သောကြောင့် ဒဏ်ရာများရရှိ သေဆုံးသွားခြင်းဖြစ်ကြောင်း သိရှိရ၍ အရေးယူပေးရန် တိုင်တန်းသဖြင့် ဇော်ဝင်းအောင်ကို ဒုရင်ဗိုလ်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**


## ကုန်သည်/စက်မှုအသင်းချုပ် လစဉ်ပညာရှင်များ ဟောပြောပွဲဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ လစဉ်ပညာရှင်များ ဟောပြောပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါသဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူများ အခမ်းအနားသို့ တက်ရောက်နိုင်ပါကြောင်းဖိတ်ကြားအပ်ပါသည်။

**ဟောပြောမည့်ခေါင်းစဉ်** - "Make in Myanmar"

**ဟောပြောမည့်သူ** - ၁။ ပါမောက္ခဒေါက်တာအောင်ထွန်းသက်(Moderator)
၂။ ဦးအေးဟန်(CEC-UMFCCI,MD-UPG)
၃။ ဦးဇာနည်ထွေး(JSG(2)-UMTA,MD-Adventure Travel&Incentives)
၄။ ဦးရဲမြင့်မောင်(JSG-Myanmar Food Processors and Association, MD-Myanmar Belle Manufacturing Co.,Ltd)
၅။ ဒေါ်ဖြူဖြူသန့်(Founder-Colourful Monde Original Design @ Natural Myanmar Recycle Souvenirs & Craft Design)

**နေ့ရက်** - ၂၀၁၇ခု၊ စက်တင်ဘာ ၂ရက် (စနေနေ့)
**အချိန်** - နံနက် ၁၀နာရီ
**နေရာ** - မင်္ဂလာခန်းမကြီး၊ ဒုတိယထပ်၊ ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

## ရခိုင်ပြည်နယ်ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ အလှူခံဌာနဖွင့်လှစ်ခြင်း

ARSA အစွန်းရောက်အကြမ်းဖက်များလုပ်ရပ်ကြောင့် ဒုက္ခရောက်နေကြသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များရှိ ဒေသခံတိုင်းရင်းသားများအား ကူညီထောက်ပံ့ပေးနိုင်ရန် ရခိုင်ပြည်နယ် ဘေးဒုက္ခကယ်ဆယ်ရေး ကော်မတီ (ရန်ကုန်)ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။

အလှူငွေလက်ခံဌာနကို ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး အာဇာနည် လမ်း၊ ဗဟန်းမြို့နယ်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ဖွင့်လှစ်ထားရှိပါသဖြင့် ရပ်နီး/ရပ်ဝေးမှ လှူဒါန်းလိုသူများ နံနက် ၁၁နာရီမှ ညနေ ၅နာရီအထိ လူကိုယ်တိုင် ဖြစ်စေ၊ အောက်ပါကမ္ဘောဇဘဏ်စာရင်းသို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

**ရခိုင်ပြည်နယ်ဘေးဒုက္ခကယ်ဆယ်ရေးကော်မတီ (ရန်ကုန်)**

**အလှူခံဌာန** - ရခိုင်ပြည်နယ်ဓမ္မာရုံ၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊
**ဖွင့်လှစ်ချိန်** - နေ့စဉ် နံနက် ၁၀နာရီမှ ညနေ ၅နာရီအထိ
**ကမ္ဘောဇဘဏ်စာရင်းအမှတ်** - ၂၉၈-၃၀၂-၁၂၄၀၀၁၆၃၆၀၁
**ဆက်သွယ်ရန်ဖုန်း** - ၀၉-၄၂၈၆၆၇၂၈၈၊ ၀၉-၄၂၈၆၆၇၂၉၉

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) အံကောင် သတ္တမတန်းမှ မအေးဖြူ၊ စတုတ္ထတန်းမှ မသန္တာဖြိုးတို့၏ ဖခင်အမည်မှန်မှာ ခွန်ခင်မောင် ဖြစ်ပါကြောင်း။ **ခွန်ခင်မောင်**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) အံကောင် တက္ကသိုလ်ဝင်တန်းမှ နန်းကော်ကေးဝါး၏ ဖခင်အမည်မှန်မှာ ဦးမောင်နီ ၃/ကကရ(နိုင်)၂၀၀၄၃၄ ဖြစ်ပါကြောင်း။ **ဦးမောင်နီ**

## ဖောင်းကြွပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 8F/4449 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဘိုးမွှားအောင်

သင့် ကားအတွင်း သိပ်ပူနေသလား
စိန် ခေါ်တဲ့အယ်နီညိုကို တိမ်ပေါ်မှာ အနိုင်ယူလိုက်တဲ့
ဘိုးမွှားအောင်
ကားလေအေးစက်ပြုပြင်ရေးဆိုင်
(ဝါယာရိန်းကိုအုန်းကြွယ် မိသားစုနှင့်ပေါင်းထွက်သည်။)
*ဝန်ဆောင်မှု စိတ်ကြိုက်ဖြစ်စေရမည်။*
စိတ်ရက်မရှိ
လိပ်စာပြောင်း
ယခင် - ဖဆပလစုဆုကြီးပြခန်းဝင်း
ယခု - ဗိုလ်မင်းရောင်လမ်းနှင့် ၁၀၅လမ်းဒေါင့်၊ မင်္ဂလာတောင်ညွန့်။
၀၉-၂၅၄၄၁၀၂၃၇၊ ၀၉-၇၇၁၃၇၄၂၈၂၊ Hot Line ၀၉-၂၅၄၂၅၅၂၈၂

## မိဘအမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ)အံကောင် တက္ကသိုလ်ဝင်တန်းမှ မောင်ဆန်းဦးနှင့် အဋ္ဌမတန်းမှ မရတနာမြင့်တို့၏ မိဘအမည်မှန်မှာ ဦးထွန်းကြည် ၃/ကကရ(နိုင်)၁၉၀၂၁၀နှင့် ဒေါ်အေးမြင့် ၃/ကကရ(နိုင်)၂၄၁၃၉၃ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့်မိဘအမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) အံကောင် သတ္တမတန်းမှ မမီးမီး၏ အမည်မှန်မှာ နော်ကြည်ကြည်မိုးဝင်းနှင့် မိဘအမည်မှန်မှာ ဦးစိန်တင်နှင့်ဒေါ်မခင်လှဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) အံကောင် တက္ကသိုလ်ဝင်တန်းမှ မချိုချို သန်းနှင့် နဝမတန်းမှ မောင်အောင်သန်း အောင်တို့၏ မိဘအမည်မှန်မှာ ဦးစိန်သန်း နှင့် ဒေါ်မမော်တို့ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကော့ကရိတ်မြို့နယ်၊ အထက(ခွဲ) အံကောင် နဝမတန်းမှ မိစုဝတီ၊ ဒုတိယတန်းမှ မစုသဇင်ထွေးတို့၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းတင် ဖြစ်ပါကြောင်း။ **ဒေါ်စန်းစန်းတင်**

**တစ်ဦးတည်း ဖြစ်ပါကြောင်း**

ဦးဘိုးထောင်၏သမီး ဒေါ်မြမြသက်သည် အမှုထမ်းသက်စာအုပ်ပါ ဒေါ်မြ(ခ)ဒေါ်မြမြနှင့်ဒေါ်မြမြသက် ၁၂/အစန(နိုင်)၁၃၁၆၁၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဒေါ်မြ(ခ)ဒေါ်မြမြ(ခ)ဒေါ်မြမြသက်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ကန်တော်လေးအိမ်ရာစခန်း၊ တိုက် ၁၁၊ အခန်း ၁၀အား မူလအမည်ပေါက်ပိုင်ရှင်များဖြစ်သော ဒေါ်ခင်သန်းဝင်းနှင့် ဦးဝင်းဇော်တို့၏သဘောတူညီချက်မပါရှိဘဲတိုက်ခန်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း မပြုလုပ်ပါရန် တားမြစ်ပါသည်။ ပြုလုပ်ပါက ရောင်း/ဝယ်သူ၏ တာဝန်သာဖြစ်ပါကြောင်း။

(ဖုန်း-၀၉-၅၀၁၈၉၁၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။)

**ပိုင်ရှင်-ဒေါ်ခင်ဆန်းဝင်း ၁၂/ကတတ(နိုင်)၀၀၇၈၈၉**
**ဦးဝင်းဇော် ၉/မခန(နိုင်)၀၁၄၃၄၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6735, Toyota Belta SCP 92, Saloon ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဌေး ၁၂/ကမရ(နိုင်)၀၁၅၉၆၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## သွေးသည် အသက်




# မြန်မာအမျိုးသားဟော်ကီအသင်း ငွေတံဆိပ်ရရှိ

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

ဆီးဂိမ်းအမျိုးသားဟော်ကီပြိုင်ပွဲ ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို ယနေ့ညနေပိုင်းက ဘူကစ်ဂျာလီ အမျိုးသားဟော်ကီကွင်း၌ ကျင်းပရာ မြန်မာအမျိုးသားဟော်ကီအသင်း ငွေတံဆိပ်ရရှိခဲ့သည်။ မြန်မာအသင်းသည် ဗိုလ်လုပွဲတွင် အိမ်ရှင်မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ၁၄ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသားဟော်ကီအသင်းသည် ကမ္ဘာ့ထိပ်တန်းအဆင့်ရှိသည့် အိမ်ရှင်မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်ပြီး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် ဂိုးပြတ်သွားခဲ့ခြင်းဖြစ်သည်။ ရွှေတံဆိပ်ရရှိသွားသည့် မလေးရှားဟော်ကီအသင်းသည် ကမ္ဘာ့ဖလားဟော်ကီပြိုင်ပွဲ ယှဉ်ပြိုင်နေသည့်အသင်းဖြစ်သောကြောင့် လက်စွမ်းကွာခြားခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဟော်ကီအသင်းသည် မလေးရှားအသင်းနှင့် အုပ်စုတွင်း တွေ့ဆုံရာတွင် ခြောက်ဂိုးပြတ် ရှုံးနိမ့်ခဲ့သည်။

မြန်မာအမျိုးသားဟော်ကီအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပထမဆုံး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကာ ငွေတံဆိပ်ဆုကို ပထမဆုံးအကြိမ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသားဟော်ကီအသင်းသည် ၂၀၁၃ နှင့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရပြီး ယခုအကြိမ်တွင် အောင်မြင်မှုရခဲ့ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**



ငွေတံဆိပ်ရခဲ့သည့် မြန်မာအမျိုးသားဟော်ကီအသင်းအား ဆုယူအပြီးတွေ့ရစဉ်

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၉-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၁၄၀ | ၉၁ | ၈၄ | ၃၁၅ |
| ၂ | ထိုင်း | ၇၀ | ၈၆ | ၈၇ | ၂၄၃ |
| ၃ | ဗီယက်နမ် | ၅၈ | ၅၀ | ၅၉ | ၁၆၇ |
| ၄ | စင်ကာပူ | ၅၇ | ၅၃ | ၇၂ | ၁၈၂ |
| ၅ | အင်ဒိုနီးရှား | ၃၈ | ၆၂ | ၈၉ | ၁၈၉ |
| ၆ | ဖိလစ်ပိုင် | ၂၄ | ၃၃ | ၆၄ | ၁၂၁ |
| ၇ | မြန်မာ | ၇ | ၁၀ | ၂၀ | ၃၇ |
| ၈ | ကမ္ဘောဒီးယား | ၃ | ၂ | ၁၂ | ၁၇ |
| ၉ | လာအို | ၂ | ၃ | ၂၁ | ၂၆ |
| ၁၀ | ဘရူနိုင်း | ၀ | ၅ | ၉ | ၁၄ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၃ | ၃ |

# မြန်မာ ယူ-၂၂ အသင်း ဆုတံဆိပ်နှင့်လွဲချော်



မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားစဉ်

**ကွာလာလမ်ပူ ဩဂုတ် ၂၉**

မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ တတိယနေရာလုပွဲကို ယနေ့ ညနေပိုင်းက ဆီလာယန်ကွင်း၌ ကျင်းပရာ မြန်မာအသင်းသည် အင်ဒိုနီးရှားကို ရှုံးနိမ့်ခဲ့ပြီး တတိယဆုနှင့် လွဲချော်ခဲ့ရသည်။

မြန်မာအသင်းသည် ကြေးတံဆိပ်ရရှိရန် ကြိုးစားခဲ့သော်လည်း ပထမပိုင်းတွင်ရရှိသည့် ဦးဆောင်ဂိုးအား မထိန်းနိုင်ခဲ့ဘဲ ဒုတိယပိုင်းတွင် သုံးဂိုးပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားပုံကောင်းခဲ့သော်လည်း ဒုတိယပိုင်းတွင် အမှားများခဲ့သလို နည်းပြ၏ နည်းဗျူဟာအားနည်းမှု၊ ကစားသမားများ ခြေစွမ်းမပြနိုင်ခြင်းကြောင့် သုံးဂိုးပြန်ပေးရကာ ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ဆက်လက်ပွဲထွက်လာခဲ့ပြီး အင်ဒိုနီးရှားအသင်းကို ရင်ဆိုင်ခဲ့သည်။ နှစ်သင်းစလုံး တတိယကြေးတံဆိပ်ဆုအတွက် ကြိုးပမ်းခဲ့ပြီး ဂိုးသွင်းခွင့်များ အပြန်အလှန်ရှိခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် တစ်ဦးချင်းလျင်မြန်မှုကို ဦးစားပေးထိုးဖောက်ခဲ့ပြီး မြန်မာအသင်းမှာမူ အသင်းလိုက်ကစားအားဖြင့် ထိုးဖောက်ခဲ့သည်။ ၂၄ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး မောင်မောင်လွင် ဖန်တီးပေးသောဘောလုံးကို သန်းပိုင်က ပိတ်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးရနိုင်သည့် ဂိုးသွင်းခွင့် သုံးကြိမ်ရခဲ့သော်လည်း အောင်သူ၏ကန်ချက် လွဲချော်ခဲ့သလို လှိုင်းဘိုဘို၏ ကန်ချက် တိုင်ထိ၊ မောင်မောင်လွင်၏ ကန်ချက် ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းတွင် အင်ဒိုနီးရှားအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာခဲ့ပြီး မြန်မာအသင်းမှာ ခံစစ်ဗျူဟာ အပြောင်းအလဲ မလုပ်နိုင်ခဲ့သလို အနိုင်ရလဒ်ကိုလည်း မထိန်းထားနိုင်ခဲ့သောကြောင့် ဂိုးများ ဆက်တိုက်ပေးခဲ့ရသည်။ ၅၄ မိနစ်တွင် အင်ဒိုနီးရှားအသင်း ချေပဂိုး ပြန်ရခဲ့ပြီး အီဇန်၏ ကန်သွင်းမှု မြန်မာနောက်ခံလူနှင့်ထိပြီး ဂိုးဝင်သွားခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် အင်ဒိုနီးရှားအသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး ဒေးဗစ်က အဝေးမှ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ အင်ဒိုနီးရှားအသင်းသည် ၎င်းတို့အားသန်သည့် တောင်ပံနှစ်ဖက်ကို အားပြုကစားခဲ့ပြီး မြန်မာနောက်ခံလူများ မထိန်းနိုင်ဖြစ်ခဲ့ရသည်။ အင်ဒိုနီးရှားအသင်းအတွက် တတိယဂိုးကို ၇၈ မိနစ်တွင် ဟီဆူနာက သွင်းယူခဲ့သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်(ခေတ္တ-မလေးရှား)**


## ARSA အစွန်းရောက်အကြမ်းဖက်သမားများ အန္တရာယ်ကိုခံစားနေရသော ရခိုင်ပြည်နယ်အတွင်းမှ တိုင်းရင်းသားပြည်သူများအတွက် ငွေနှင့်ပစ္စည်းများလှူဒါန်းနိုင်ကြောင်း အသိပေးကြေညာခြင်း

၁။ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ခုနှစ် ဩဂုတ်လတွင် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ ဖြစ်ပွားနေသော ARSA အစွန်းရောက်အကြမ်းဖက်သမားများ အန္တရာယ်ခံစားနေရသည့် တိုင်းရင်းသားပြည်သူများအတွက် ပေးပို့လာသည့်အလှူငွေနှင့် ပစ္စည်းများအား စနစ်တကျ လက်ခံဖြန့်ဖြူးနိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ **“အလှူပစ္စည်းများ လက်ခံဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ”**ကို ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အနယ်နယ်အရပ်ရပ်မှ ပေးပို့ဆက်သွယ်လှူဒါန်းလိုသည့် စေတနာရှင်ပြည်သူများ/အဖွဲ့အစည်းများအနေဖြင့် စစ်တွေမြို့ မြန်မာ့စီးပွားရေးဘဏ်ငွေစာရင်းအမှတ်(CF-003420)သို့လည်းကောင်း၊ အောက်ပါပုဂ္ဂိုလ်များထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးကျော်လှထွန်း ပြည်နယ်ဥပဒေချုပ် ဖုန်း-၀၉-၄၅၂၂၅၅၅၆၅
(ခ) ဦးအောင်စောမြ ပြည်နယ်ဦးစီးမှူး ပြည်နယ်အား/ကာဦးစီးဌာန ဖုန်း-၀၉-၂၅၃၁၀၆၀၅၀
(ဂ) ဦးတင်လတ် ဒုတိယညွှန်ကြားရေးမှူး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး ဖုန်း-၀၉-၄၂၈၃၃၀၀၃၃

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၊ မြေတိုင်းရပ်ကွက်အမှတ် (၃၃ တိုးချဲ့)၊ ပုလဲလမ်း၊ မြေကွက်အမှတ် (၄၃၆) ၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးသောင်းညွန့် ( ISN-၃၂၅၁၉၄) အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ချမ်းငြိမ်း (၁၂/ဗဟန (နိုင်)၀၉၁၈၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက် နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း:- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ကပစ(၄)ဝင်း တိုက်(၁၀၂)၊ အခန်း(၇)နေ မောင်သီဟချို(ခ)မောင်ဟိန်းသူရ ၉/တသန(နိုင်)၁၄၃၉၅၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သီဟချို(ခ)မောင်ဟိန်းသူရ**

## ဖခင်အမည်မှန်

တောင်သာမြို့၊ ရုံးစည်ကြီး အထက တက္ကသိုလ်ဝင်တန်း(A)မှ မောင်အောင်အောင်ဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးဝင်း ၉/တသန(နိုင်)၁၄၆၂၈၇ ဖြစ်ပါကြောင်း။

**ဦးအောင်မိုးဝင်း**

## ဖခင်အမည်မှန်

တောင်သာမြို့၊ နန်းတည် အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မမြလေးဖြူ၏ ဖခင်အမည်မှန်မှာဦးသန်းလှိုင် ၉/တသန(နိုင်)၀၁၁၆၂၆ ဖြစ်ပါကြောင်း။

**ဦးသန်းလှိုင်**

## အများသိစေရန်သတိပေးခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ **Bangkok Women's Health Centre** ၏ မန်နေဂျာ ဦးဇော်လင်းထိုက်၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာလိုက်သည်။

ကျွန်ုပ်၏အမှုသည်၏ ယခင်က ဝန်ထမ်းဖြစ်သူ မသိမ့်ဟယ်နီထွန်းအပေါ် **Bangkok Women's Health Centre** မှ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့မရဲစခန်း၊ ဗဟန်းမြို့နယ်တွင် ဆက်သွယ်ရေးဥပဒေ ပုဒ်မ-၆၆ (ဃ) အရ (၁၉. ၈. ၂၀၁၇) ရက် နေ့တွင် ပထမသတင်းပေးတိုင်တန်းချက် ရေးဖွင့်ခဲ့ပါသည်။

ယခုအခါ ယင်းအကြောင်း အရာများကို လူမှုကွန်ယက်များတွင် လည်းကောင်း၊ သတင်းဂျာနယ်တွင် လည်းကောင်း ဝေဖန်ရှင်းလင်းရေးသား ဖော်ပြနေ သည်ကို တွေ့နေရပါသည်။

ယင်းသို့ ရဲကစုံစမ်းဆဲအမှုနှင့်ပတ်သက်၍ ဝေဖန်ခြင်း၊ မှတ်ချက်များရေးခြင်း၊ ထောက်ခံ ပြောဆိုခြင်းမှအစ မှတ်ချက်ပြုခြင်းတို့သည် ဥပဒေနှင့်အညီ ရဲက ဆောင်ရွက်နေခြင်းနှင့် တရားစီရင်ရေးကိုနှောက်ယှက်ဟန့်တားရာ ရောက်စေသည့်အတွက် နောင်တွင် မည်သူမျှ မပြုလုပ်ကြရန် သတိပေးလိုက်သည်။

မလိုက်နာပျက်ကွက်ပါက ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူလိမ့်မည်ဖြစ်ကြောင်း သတိပေးလိုက်သည်။

ဦးမင်းစိန်၊ တရားလွှတ်တော်ရှေ့နေ ၊ (၇)ထပ်၊ ပန်းဆိုးတန်းအော့ဖစ်(စ်)တာဝါ (စဉ်-၁၆၉၉) ၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ် ၊ မြေတိုင်းရပ်ကွက် အမှတ် (၁ ကံဘဲ့) ၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ် (၅)၊ အိမ်အမှတ်(၆/က)၊ အကျယ်အဝန်း (၀.၁၃၂ ဧက) ရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို အမည်ပေါက်ပိုင်ရှင် ဦးရန်နိုင်စိုး(ခ)လူကြားဝမ် (၁၂/ကတတ (ဧည့်) ၀၀၀၀၈၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

Hein Htet San Law Firm ဖုန်း:- ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅

## ဖခင်အမည်မှန်

တောင်သာမြို့၊ ရုံးစည်ကြီး အထက တက္ကသိုလ်ဝင်တန်း(B)မှ မောင်မြင့်သိန်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၉/တသန(နိုင်)၀၁၅၇၉၉ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**


## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ မြို့ရှေ့၊ အထက(၃) တက္ကသိုလ်ဝင်တန်း(D)မှ မအိသဲဖြူ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းအရဦးအောင်စည်သူ ၁၄/လလန(နိုင်)၀၀၃၁၁၀ ဖြစ်ပါကြောင်း။

**ဦးအောင်စည်သူ**

## ဖခင်အမည်မှန်

ပုသိမ်မြို့၊ အထက(၂) အဌမတန်း(C)မှ မဝတ်ရည်ဖူးနှင့် ပုသိမ်မြို့ အမက(၉) ယိုးဒယားကုန်း တတိယတန်း(C)မှ မောင်သန့်ဇင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ထွဋ် ၁၄/ပသန(နိုင်)၁၀၉၆၇၉ ဖြစ်ပါကြောင်း။



## တရုတ်နိုင်ငံ၌ (၉) ကြိမ်မြောက် ဘရစ်အစည်းအဝေးကျင်းပမည်

**ပေကျင်း ဩဂုတ် ၂၉**

တရုတ်နိုင်ငံ ရှမိန်မြို့၌ စက်တင်ဘာလတွင် ကျင်းပမည့် (၉) ကြိမ်မြောက် ဘရစ်ထိပ်သီးအစည်းအဝေးပွဲတွင် ဘရစ်အဖွဲ့ဝင် နိုင်ငံများဖြစ်သော ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံတို့မှ အဖွဲ့အစည်းကြီး၏အနာဂတ်လုပ်ဆောင်ချက်များနှင့်ပတ်သက်ပြီး မည်ကဲ့သို့ အရေးကြီး အချက်အလက်များကို ထည့်သွင်းအစီအစဉ် ရေးဆွဲသွားရေးကို ဆွေးနွေးမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မကြာသေးမီက ဖော်ပြခဲ့သည်။

၂၀၁၇ခုနှစ်တွင် ဘရစ်အဖွဲ့အစည်း၏ အလှည့်ကျဥက္ကဋ္ဌဖြစ်လာသော တရုတ်နိုင်ငံသည် ဘရစ်ယန္တရားတွင် ကြီးမားသော ထောက်ပံ့သူတစ်ဦးဖြစ်သည့်အပြင်တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိကြောင်း သိရသည်။ ထို့အတူ အခြားသော ဘရစ်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ၎င်း၏သံတမန်ရေးရာအစီအစဉ်တွင် ပထမဦးစားပေးအဆင့်အဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဘရစ်နှင့်ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ရိက ဘရစ်အဖွဲ့ဝင် နိုင်ငံများသည် လက်ချောင်းငါးချောင်းပုံသဏ္ဌာန်ရပ်တည်နေသောကြောင့် အတိုအရှည်မညီသော်လည်း အတူတကွ စုစည်းလိုက်ပါက အားကောင်းသည့် လက်သီးတစ်ချက်ဖြစ်လာနိုင်ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်၏ စကားကို ကိုးကားပြောဆိုခဲ့သည်။ ထို့အပြင် ပိုမိုလက်တွေ့ကျပြီး ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ဖော်ဆောင်နိုင်ရန် ဘရစ်ပလက်စ်နည်းလမ်းအရ အဖွဲ့အစည်း၏ မိတ်ဖက်ဆောင်ရွက်မှုမှ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် အကျိုးတူဆောင်ရွက်မှုများကို ချဲ့ထွင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ အခြားစီးပွားရေးနိုင်ငံများအတွက်အခွင့်အလမ်းကောင်းများကို ဖြည့်ဆည်းပေးနိုင်ကာ ကမ္ဘာလုံးလွှမ်းခြုံစီးပွားရေးစနစ်ကို တွန်းအားပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ဘရစ်ပလက်စ်နည်းလမ်းဖြင့် ကမ္ဘာ့တောင်ခြမ်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအတွက် ဦးဆောင်ပလက်ဖောင်းတစ်ခုအဖြစ် ချမှတ်နိုင်မည်ဖြစ်သည်။

ဘရစ်ပလက်စ်တွင် အရေးကြီးပံ့ပိုးသူမှာ ဘရစ်ဖွံ့ဖြိုးမှုဘဏ်မှဖြစ်ကြောင်း သိရသည်။ (ဆင်ဟွာ)

## မြောက်ကိုရီးယားက ပစ်ခတ်လိုက်သည့်ဒုံးကျည် ဂျပန်အရှေ့ပိုင်းသို့ ကျရောက်

**တိုကျို ဩဂုတ် ၂၉**

မြောက်ကိုရီးယားသည် ဂျပန်နိုင်ငံမြောက်ပိုင်းရှိ ဟော့ကိုင်းဒိုးကျွန်းကိုကျော်၍ ဒုံးကျည်တစ်စင်းကို ပစ်ခတ်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားက ပစ်လွှတ်လိုက်သည့်ဒုံးကျည်သည် တာလတ်အဆင့်ရှိ တိုက်ချင်းပစ်ဒုံးကျည်ဖြစ်နိုင်သည်ဟု ဂျပန်အစိုးရက ပြောကြားခဲ့သည်။

တောင်ကိုရီးယားတပ်မတော်ကမူ အဆိုပါဒုံးကျည်သည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၅၅၀ကီလိုမီတာခန့်အထိ ရောက်ရှိခဲ့ပြီး ကီလိုမီတာ ၂၇၀၀အကွာအဝေးအထိ ပျံသန်းခဲ့သည်ဟု ဆိုသည်။

ဒုံးကျည်ကိုပြုံယမ်းနိုင်ငံတကာလေဆိပ်အနီးမှ ပစ်ခတ်လိုက်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားက ယူဆခဲ့သည်။ အမေရိကန်က မြောက်ကိုရီးယားနိုင်ငံအပေါ် သတိပေးမှုများ ပိုမိုလုပ်ဆောင်လာပြီးနောက်တွင် အမေရိကန်ပြည်ထောင်စုနှင့် မြောက်ကိုရီးယားနိုင်ငံအကြားတင်းမာမှုများ အရှိန်မြင့်သထက်မြင့်လာခဲ့သည်။

ထို့ထက်ပိုဆိုးသည်မှာ အမေရိကန်နှင့်တောင်ကိုရီးယားတပ်ဖွဲ့များက ပူးတွဲစစ်ရေးလေ့ကျင့်မှုများကို လုပ်ဆောင်လာခြင်းက မြောက်ကိုရီးယားကိုပို၍ ဒေါသထွက်စေခဲ့သည်။ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပြီးခဲ့သည့်ရက်သတ္တပတ်က စတင်လုပ်ဆောင်ခဲ့ပြီး လာမည့်ကြာသပတေးနေ့အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)




## ကဘူးလ်မြို့ရှိ ဘဏ်တစ်ခုကို အသေခံဗုံးခွဲသမားများက တိုက်ခိုက်ရာ ငါးဦးထက်မနည်းသေဆုံး



**ကဘူးလ် ဩဂုတ် ၂၉**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့ရှိ အကာအကွယ်များတင်းကျပ်စွာချထားသည့် အမေရိကန်သံရုံးအနီးရှိ ဘဏ်တစ်ခုကို အသေခံဗုံးခွဲသမားတစ်ဦးက အသေခံဗုံးခွဲမှုပြုလုပ်ခဲ့ရာ လူငါးဦးထက်မနည်းသေဆုံးခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အသေခံဗုံးခွဲသမားသည် သံရုံးအနီး ကဘူးလ်မြို့၏ လူကုံထံရေိယာအတွင်းရှိ ကဘူးလ် ဘဏ်တစ်ခု၏ဝင်ပေါက်ကို ဗုံးခွဲတိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နာဂျစ်ဒန်နစ်ရှ်က ပြောကြားခဲ့သည်။

တိုက်ခိုက်မှုကို တာလီဘန်တို့ကလုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါနေ့တွင် ဘဏ်များသည် ရက်သတ္တပတ် အကုန်လောက်တွင် ကျရောက်မည့် အစ္စလာမ်ဘာသာဝင်များ၏ အစ်အယ်လ်ဒါနေ့မတိုင်မီ ငွေလာရောက်ထုတ်ယူကြသူများဖြင့် အလုပ်များလျက်ရှိသည်။ တာလီဘန်စစ်သွေးကြွများက တပ်မတော်သားများကိုပစ်မှတ်ထားခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရဲတပ်ဖွဲ့က ၎င်းတို့၏လစာငွေများကို ရုပ်သိမ်းသွားခဲ့သည်။

ကဘူးလ်မြို့၌ နောက်ဆုံးဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုများသည် မြို့တွင်း၌ မည်မျှအန္တရာယ်ရှိနေကြောင်း မီးမောင်းထိုးပြခဲ့သည်။ ယခုနှစ်၏ပထမနှစ်ဝက်မှာပင် တိုက်ခိုက်မှုများကြောင့် သေဆုံးသူအရပ်သားအရေအတွက်မှာ ၂၀၉ ဦးအထိရှိခဲ့ပြီး ၇၇၇ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂကဖော်ပြသည့် ကိန်းဂဏန်းများအရ သိရသည်။

အစ္စလာမ္မစ်ဥပဒေများကို ပြန်လည်လွှမ်းမိုးနိုင်ရန်နှင့် ကဘူးလ်ရှိအစိုးရကို ကျောထောက်နောက်ခံပေးထားသည့် နိုင်ငံတကာအင်အားစုများကို တိုက်ထုတ်ပစ်နိုင်ရန် ကြိုးပမ်းနေကြသည့် တာလီဘန်စစ်သွေးကြွများသည် အာဖဂန်မြို့တော် ကဘူးလ်၌ တိုက်ခိုက်မှုများ အရှိန်မြင့်လုပ်ဆောင်လာလျက်ရှိသည်။

(ရိုက်တာ)

## အိန္ဒိယနိုင်ငံ၌ တစ်လအတွင်း လေးကြိမ်မြောက် ရထားလမ်းချော်မှု ဖြစ်ပွား

**နယူးဒေလီ ဩဂုတ် ၂၉**

အိန္ဒိယနိုင်ငံ၌ ၁၀ ရက်အတွင်း စတုတ္ထအကြိမ်မြောက် ရထားလမ်းချော်မှုဖြစ်ပွားခဲ့သော်လည်း လက်ရှိအချိန်တွင် သေဆုံးဒဏ်ရာရရှိသည့်စာရင်းကို မဖော်ပြသေးကြောင်း သိရသည်။ စတုတ္ထမြောက်ရထားလမ်းချော်မှုသည် နာ့ပါရ်မြို့နှင့် မွမ်ဘိုင်းကြားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရထားလမ်းချော်မှုသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီ ၃၅မိနစ်တွင်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်သည့်အချိန်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိသောကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများနှောင့်နှေးခဲ့ရကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ရထားလမ်းကွန်ရက်သည် ကမ္ဘာ့အကြီးဆုံးရထားလမ်းကွန်ရက်တစ်ခုဖြစ်သော်လည်း ဟောင်းနွမ်းပြီး ပြုပြင်ထိန်းသိမ်းမှုမရှိသောကြောင့် မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိကြောင်း သိရသည်။ ဩဂုတ်လ ၁၉ ရက်က ရထားလမ်းချော်မှုတွင် လူပေါင်း ၂၃ဦးသေဆုံးခဲ့ပြီး ၁၅၀ ကျော်ဒဏ်ရာရရှိခဲ့ကာ ဩဂုတ်လ ၂၃ ရက် ရထားလမ်းချော်မှုတွင် လူပေါင်း ၇၀ ကျော် ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ်လ ၂၅ ရက်နေ့တွင်လည်း ရထားလမ်းချော်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သေးသည်။

အိန္ဒိယနိုင်ငံ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ကြီးစူရက်ရှ်ပရာဘူက ရထားများမကြာခဏ မတော်တဆမှုဖြစ်ပွားနေသောကြောင့် ဩဂုတ်လ ၂၃ ရက်နေ့တွင် နုတ်ထွက်စာတင်ခဲ့ကြောင်း သိရသည်။ (ဆင်ဟွာ)

## နိုင်ငံတကာ သတင်းတိုထွာ

### တရုတ်နိုင်ငံ၌ မြေပြိုမှုများဖြစ်ပွား

**ကွီကျိုး ဩဂုတ် ၂၉**
တရုတ်နိုင်ငံ ကွီကျိုးပြည်နယ် အနောက်တောင်ပိုင်း ဘီကျီမြို့တွင် ဩဂုတ် ၂၈ ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးခဲ့ပြီး အခြား ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

မြေပြိုမှုသည် ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကျန်းကျဝမ်မြို့နယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အိမ်ထောင်စု ၃၄ စုမြေပြိုမှုဒဏ်ကို ခံစားခဲ့ရကြောင်း ဘီကျီသတင်းထုတ်ပြန်ရေးဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ကယ်ဆယ်ရေးသမားများသည် လူလေးဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး သေဆုံးအလောင်းနှစ်လောင်းကိုလည်း တွေ့ရှိခဲ့သည်။ မြေပြိုမှုကြောင့် အခုချိန်ထိ လူပေါင်း ၂၅ ဦးပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။ ဒေသဆိုင်ရာ အရပ်ဘက်အာဏာပိုင်များက သဘာဝဘေးသင့်မြေပြိုနေရာအား တဲများ၊ စောင်များနှင့် အိပ်ရာများပေးခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

### သဘာဝဘေး ဒုက္ခများကြောင့် ရှစ်လအတွင်း ဗီယက်နမ်တွင် လူပေါင်း ၁၁၆ဦးသေဆုံး

**ဟနွိုင်း ဩဂုတ် ၂၉**
ယခုနှစ် ဩဂုတ်လအထိဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကြောင့် ဗီယက်နမ်တွင် လူပေါင်း ၁၁၆ ဦး သေဆုံးခဲ့ကြောင်းနှင့် အမေရိကန်ဒေါ်လာသန်း ၂၅၀ ဆုံးရှုံးလျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်တားဆီးထိန်းချုပ်ရေးဌာနက ဩဂုတ် ၂၈ ရက်တွင် ပြောခဲ့သည်။

အပူပိုင်းမုန်တိုင်းများ အပါအဝင် သဘာဝဘေးအန္တရာယ်များကြောင့် ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားပြီး အိမ်ခြေ ၁၀၃၀ခန့်ပျက်စီးခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်ရှိ အထွေအထွေဌာနခွဲက ပြောခဲ့သည်။ လာမည့်သုံးရက်အတွင်း တောင်ကုန်းထူထပ်သော လောင်ကိုင်၊ လိုင်ချောနှင့် ဟဂီယန်းတို့ အပါအဝင် ဗီယက်နမ်မြောက်ပိုင်း ဒေသများတွင် မိုးသည်းထန်စွာရွာသွန်း နိုင်သည်ဟု ခန့်မှန်းထားပြီး အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရုတ်တရက်ရေကြီးခြင်းနှင့်မြေပြိုမှုများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။
**(ဆင်ဟွာ)**

### ပေကျင်းတွင် ၂၀၁၇ ခုနှစ်အတွင်း ပန်းခြံ ၁၅ ခု တည်ဆောက်သွားမည်

**ပေကျင်း ဩဂုတ် ၂၉**
ပေကျင်းတွင် ပန်းခြံ ၁၅ ခုကို ယခုနှစ်အတွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဩဂုတ် ၂၈ ရက်တွင် ပြောခဲ့သည်။

အဆိုပါ ပန်းခြံတည်ဆောက်ပြီးစီးသွားမည်ဆိုပါက နိုင်ငံသား ၇၇ ရာခိုင်နှုန်းသည် ၎င်းတို့အိမ်နှင့် ၅၀၀ မီတာအတွင်း၌ရှိသော အဆိုပါ ပန်းခြံများတွင် အပန်းဖြေအနားယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ မြို့တော် စီမံကိန်းအရ ၈၅ ရာခိုင်နှုန်းသော ဒေသခံပြည်သူများအနေဖြင့် လာမည့် ၂၀၂၀ပြည့်နှစ်တွင် ထိုကဲ့သို့ အခွင့်အရေးမျိုးရရှိမည်ဖြစ်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာရပ်ကမ္ဘာရဲ့ ပစ်ပယ်မှုကြောင့် အီရန်နဲ့ ပိုမိုနီးစပ်သွားတဲ့ ကာတာ

**ခြူးစန္ဒီမွေး**



၂၀၁၇ ခုနှစ် ဇွန်လပထမပတ်အတွင်းမှာပဲ ကာတာနိုင်ငံကို အာရပ်ကမ္ဘာက အင်အားကြီးနိုင်ငံအချို့က သံတမန်အဆက်အသွယ် ဖြတ်တောက်ခဲ့ပါတယ်။ အဆက်အသွယ်ဖြတ်တောက်ခဲ့တဲ့ နိုင်ငံတွေထဲမှာတော့ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ အီဂျစ်နဲ့အာရပ်စော်ဘွားပြည်ထောင်စုတို့ ပါဝင်ခဲ့ပါတယ်။ ဆက်သွယ်ရေးဖြတ်တောက်ခဲ့ရတဲ့ အကြောင်းအရင်းကတော့ အကြမ်းဖက်သမားတွေကို ကာတာနိုင်ငံက ထောက်ပံ့မှုတွေပြုလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပဲဖြစ်ပါတယ်။ ဒီတော့အာရပ်ကမ္ဘာမှာအထီးကျန်ဖြစ်သွားတဲ့ ကာတာနိုင်ငံဟာ ဒီအတိုင်းတော့ ထိုင်မနေပါဘူး။ တစ်ချိန်တုန်းက ပထဝီနိုင်ငံရေးအရ ရန်ဘက်ဟောင်းဖြစ်တဲ့ အီရန်နဲ့ သံတမန်ဆက်ဆံရေးကို ပြန်လည်ထူထောင်ခဲ့ပါတယ်။ ဒီလိုမျိုး အီရန်နိုင်ငံနဲ့ လက်တွဲလိုက်ခြင်းဖြင့် အရှေ့အလယ်ပိုင်းဒေသရဲ့ နိုင်ငံရေးအခြေအနေတွေကို လှုပ်ခတ်စေပါတယ်။

ကာတာနဲ့ အီရန်တို့ဟာ သံတမန်ဆက်သွယ်ရေးပြတ်တောက်ခဲ့တာဟာ လပေါင်း ၂၀ ကျော်ကြာမြင့်ခဲ့ပါတယ်။ အကြောင်းရင်းကတော့ ဆော်ဒီအာရေဗျက သံတမန်နှစ်ဦး အီရန်မှာ တိုက်ခိုက်ခံခဲ့ရလို့ပါ။ အဲဒီအကြောင်းပြချက်ကြောင့် အီရန်နဲ့ သံတမန်ဆက်သွယ်ရေး ဖြတ်တောက်ခဲ့ရပေမယ့် ယခုအခါမှတော့ အီရန်နဲ့ ပြန်လည်ဆက်သွယ်ဖို့ကာတာ သံတမန်တွေကို အီရန်နိုင်ငံရဲ့မြို့တော် တီဟီရန်ကို ပြန်လည်စေလွှတ်ခဲ့ပါတယ်။

အီရန်နဲ့ သံတမန်ဆက်သွယ်ရေးပြန်လည်ပြုလုပ်တာနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းပြောကြားတာမျိုး မရှိပါဘူး။ ဒါပေမယ့် ကာတာနိုင်ငံရဲ့ လုပ်ရပ်ဟာ ဆော်ဒီအာရေဗျကိုတော့ မခံချိမခံသာဖြစ်စေမှာပါ။ ကာတာကို ဆက်သွယ်ရေး ဖြတ်တောက်ခဲ့တဲ့ အဓိက အကြောင်းရင်းတွေထဲမှာ အီရန်နဲ့ရင်းနှီးတဲ့ ဆက်ဆံမှုရှိတာလည်း တစ်ခုအပါအဝင်ပါပဲ။ အီရန်က ထောက်ပံ့ပေးထားတဲ့ အကြမ်းဖက်စစ်သွေးကြွတွေကို ကာတာနိုင်ငံက အားပေးအားမြှောက် ပြုတယ်လို့ ဆော်ဒီ၊ ဘာရိန်း၊ အီဂျစ်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့က အခိုင်အမာ စွပ်စွဲခဲ့ကြတာပါ။

ရေနံကြွယ်ဝတဲ့ ပင်လယ်ကွေ့နိုင်ငံတွေရဲ့အချင်းချင်းအဆင်မပြေမှုကိုတော့ အမေရိကန်၊ ဂျာမနီနဲ့ ကူဝိတ်နိုင်ငံတို့က ဝင်ရောက်ဖြေရှင်းပေးလို့ မရပါဘူး။ လတ်တလော အခြေအနေအရတော့ ဒီပင်လယ်ကွေ့နိုင်ငံတွေဟာ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေဖြစ်ကြတော့ စစ်ပွဲတွေ၊ ဒုက္ခသည်တွေနဲ့ နိုင်ငံရေးမတည်ငြိမ်မှုတွေ သိပ်မရှိပါဘူး။ ဒါပေမယ့်လည်း အခုလိုအချင်းချင်းအဆင်မပြေဖြစ်ကြတော့ ဒေသတွင်းတည်ငြိမ်မှုကို ခြိမ်းခြောက်လာနိုင်ပါတယ်။

ကာတာနိုင်ငံကို လေကြောင်းဆက်သွယ်ရေးပါ ဖြတ်တောက်ခဲ့ပေမယ့် မက္ကာ ကို ဘုရားဖူးသွားကြမယ့် ကာတာနိုင်ငံသားတွေအတွက်တော့ ဆော်ဒီ နယ်စပ်ကို ဖွင့်ပေးမယ်လို့ သိရပါတယ်။ ကာတာနိုင်ငံက ဘုရားဖူးတွေဟာ ဆော်လ်ဝါနယ်စပ်ကနေ တစ်ဆင့်လည်း ဝင်ရောက်နိုင်သလို ဆော်ဒီလေဆိပ်ကနေလည်း အခက်အခဲမရှိ လာရောက်နိုင်တယ်လို့ ဩဂုတ်လအတွင်းက ဆော်ဒီဘက်က ကြေညာခဲ့ပါတယ်။ အဲဒီကြေညာချက်ထွက်လာတဲ့ အချိန်တုန်းကတော့ ကာတာနဲ့ အာရပ်ကမ္ဘာက နိုင်ငံတွေ ဆက်ဆံရေးများ ပြန်လည်ပြေလည်ကြလေမလားလို့ ထင်မြင်ယူဆခဲ့ကြပေမယ့် လက်တွေ့မှာတော့ အဲဒီလိုမဟုတ်ပြန်ပါဘူး။

ဒီပဋိပက္ခကို ပိုပြီး ဆိုးသွားစေတဲ့ အကြောင်းရင်းကတော့ ပင်လယ်ကွေ့နိုင်ငံတွေကတောင်းဆိုတဲ့ အချက် ၁၃ ချက်မှာ ပါဝင်တဲ့ အီရန်နဲ့ ဆက်သွယ်ရေးလုံးဝဖြတ်တောက်ရမယ်ဆိုတဲ့ အချက်ကို ကာတာနိုင်ငံက ငြင်းဆိုခဲ့လို့ပါပဲ။ ဒီလိုမျိုး တစ်ဖက်နဲ့တစ်ဖက်အဆင်မပြေဖြစ်နေတဲ့ အချိန်မှာ ဆက်ဆံရေးကို အဖုအထစ်ဖြစ်စေမယ့် ကိစ္စတစ်ခုထပ်ဖြစ်ပွားခဲ့ပါတယ်။

အဲဒါကတော့ ဆော်ဒီဘုရင်ဟာ ကာတာတော်ဝင်မိသားစုဝင် တစ်ဦး ဖြစ်တဲ့ ရှိတ်ခ်အဗ္ဗဒူလာအသန်နီနဲ့ မော်ရိုကိုက စံအိမ်မှာတွေ့ဆုံခဲ့လို့ပါပဲ။ ရှိတ်ခ်အဗ္ဗဒူလာဟာ ကာတာတော်ဝင်မိသားစုဝင်ဖြစ်ပေမယ့် လန်ဒန်မှာ နေထိုင်ပါတယ်။ ၁၉၇၂ ခုနှစ်က အာဏာသိမ်းမှုကြောင့် ပြည်နှင်ဒဏ်အပေးခံရတဲ့ သူလည်းဖြစ်တယ်။

ဒီလိုတွေ့ဆုံမှုနဲ့ ပတ်သက်ပြီး တရားဝင်ဖြေရှင်းတာမျိုးမရှိပေမယ့် ဆော်ဒီမီဒီယာတွေက ရှိတ်ခ်အဗ္ဗဒူလာရဲ့ လာရောက်လည်ပတ်မှုဟာ ကာတာစော်ဘွားကို စိန်ခေါ်မှုတစ်ရပ်ဖြစ်စေတယ်လို့ ဖော်ပြကြပါတယ်။ သံတမန်အဆက်အသွယ်တွေ မဖြတ်တောက်မီကတည်းက ကာတာနဲ့ အာရပ်နိုင်ငံတွေက မီဒီယာတွေအချင်းချင်း ပဋိပက္ခတွေရှိခဲ့ကြပါတယ်။ အီးမေးလ်တွေကို ဟက်ကာတွေက ဝင်နှောင့်တာတွေ၊ သတင်းအတုတွေ ဖန်တီးတာတွေ ရှိခဲ့ကြပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ ဆော်ဒီဦးဆောင်တဲ့ အာရပ်အုပ်စုတွေဘက်ကနေ အလေးသာခဲ့ပါတယ်။ သူတို့ရဲ့ စွပ်စွဲချက်တွေကတော့ ကာတာနိုင်ငံဟာ အီရန်နဲ့ ရင်းနှီးကျွမ်းဝင်လွန်းတယ်ဆိုတာပါပဲ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ကတော့ ဆော်ဒီမှာ ပြုလုပ်ခဲ့တဲ့ ညီလာခံမှာ အီရန်နိုင်ငံကို ဝိုင်းပယ်ထားကြဖို့ အာရပ်ကမ္ဘာကို တောင်းဆိုခဲ့ပါတယ်။ ထရန့်ရဲ့ အကြောင်းပြချက်ကတော့ အီရန်နိုင်ငံဟာ အကြမ်းဖက်မှုတွေ၊ ပဋိပက္ခတွေ ဖြစ်ပွားဖို့အတွက် မီးစာထိုးပေးနေလို့ပါပဲ။ ကာတာဘက်ကလည်း သူအီရန်နဲ့ ရင်းနှီးရတဲ့အကြောင်းကို ရှင်းပြထားပါတယ်။

စီးပွားရေးအရ ရင်းရင်းနှီးနှီး ပတ်သက်ရတာပါလို့ ဆိုပါတယ်။ အီရန်နဲ့ ကာတာနှစ်နိုင်ငံဟာ ကမ္ဘာ့အကြီးဆုံး သဘာဝဓာတ်ငွေ့ကို ဝေမျှပြီး ပိုင်ဆိုင်ထားပါတယ်။ ဒါဟာလည်း အီရန်နဲ့ မဖြစ်မနေဆက်သွယ်ရမယ့် အချက်တွေထဲက တစ်ခုလို့ ဆိုပါတယ်။ အာရပ်စော်ဘွားများပြည်ထောင်စုကလည်း အီရန်နဲ့ စီးပွားရေးတွေ ပိုပြီးလုပ်ခဲ့တာပဲလို့ ဝေဖန်ထားပါတယ်။ ဒါတွေအပြင် ကာတာနိုင်ငံဟာ အာရပ်ကမ္ဘာက ဆွန်နီမိတ်ဆွေတွေဘက်က ရပ်တည်ခဲ့တာလည်း ရှိတာပဲလို့ တုံ့ပြန်ခဲ့ပါတယ်။ ၂၀၁၆ ခုနှစ် ဇန်နဝါရီလက အီရန်မှာ ဆော်ဒီသံတမန်နှစ်ဦး တိုက်ခိုက်ခံရတုန်း ကာတာဟာ မိတ်ဆွေဘက်က ရပ်တည်တဲ့အနေနဲ့ အီရန်နိုင်ငံက ကာတာသံတမန်တွေကို ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဒါကတော့ သူ့ရဲ့ မိတ်ဆွေကောင်းဆန်တဲ့ လုပ်ရပ်တွေပဲလို့ ကာတာဘက်က ပြောပါတယ်။

ကာတာဟာ အကြမ်းဖက်သမားတွေကို ပြန်ပေးငွေပေးခဲ့ပါတယ်။ ဒါကလည်း ဓားစာခံတွေထဲမှာ ကာတာတော်ဝင် မိသားစုဝင်တွေ ပါဝင်ခဲ့လို့ပါပဲ။ အကြမ်းဖက်သမားတွေကိုပြန်ပေးငွေပေးတဲ့ကိစ္စဟာလည်း ကာတာနဲ့သူ့ရဲ့အိမ်နီးချင်းနိုင်ငံတွေရဲ့ ဆက်ဆံရေးကို ပိုပြီးဆိုးရွားစေပါတယ်။ ကာတာကို သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေက ဆက်ဆံရေးဖြတ်တောက်လိုက်တဲ့အခါ ရေကြောင်းလမ်းတွေ၊ လေကြောင်းလမ်းတွေကိုပါ အဆက်အသွယ် ဖြတ်တောက်ခဲ့ပါတယ်။

ရေနံနဲ့ သဘာဝဓာတ်ငွေ့ပေါကြွယ်ဝပေမယ့်အစားအသောက်ကိုတော့ နိုင်ငံခြားက တင်သွင်းရတဲ့ ကာတာနိုင်ငံကို အီရန်က အကူအညီပေးခဲ့ပါတယ်။ အစားအသောက်တွေ သယ်ဆောင်ဖို့ အီရန်နိုင်ငံက သူ့ရဲ့ရေပိုင်နက်နဲ့ လေပိုင်နက်ကို အသုံးပြုခွင့်ပေးခဲ့ပါတယ်။ အီရန်နိုင်ငံခြား ရေးဝန်ကြီးဌာနက ပြောရေးဆိုခွင့်ရှိ သူကလည်း ကာတာနိုင်ငံနဲ့ သံတမန်ဆက်သွယ်ရေး ပြန်လုပ်ခွင့်ရတာကို ကြိုဆိုပါတယ်လို့ ပြောခဲ့ပါတယ်။

> **ရေနံနဲ့ သဘာဝဓာတ်ငွေ့ ပေါကြွယ်ဝပေမယ့် အစားအသောက်ကိုတော့ နိုင်ငံခြားက တင်သွင်း ရတဲ့ ကာတာနိုင်ငံကို အီရန်က အကူအညီပေးခဲ့ ပါတယ်။ အစားအသောက်တွေ သယ်ဆောင်ဖို့ အီရန်နိုင်ငံက သူ့ရဲ့ရေပိုင်နက်နဲ့ လေပိုင်နက်ကို အသုံးပြုခွင့်ပေးခဲ့**

ကာတာနဲ့အီရန်သံတမန်အဆက်အသွယ် ပြန်လုပ်တာနဲ့ ပတ်သက်ပြီးတော့ ကာတာကို အဆက်အသွယ်ဖြတ်ထားတဲ့ အာရပ်နိုင်ငံတွေက ဘာတုံ့ပြန်ချက်မှတော့ မပေးသေးပါဘူး။

စီးပွားရေးနဲ့ ပတ်သက်လို့ကတော့ လှုပ်ခတ်မှုတွေ ရှိပါတယ်။ ဆော်ဒီဦးဆောင်တဲ့ ငါးနိုင်ငံဟာ ဘီလီယံနဲ့ချီတဲ့ သူတို့ရဲ့ဒေါ်လာတွေကို ကာတာဘဏ်တွေကနေ ပြန်လည်ထုတ်ယူသွားခဲ့ပါတယ်။ ဒီတော့ စီးပွားရေးနဲ့ ဘဏ္ဍာရေးဆိုင်ရာမှာ ရိုက်ခတ်မှုတွေ ရှိလာပါတယ်။ ဇွန်လအတွင်းမှာပဲ ကာတာနိုင်ငံရဲ့ ပို့ကုန်တန်ဖိုးဟာ ၃၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး လွန်ခဲ့တဲ့လတွေအတွင်းမှာတော့ ဒါကို အနည်းငယ်ပဲ အဖတ်ဆယ်နိုင်ခဲ့ပါတယ်။ အခုချိန်အထိတော့ ကာတာနိုင်ငံရဲ့ သဘာဝဓာတ်ငွေ့တင်ပို့မှုနဲ့ ပတ်သက်ပြီးတော့ ပိတ်ဆို့မှုတွေ မရှိသေးပါဘူး။

သဘာဝဓာတ်ငွေ့တင်ပို့မှုဟာ ကာတာနိုင်ငံကို ကြွယ်ဝချမ်းသာစေတဲ့ တစ်ခုတည်းသော အရင်းအမြစ်လည်း ဖြစ်ပါတယ်။ ယခုနှစ်အစောပိုင်းထက်စာရင် ဇူလိုင်လအတွင်းမှာ သဘာဝဓာတ်ငွေ့တင်ပို့မှုဟာ ၇ ဒသမ ၈ ရာခိုင်နှုန်းတက်လာခဲ့ပါတယ်။ အရွဲ့တိုက်တယ်ပဲပြောပြော ကာတာနိုင်ငံဟာ အာရပ်ကမ္ဘာမှာတော့ သူချည်းပဲ အထီးကျန်နိုင်ငံအဖြစ်တော့ မရပ်တည်ပါဘူး။ သူ့အိမ်နီးချင်းတွေနဲ့ အဆင်မပြေဖြစ်နေတဲ့ အီရန်နဲ့ပူးပေါင်းလိုက်ပါတယ်။ ရေနံတင်ပို့တဲ့ ပင်လယ်ကွေ့နိုင်ငံတွေကြားက ပြဿနာဟာ အရှေ့အလယ်ပိုင်းဒေသကို ရိုက်ခတ်မှုတွေရှိလာစေမှာလား။ နိုင်ငံတကာက ဆက်ဆံရေးတွေပြန်လည် အဆင်ပြေစေချင်ပေမယ့် ကာယကံရှင် နိုင်ငံတွေကတော့ တစ်ဖက်နဲ့တစ်ဖက် အလျှော့မပေးဘဲ အခြေအနေတင်းမာဆဲပါပဲ။

**ကိုးကား-**
**နယူးယောက်တိုင်းမ်**

# စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ခ) ထိရောက်သော နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများမှ ရှောင်လွှဲရန်၊ ရှောင်လွှဲမှုကို ဖြစ်မြောက်စေရန် သို့မဟုတ် ပံ့ပိုးနိုင်ရန် ရည်ရွယ်၍ စီးပွားရေး အလို့ငှာ ပြုလုပ်ထားသည့် ပစ္စည်းကိရိယာများ၊ ထုတ်ကုန်များ၊ ပစ္စည်းအစိတ်အပိုင်းများ သို့မဟုတ် ဝန်ဆောင်မှုများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ချိခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချရန် သို့မဟုတ် ငှားရမ်းရန်အတွက် ကြော်ငြာခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းမပြုရ။

၄၂။ (က) ပုဒ်မ ၄၁ တွင် မည်သို့ပင်ဆိုစေကာမူ ပုဒ်မ ၂၄ ပုဒ်မခွဲ(က)၊ (ဂ)၊ ပုဒ်မ ၂၅ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မ ၃၀ ပါ အချက်များနှင့်ကိုက်ညီသော ကန့်သတ်ချက်နှင့် ကင်းလွတ်ချက်ကို ခံစားခွင့်ရှိသူများသည် နည်းပညာဖြင့် ကာကွယ်ထားသော အစီအမံများဖြင့် ပြုလုပ်ထားသည့် လက်ရာကို အသုံးပြုနိုင်ရန်အတွက် အဆိုပါ အစီအမံများမှ ရှောင်လွှဲနိုင်သည့် အခွင့်အရေးကို ခံစားခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)ပါ အချက်များသည် သဘောတူစာချုပ်ပါ စည်းကမ်းချက်အရ အသုံးပြုခွင့်ရှိသူ တစ်ဦးချင်းစီက ရယူအသုံးပြုလိုသည့် နေရာနှင့်အချိန်၌ အသုံးပြုနိုင်ရန် ပြုလုပ်ထားသော စာပေအနုပညာလက်ရာများ သို့မဟုတ် အခြားစာပေ အနုပညာဆိုင်ရာ ကိစ္စရပ်များအပေါ် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း(၁၅)
## မူပိုင်ခွင့်ကို မှတ်ပုံတင်ခြင်း

၄၃။ မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်တစ်ဦးဦးသည် မူပိုင်ခွင့်အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရှိစေရန်အလို့ငှာ မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်လိုပါက သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့လျှောက်ထားနိုင်သည်။

၄၄။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့်လက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်နှင့် စပ်လျဉ်း၍ လိုအပ်သလို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်တင်ပြရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။

၄၅။ မူပိုင်ခွင့်မှတ်ပုံတင်ရန် လျှောက်ထားသူသည် -

(က) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက် သို့မဟုတ် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင်ပါရှိသည့် စာ အရေးအသားအမှားနှင့် သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်ထားသော အခကြေး ငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိက မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် မချမှတ်မီ ဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ်အယူခံခြင်းနှင့် စပ်လျဉ်း ၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းနိုင်သည်။

၄၆။ ပုဒ်မ ၄၄ အရ အကြောင်းကြားစာ လက်ခံရရှိသော်လည်း လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း လိုအပ်ချက်များကို ဆောင်ရွက်တင်ပြခြင်းမရှိလျှင် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို ရုပ်သိမ်းပြီဖြစ်သည်ဟု မှတ်ယူရမည်။

၄၇။ သတ်မှတ်ချက်နှင့်ညီညွတ်သော စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၃ တွင်ပါရှိသည့် အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်း ရှိ မရှိစိစစ်ဆေးပြီးနောက် မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို မူပိုင်ခွင့်မှတ်ပုံတင် စာရင်းတွင် မှတ်တမ်းတင်ပြီး လျှောက်ထားသူထံ အကြောင်းကြားရမည့်အပြင် မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသည့် နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

(ဂ) မှတ်ပုံတင်ရန်ခွင့်ပြုပါက မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၄၈။ (က) မှတ်ပုံတင်ပိုင်ရှင်သည် ယင်း၏ မူပိုင်ခွင့်မှတ်ပုံတင်လက်မှတ်မူရင်း ပျက်စီး သို့မဟုတ် ပျောက်ဆုံးပါက မိတ္တူမှန် ထုတ်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်အရာရှိသည် စစ်ဆေး၍ မူပိုင်ခွင့်မှတ်ပုံတင် လက်မှတ်မိတ္တူမှန်ကို ထုတ်ပေးရမည်။

၄၉။ လျှောက်ထားသူသည် စာပေအနုပညာလက်ရာကို မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ရုပ်သိမ်းခြင်းပြုလျှင်သော်လည်းကောင်း၊ မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း ခံရလျှင်သော်လည်းကောင်း ပေးသွင်းထားသည့် မှတ်ပုံတင်ကြေးကို ပြန်လည်ရထိုက်ခွင့်မရှိစေရ။

၅၀။ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးပိုင်ရှင်သည် မူပိုင်ခွင့်နှင့် ဆက်နွှယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိစေရန် အလို့ငှာ ဖျော်ဖြေတင်ဆက်မှုနှင့် ဖိုနိုဂရမ်တို့ကို မှတ်ပုံတင်လိုပါက ဤအခန်းပါ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

၅၁။ စာပေအနုပညာဆိုင်ရာ မူပိုင်ခွင့်သည်လည်းကောင်း၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ် ထုတ်လုပ်သူနှင့် ထုတ်လွှင့်သည့်အဖွဲ့အစည်းများ၏ မူပိုင်ခွင့်နှင့်ဆက်နွှယ်သည့် အခွင့်အရေးများသည် လည်းကောင်း ဤဥပဒေအရ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ ဤဥပဒေပါ အခွင့်အရေးများကို ရရှိစေရမည်။

## အခန်း (၁၆)
## မူပိုင်ခွင့် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ခြင်း

၅၂။ မှတ်ပုံတင်ထားသော မူပိုင်ခွင့်နှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်ခုခုသည် ပုဒ်မ ၁၃ ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် မိမိ သို့မဟုတ် အများအကျိုးကို ထိခိုက်ကြောင်း တွေ့ရှိပါက သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် အဆိုပါ မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

၅၃။ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားချက်အရ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိပါက မူပိုင်ခွင့်မှတ်ပုံတင်ထားခြင်း တစ်ခုလုံးကို သော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကို သော်လည်းကောင်း ပယ်ဖျက်နိုင်သည် -

(က) ပုဒ်မ ၁၃ ပါ အကာအကွယ်ပေးခြင်းမခံရသည့် စာပေအနုပညာ လက်ရာဖြစ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ခ) မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ရှင်သည် မှတ်ပုံတင်ခွင့်ရထိုက်သူ မဟုတ်ကြောင်း ပေါ်ပေါက်လာခြင်း၊

(ဂ) မူပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို လိမ်လည်လှည့်ဖြား၍ဖြစ်စေ၊ မမှန်မကန် တင်ပြ၍ဖြစ်စေ၊ သတ်မှတ်ထားသော အရေးပါသည့် အချက်အလက် တစ်ရပ်ရပ်ကို ထိန်ချန်၍ဖြစ်စေ ရယူထားကြောင်း ပေါ်ပေါက်လာခြင်း၊

(ဃ) တရားရုံးက မူပိုင်ခွင့်မှတ်ပုံတင် ပျက်ပြယ်ခြင်းနှင့် စပ်လျဉ်းသည့် အပြီးသတ် ဆုံးဖြတ်ချက် သို့မဟုတ် စီရင်ချက်၊ အမိန့်နှင့် ဒီကရီ ချမှတ်ခြင်း။

၅၄။ မူပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် ပြစ်မှုကြောင်းဖြင့်ဖြစ်စေ၊ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်ရပ်လုံးဖြင့်ဖြစ်စေ တရားစွဲဆိုထားကြောင်း သက်ဆိုင်သူက တင်ပြလာသည့်အခါ မှတ်ပုံတင်အရာရှိသည် အဆိုပါအမှု မပြီးပြတ်မီ ကာလအတွင်း၌ မူပိုင်ခွင့်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်းကို ဆိုင်းငံ့ထားရမည်။

၅၅။ မှတ်ပုံတင်အရာရှိသည် မူပိုင်ခွင့် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးပါက သို့မဟုတ် ဖယ်ရှားပြီးပါက အဆိုပါ ပယ်ဖျက်ခြင်း သို့မဟုတ် ဖယ်ရှားခြင်းကို မှတ်တမ်းတင်၍ မူပိုင်ခွင့်မှတ်ပုံတင်ပိုင်ရှင်ထံ အကြောင်းကြားပြီး သတ်မှတ်ထားသော နည်းလမ်းနှင့်အညီ ထုတ်ပြန်ကြေညာရမည်။

## အခန်း (၁၇)
## အယူခံခြင်း

၅၆။ (က) မှတ်ပုံတင်အရာရှိက ဤဥပဒေအရချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ကို ထုတ်ပြန်ကြေညာသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ အယူခံဝင်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ အယူခံမှုတွင် ညွှန်ကြားရေးမှူးချုပ်သည် မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း သို့မဟုတ် သက်သေခံအထောက်အထားများ ထပ်မံရယူရန် ညွှန်ကြားခြင်း ပြုနိုင်သည်။

၅၇။ ညွှန်ကြားရေးမှူးချုပ်က ချမှတ်သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း ဤကိစ္စအလို့ငှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် တရားရုံးသို့ အယူခံလျှောက်ထားနိုင်သည်။

## အခန်း (၁၈)
## မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅၈။ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းကို ဖွဲ့စည်းလိုသူသည် -

(က) သတ်မှတ်ထားသည့် စာပေအနုပညာ မူပိုင်ခွင့်ကဏ္ဍအလိုက် စုပေါင်းစီမံခန့်ခွဲသည့် မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းကို တည်ထောင်ခွင့်ပြုရန် ဦးစီးဌာနသို့ မိမိတို့အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ လျှောက်ထားနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းကို ဖွဲ့စည်းရေးအတွက် လျှောက်ထားရာတွင် စာပေအနုပညာမူပိုင်ခွင့် ကဏ္ဍအလိုက် မူလလက်ရာရှင်၊ မူပိုင်ခွင့်ပိုင်ရှင်၊ ဖျော်ဖြေသူ၊ ဖိုနိုဂရမ်ထုတ်လုပ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိသူနှင့် သက်ဆိုင်ရာကျွမ်းကျင်သောပညာရှင်တို့ကို အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ဖွဲ့စည်းနိုင်သည်။

၅၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၅၈ အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သတ်မှတ်ထားသည့် စာပေအနုပညာမူပိုင်ခွင့်ကဏ္ဍအလိုက် ဖွဲ့စည်းခွင့်ပြုထားသော မူပိုင်ခွင့်ဆိုင်ရာအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ လိုအပ်ပါက ညှိနှိုင်းပေါင်းစပ်ပေးခြင်း ပြုနိုင်သည်။

၆၀။ မူပိုင်ခွင့်ဆိုင်ရာ အဖွဲ့အစည်းသည် သက်ဆိုင်ရာမူပိုင်ခွင့်ကဏ္ဍအလိုက် -

(က) စာပေအနုပညာဆိုင်ရာ ဖန်တီးမှုများကို အားပေးမြှင့်တင်သည့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ခ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့၏ အခွင့်အရေးများ ရရှိရေးအတွက် လည်းကောင်း၊ ယင်းအခွင့်အရေးများ ထိပါးချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အကာအကွယ်ပေးရေးအတွက်လည်းကောင်း စေ့စပ်ညှိနှိုင်း ဖြေရှင်းပေးခြင်း ပြုနိုင်သည်။

(ဂ) မူလလက်ရာရှင်နှင့် မူပိုင်ခွင့်ပိုင်ရှင်တို့က အပ်နှံသည့် စာပေအနုပညာ လက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို လက်ခံခြင်းနှင့် အသုံးပြုသူများထံမှ သင့်တင့်မျှတသော အခကြေးငွေကောက်ခံပြီး ထိုသူတို့အား ပြန်လည်ခွဲဝေပေးခြင်း ပြုနိုင်သည်။

(ဃ) လိုအပ်သော စာပေအနုပညာလက်ရာများ၊ ဖျော်ဖြေတင်ဆက်မှုများ၊ ဖိုနိုဂရမ်များကို မပျောက်ပျက်စေရေးအတွက် မူလလက်ရာရှင် သို့မဟုတ် မူပိုင်ခွင့်ပိုင်ရှင်၏ ဆန္ဒအရသော်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့်သော်လည်းကောင်း စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း ပြုနိုင်သည်။

(င) ပြည်ပရှိ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ အကူအညီများ ရယူခြင်းနှင့် အကူအညီပေးခြင်းတို့ ပြုနိုင်သည်။

(စ) ဝန်ကြီးဌာနမှ မူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်းအတွက် သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများ၊ လမ်းညွှန်ချက်များကို လိုက်နာရမည်။

## အခန်း (၁၉)
## မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို အကောက်ခွန်ရုံးက အကာအကွယ်ပေးခြင်း

၆၁။ အခွင့်အရေးရရှိသူသည် မူပိုင်ခွင့်အခွင့်အရေး ချိုးဖောက်ထားသည်ဟု စွပ်စွဲခံရသော ပစ္စည်းကို နိုင်ငံတော်နယ်နိမိတ်အတွင်းသို့ တင်သွင်းထားကြောင်း သို့မဟုတ် တင်သွင်းလျက်ရှိကြောင်း သို့မဟုတ် တင်သွင်းရန်ရှိကြောင်း သံသယဖြစ်ဖွယ်ရာ ခိုင်လုံသော အထောက်အထားရှိပါက အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်း အတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့မိန့်ထုတ်ပေးရန် သတ်မှတ်ချက်နှင့်အညီ အကောက်ခွန် အာဏာပိုင်များထံ လျှောက်ထားနိုင်သည်။

၆၂။ (က) အကောက်ခွန်အာဏာပိုင်များသည် -

(၁) ပုဒ်မ ၆၁ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့် နေ့ရက်မှ ရုံးဖွင့်ရက် ရက် ၃၀ အတွင်း ယင်းလျှောက်လွှာကို လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း လျှောက်ထားသူထံ အကြောင်းကြားရမည်။

(၂) လျှောက်ထားချက်ကို စိစစ်ရန် လိုအပ်သောသတင်းအချက်အလက်များ မပြည့်စုံခဲ့လျှင် လျှောက်ထားသူမှ အကြောင်းကြားစာ ထုတ်ပြန်သည့် နေ့ရက်မှ ရုံးဖွင့်ရက် ၁၀ ရက်အတွင်း သတင်းအချက်အလက်များ ထပ်မံဖြည့်စွက်ပေးပို့နိုင်စေရန် အလို့ငှာ ယင်း၏ဆုံးဖြတ်ချက်ကို လျှောက်ထားသူထံ အကြောင်းကြားစာပေးပို့၍ ရွှေ့ဆိုင်းရမည်။

(၃) လျှောက်ထားချက်ကိုလက်ခံရာတွင် အာမခံချက်တစ်ရပ်ကို လျှောက်ထားသူမှပေးရန် သတ်မှတ်နိုင်သည်။

(၄) လျှောက်ထားချက်ကို ငြင်းပယ်ခဲ့လျှင် အကြောင်းပြချက်ကို ရှင်းလင်းစွာ ဖော်ပြရမည်။

(ခ) အခွင့်အရေးရရှိသူသည် ပိုမိုတိုတောင်းသော အချိန်ကာလတစ်ခုကို တောင်းဆိုခြင်းမပြုလျှင် ပုဒ်မခွဲ(က)ပါလုပ်ဆောင်မှုများသည် ခြောက်လ အထိ သက်ရောက်မှုရှိစေရမည်။

၆၃။ (က) အကောက်ခွန်အာဏာပိုင်များသည် ပုဒ်မ ၆၂ အရ လျှောက်ထားချက်ကို လက်ခံပြီးနောက် မူပိုင်ခွင့်ချိုးဖောက်ပြီး တင်သွင်းထားသော ပစ္စည်းဖြစ်သည်ဟု ယူဆနိုင်သော သေချာသည့် အထောက်အထားများရှိလျှင် အဆိုပါပစ္စည်းများ ကုန်သွယ်မှုလမ်းကြောင်းအတွင်းသို့ လွတ်လပ်စွာ ဝင်ရောက်ခွင့်ပြုခြင်းကို ဆိုင်းငံ့ထားရမည်။ ယင်းသို့ဆိုင်းငံ့ထားခြင်းကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား ချက်ချင်းအကြောင်းကြားရမည်။

(ခ) အဆိုပါပစ္စည်းသည် မူပိုင်ခွင့်ချိုးဖောက်ထားသော ပစ္စည်းဖြစ်ကြောင်း လျှောက်ထားသူ၏ တောင်းဆိုချက် မှန်ကန်ကြောင်း သက်သေပြရန်အလို့ငှာ အကောက်ခွန်အာဏာပိုင်များသည် လျှို့ဝှက်သတင်းအချက်အလက်များအား မပေါက်ကြားစေဘဲ ဆိုင်းငံ့ထားသောပစ္စည်းများကို လျှောက်ထားသူနှင့် တင်သွင်းသူတို့အား လုံလောက်သော စစ်ဆေးခွင့်ပြုရမည်။

၆၄။ (က) လျှောက်ထားသူထံ ဆိုင်းငံ့မိန့်ကို အသိပေးအကြောင်းကြားပြီးနောက် ရုံးဖွင့်ရက်ဆယ်ရက်အတွင်း လျှောက်ထားသူမှ အမှုကိစ္စအမှားအမှန် အပေါ်ဆုံးဖြတ်နိုင်ရန် အရေးယူဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်နေကြောင်း သို့မဟုတ် တရားရုံးမှ ပစ္စည်းစီးဆင်းမှု ဆိုင်းငံ့သည့် ယာယီအရေးယူဆောင်ရွက်ချက်များသည် ကြန့်ကြာနေကြောင်း အကောက်ခွန်အာဏာပိုင်များထံ အကြောင်းကြားခဲ့ခြင်းမရှိလျှင် ယင်းပစ္စည်းကို ကင်းလွတ်ခွင့်ပြုရမည်။ သင့်လျော်သော ကိစ္စရပ်များတွင် ထိုသတ်မှတ်ထားသော အချိန်ကာလကို ပထမရုံးဖွင့်ရက်ဆယ်ရက် မကုန်ဆုံးမီ အကောက်ခွန်အာဏာပိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် နောက်ထပ်ရုံးဖွင့်ရက်ဆယ်ရက် ထပ်မံတိုးချဲ့နိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဇီကာဗိုင်းရပ်စ် တစ်ခန်းရပ်စေဖို့...

**သိပ္ပံစာရေးဆရာကိုကိုအောင်**



၂၀၁၆ ခုနှစ် နှစ်ဦးပိုင်းကာလမှစ၍ ကမ္ဘာတစ်လွှား လှုပ်လှုပ်ရှားရှား ဖြစ်လာနေသော ကူးစက်ရောဂါတစ်မျိုးမှာ ယခုအခါ မြန်မာနိုင်ငံသူ နိုင်ငံသားတို့အတွက် အထူးသတိပြု ဆင်ခြင်စရာ အကြောင်းတစ်ရပ်အဖြစ် ကျန်းမာရေးစောင့်ရှောက်မှု နယ်ပယ်အတွင်း လူသိထင်ရှား ဖြစ်လာခဲ့သည်။ ထိုကူးစက်ရောဂါအမည်မှာ ဇီကာဖြစ်ပြီး အဆိုပါ ဗိုင်းရပ်စ်ပိုး ကူးစက်ခံရခြင်း မရှိစေရန် နှိုးဆော်ချက် အများအပြားကိုလည်း သက်ဆိုင်ရာနိုင်ငံများက ထုတ်ပြန်ကြေညာလျက် ရှိနေကြသည်။

သိပ္ပံပညာရှင်တို့က ဇီကာဗိုင်းရပ်စ်ပိုးကို ၁၉၄၇ ခုနှစ်ကတည်းက ယူဂန္ဓာနိုင်ငံ၌ စတင်တွေ့ရှိ ဖော်ထုတ်ခဲ့သည်။ ဇီကာဗိုင်းရပ်စ်ကို စတင်တွေ့ရှိစဉ်က မျောက်များ၌သာ စွဲကပ်ဖြစ်ပွားသည်ကို တွေ့ရသော်လည်း ၁၉၅၂ ခုနှစ်အရောက်တွင်မူ အဆိုပါဗိုင်းရပ်စ်မှာ လူများသို့ပါ ကူးစက်ကြောင်း သိရှိလာကြသည်။ ဇီကာဗိုင်းရပ်စ်ပိုး လူ၌ကူးစက်ဖြစ်ပွားကြောင်း ပထမဦးဆုံး ရှာဖွေဖော်ထုတ် တွေ့ရှိခဲ့ကြသည့်နိုင်ငံမှာ အာဖရိကတိုက်အတွင်းရှိ တန်ဇန်းနီးယားနိုင်ငံဖြစ်သည်။

ဇီကာဗိုင်းရပ်စ်ကို ပထမဦးဆုံး ရှာဖွေတွေ့ရှိခဲ့သော နိုင်ငံမှာလည်း အာဖရိကတိုက်အတွင်းရှိ ယူဂန္ဓာ နိုင်ငံပင်ဖြစ်ရာ ရေမြေတောတောင် သဘာဝတူညီသော အာဖရိကဒေသအတွင်း ကူးစက်မှုရှိကြောင်း သိပ္ပံပညာရှင်တို့က သတိပြုမိခဲ့ကြသည်။ သို့ရာတွင် ဇီကာဗိုင်းရပ်စ်ကို စတင်တွေ့ရှိရာ ယူဂန္ဓာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေကြသည့် ကွန်ဂိုသမ္မတနိုင်ငံ၊ ဆူဒန်၊ ကင်ညာ၊ ရဝမ်ဒါနှင့် တန်ဇန်းနီးယား နိုင်ငံများအနက် ကုန်းမြေချင်းထိစပ်နေသော ကွန်ဂို၊ ဆူဒန်၊ ကင်ညာနှင့် ရဝမ်ဒါနိုင်ငံများသို့ မကူးစက်ဘဲ အလွန်ကြီးမား ကျယ်ပြောလှသည့် ဝိတိုရိယရေကန်ကြီး ခြားနေသော တန်ဇန်းနီးယားနိုင်ငံဆီသို့ ကူးစက်ရောက်ရှိသွားပုံမှာ သိပ္ပံသုတေသီတို့အတွက် စိတ်ဝင်စားဖွယ် ကိစ္စတစ်ရပ် ဖြစ်လာခဲ့သည်။

သိပ္ပံပညာရှင်တို့က ဇီကာဗိုင်းရပ်စ် ရောဂါပိုး အကြောင်းကို စဉ်ဆက်မပြတ် သုတေသနပြုစူးစမ်း ရှာဖွေမှုများ ပြုလုပ်နေကြသော်လည်း မီဒီယာလောက မဖွံ့ဖြိုးသေးသည့် အချိန်ကာလများဖြစ်သည့်အတွက် ဇီကာ၏သတင်း အဆက်အစပ်များကို အများပြည်သူတို့က လက်လှမ်းမမီခဲ့ကြပေ။ ဤသို့အားဖြင့် တဖြည်းဖြည်းနှင့် ဇီကာဗိုင်းရပ်စ်မှာ ကူးစက်ပြန့်ပွားမှု မြန်ဆန် ကျယ်ပြန့်လာပြီး ၂၀၀၇ ခုနှစ်ဝန်းကျင် အရောက်တွင် အာဖရိကတိုက်အတွင်း၌သာ မကတော့ဘဲ အမေရိကနှင့် ပစိဖိတ်ဒေသများအထိပါ ကူးစက်ရောက်ရှိလာသည်။

၂၀၁၄ ခုနှစ်အရောက်တွင် ဇီကာဗိုင်းရပ်စ်ကူးစက်မှု ပိုမိုမြန်ဆန်လာပြီး ကမ္ဘာ့တိုက်ကြီးများရှိ နိုင်ငံ အတော်များများ၌ပါ ဖြစ်ပွားလာခဲ့သည်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ စာရင်းဇယားများအရ ဇီကာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေကြောင်း တရားဝင် ဝန်ခံထုတ်ဖော် ကြေညာသည့်နိုင်ငံမှာ ၃၃ နိုင်ငံအထိ ရှိလာခဲ့သည်။ တစ်ဆက်တည်းဆိုသလိုပင် ဇီကာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကို တစ်ကမ္ဘာလုံး၏ ကျန်းမာရေးဆိုင်ရာ အရေးပေါ်ပြဿနာတစ်ရပ်အဖြစ် ဟန့်တားတိုက်ဖျက်ကြရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (WHO)က ထုတ်ပြန်ကြေညာခဲ့သည်။

လက်တင်အမေရိကဒေသတွင် ၂၀၁၅ ခုနှစ်ကတည်းက ဇီကာဗိုင်းရပ်စ်ကူးစက်မှု စတင်ဖြစ်ပွားခဲ့ရာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရမှု အထိအနာဆုံးသောနိုင်ငံမှာ ဘရာဇီးပင် ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လအထိ ဘရာဇီးနိုင်ငံသား တစ်သန်းငါးသိန်းနီးပါးမှာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံခဲ့ကြရသည်။ အာဆီယံဒေသတွင်း နိုင်ငံတစ်ခုဖြစ်သော စင်ကာပူ၌ လူ ၃၀၀ ကျော်တို့ ကူးစက်ခံခဲ့ရသလို...ထိုင်းနိုင်ငံ၌လည်း လူပေါင်း ၂၀၀ နီးပါးတို့မှာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံခဲ့ကြရကြောင်း သက်ဆိုင်ရာနိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးဌာနများက ထုတ်ပြန်ကြေညာခဲ့ကြသည်။ ထိုင်းနိုင်ငံ၌ ကူးစက်ခံခဲ့ကြရသူများအနက် ကိုယ်ဝန်ဆောင်မိခင်လောင်း စုစုပေါင်း ၃၀ နီးပါး ပါဝင်နေခဲ့ပြီး ဦးခေါင်းအရွယ်အစား သေးငယ်သော ကလေးငယ် နှစ်ဦးကိုလည်း မွေးဖွားခဲ့သည်။ စင်ကာပူ၌ ဇီကာဗိုင်းရပ်စ် ကူးစက်ခံခဲ့ကြရသူ စုစုပေါင်း ၃၃၀ ကျော်အနက် ကိုယ်ဝန်ဆောင်မိခင်လောင်း ရှစ်ဦး ပါဝင်နေခဲ့ကြောင်းကိုလည်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာခဲ့သည်။

ဇီကာဗိုင်းရပ်စ်၏ ထူးခြားချက်မှာ ကူးစက်ခံထားရခြင်းရှိ မရှိ စစ်ဆေးရန်အတွက် အချိန်များစွာ ပေးရခြင်းပင် ဖြစ်သည်။ တုပ်ကွေးရောဂါပိုးရှိ မရှိကို ၁၅ မိနစ်မျှဖြင့် စစ်ဆေးဖော်ထုတ်နိုင်သော်လည်း ဇီကာဗိုင်းရပ်စ်ကို ရှာဖွေတွေ့ရှိ ဖော်ထုတ်နိုင်ရန်ကိုမူ ၈ နာရီခန့်အထိ အချိန်ပေးရပြီး ကုန်ကျစရိတ်ကလည်း ပိုမိုကြီးမားသည်။ လက်ရှိတွင် လက်တင်အမေရိကဒေသနှင့် ကာရစ်ဘီယံ ပင်လယ်ကမ်းခြေဒေသများ၊ အာရှနှင့် အရှေ့တောင်အာရှ ဒေသများ၌ပါ ဇီကာဗိုင်းရပ်စ်က ပြန့်ပွားရောက်ရှိနေပြီ ဖြစ်သည်။

**ကျန်းမာရေး စောင့်ရှောက်မှုအဆင့် နိမ့်ကျခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ခြင်နှိမ်နင်းရေးကို မည်သည့်အခါကမျှ စနစ်တကျနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဟန်ပြလူထုလှုပ်ရှားမှုတစ်ခုအဖြစ်သာ လုပ်ဆောင်ခဲ့သည်ကို ခေတ်အဆက်ဆက်လုပ်ရပ်များက သက်သေပြခဲ့ပြီးဖြစ်သည်။ သို့ရာတွင် မျက်မှောက်ကာလသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်နေရာ...ကမ္ဘာအလယ်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့် အတန်း နိမ့်ကျမကျန်ခဲ့စေရေးအတွက် ကျန်းမာရေးကဏ္ဍမှနေ၍ ဇီကာဗိုင်းရပ်စ် ကူးစက်ပြန့်ပွား မလာအောင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရမည်သာဖြစ်သည်**

ဇီကာဗိုင်းရပ်စ်မှာ သွေးလွန်တုပ်ကွေးနှင့် ဆင်တုပ်ကွေး ရောဂါပိုးများကို သယ်ဆောင်သည့် အေးဒီးစ် ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်နိုင်ကြောင်း စတင်ဖော်ထုတ် တွေ့ရှိခဲ့ပြီး ယခုအခါ၌မူ လိင်ဆက်ဆံရာမှတစ်ဆင့်လည်း ကူးစက်ခံရနိုင်ကြောင်း သိပ္ပံသုတေသီတို့က သတိပေးလာကြသည်။ ဇီကာ ကူးစက်ခံရမှုသည် ကျားမ မရွေး၊ အသက်အရွယ် မရွေး ဖြစ်ပွားနိုင်ပြီး ပျမ်းမျှအားဖြင့် ရောဂါကူးစက်ခံရသူ ငါးဦးလျှင် တစ်ဦး၌သာ ရောဂါလက္ခဏာများ ပြသတတ်သည်။

ဇီကာဗိုင်းရပ်စ်ကို သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျား အကိုက်ခံရပါက ရက်အနည်းငယ်အတွင်း ရောဂါလက္ခဏာများ စတင် ပေါ်လာတတ်သည်။ ရုတ်တရက်ဖျားခြင်း၊ အရေပြားပေါ်၌ အနီရောင် အစက်အပြောက်များ ထွက်ပေါ်လာခြင်း၊ အရေပြားယားယံခြင်း၊ မျက်သားများနီရဲပြီး မျက်လုံးရောင်ရမ်းခြင်း၊ ကြွက်သားနှင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ခန္ဓာကိုယ် မအီမသာဖြစ်ခြင်း စသည်တို့မှာ ဇီကာ၏လက္ခဏာများ ဖြစ်ကြပြီး အဆိုပါ ရောဂါလက္ခဏာများကို နှစ်ရက်မှ ရက်သတ္တ တစ်ပတ်အထိ ခံစားကြရနိုင်သည်။

အကယ်၍ ကိုယ်ဝန်ဆောင်မိခင်လောင်းကို ဇီကာဗိုင်းရပ်စ်ကူးစက်ပါက မိခင်မှကလေးဆီသို့ ထပ်ဆင့်ကူးစက်ကာ မွေးရာပါ ဦးခေါင်းသေးငယ်ခြင်း (Microcephely) ဖြစ်ပွားလာနိုင်ကြောင်းကိုလည်း သိပ္ပံသုတေသီတို့က သတိပေးထားကြသည်။ ထို့ပြင် အရွယ်ရောက်ပြီးသူများအဖို့ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရပြီး အပြင်းဖျားပါက အာရုံကြောများကို ထိခိုက်ပျက်စီးစေနိုင်ကြောင်းဖြင့်လည်း ထပ်ဆင့် သတိပေးထားသည်။ ထို့ကြောင့်ပင် အမိဝမ်းတွင်း၌ သန္ဓေသားဘဝအဖြစ် ရှိစဉ်ကတည်းက ကူးစက်ခံရသည်ဖြစ်စေ၊ အရွယ်ရောက်စအချိန်၌ ကူးစက်ခံရပြီးနောက် အပြင်းဖျားသည်ဖြစ်စေ ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေး နောက်ကျနိုင်သည်ကို သိရှိထားသင့်ကြသည်။

အထူးသဖြင့် ကိုယ်ဝန်ဆောင် မိခင်လောင်းများအဖို့ ဇီကာဗိုင်းရပ်စ် ကူးစက်မခံရအောင် အထူး သတိပြုကြရန်နှင့် ဇီကာ ကူးစက်ပြန့်ပွားနေသော နိုင်ငံများသို့ ခရီးသွားလာမှုမပြုကြရန် ဆင်ခြင်ကြရမည် ဖြစ်သည်။ ဇီကာဗိုင်းရပ်စ် ကူးစက်ခံထားရသူများအဖို့ အချိန်တန်လျှင် ရောဂါပျောက်ကင်းသွားနိုင် သော်လည်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းမှ သန္ဓေသားဆီသို့ ကူးစက်သွားခဲ့လျှင် ဦးခေါင်းသေးငယ်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု နှေးကွေးသည့် လူသားတစ်ဦးအဖြစ် မွေးဖွားလာနိုင်သည့်အချက်မှာ မိသားစုတစ်စုအတွက် ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော ကိစ္စတစ်ရပ်ဖြစ်သည်။

ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူအများစုမှာ အေးဒီးစ်ခြင်ကျား အကိုက်ခံရခြင်းကြောင့် ဖြစ်သည်။ မူလက ဇီကာဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသော အေးဒီးစ်ခြင်ကျား အကိုက်ခံရသူထံသို့ ရောဂါပိုးများက ကူးစက်ဝင်ရောက်သည်။ သက်တမ်းတိုတောင်းသော အေးဒီးစ်ခြင်ကျားများသည် ယင်း၏သက်တမ်း တစ်လျှောက် နေအိမ်အဆောက်အအုံ တစ်ခုတည်းအတွင်း၌ သို့တည်းမဟုတ် နေအိမ်ဆောက်အအုံ တစ်ခု၏ အနီးပတ်ဝန်းကျင်၌သာ ရှင်သန်နေထိုင်ရင်း ဘဝသက်တမ်း ကုန်ဆုံးကြရသည်။ သို့ဖြစ်၍ နေအိမ်တစ်အိမ်တည်း၌ နေထိုင်ကြသူများအနက် တစ်ဦးဦးက ဇီကာဗိုင်းရပ်စ် ကူးစက်ခံထားရလျှင် ထိုသူကိုကိုက်သော အေးဒီးစ်ခြင်ကျားမှတစ်ဆင့် ကျန်မိသားစုဝင်များ သို့တည်းမဟုတ် တစ်မိုးအောက်တည်း၌ အတူတကွနေထိုင်ကြသူများထံသို့ ရောဂါပိုး ကူးစက်လာနိုင်သည်။

ရောဂါပိုး သယ်ဆောင်ထားသော ခြင်များက အတူနေ မိသားစုဝင်တစ်ဦးဦးကို ကိုက်ခြင်းအားဖြင့် အကိုက်ခံရသူမှာ ရောဂါကူးစက် ခံရနိုင်ခြေရှိခြင်း၊ တစ်ဖန် ရောဂါကူးစက် ခံထားရသူကို ကျန်ခြင်များက ကိုက်ခြင်းကြောင့် ထိုခြင်များဆီသို့ ရောဂါပိုးများ ရောက်ရှိသွားခြင်း၊ ထိုခြင်များက အတူနေ ကျန်မိသားစုဝင်များကို ထပ်မံကိုက်ခြင်းကြောင့် မိသားစုဝင်များ ရောဂါကူးစက်ခံရခြင်း စသည်ဖြင့် ရောဂါပိုး သယ်ဆောင်ပျံ့နှံ့မှု သံသရာစက်ဝန်းက စဉ်ဆက်မပြတ် လည်ပတ်နေမည် ဖြစ်သည်။ ဤသို့အားဖြင့် တစ်အိမ်မှတစ်အိမ်၊ ရပ်ကွက်တစ်ခုမှတစ်ခု၊ မြို့တစ်မြို့မှတစ်မြို့၊ နိုင်ငံတစ်နိုင်ငံမှ တစ်နိုင်ငံ စသည်ဖြင့် အများပြည်သူအတွင်း ရောဂါပိုးများ ပြန့်ပွားကူးစက်ခံကြရနိုင်သည်ကို သတိပြုကြရမည် ဖြစ်သည်။

ဇီကာဗိုင်းရပ်စ်သည် ခြင်မှလူသို့ကူးစက်ခြင်း၊ ရောဂါပိုးရှိသူနှင့် လိင်ဆက်ဆံရာမှတစ်ဆင့် ကူးစက်ခံရခြင်း၊ ရောဂါပိုးရှိသူ၏ သွေးကိုသွင်းရာမှ ကူးစက်ခံရခြင်း၊ ကိုယ်ဝန်ဆောင် မိခင်လောင်းမှ သန္ဓေသားထံသို့ ကူးစက်ခြင်း စသည်ဖြင့် ကူးစက်ပြန့်ပွားနိုင်သော နည်းလမ်းများစွာ ရှိနေသည်ကို ထောက်ရှုခြင်းအားဖြင့် မည်သို့ ဆင်ခြင်ပြုမူ နေထိုင်ကြရမည်ကို အများပြည်သူသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပညာ ပေးကြရမည် ဖြစ်သည်။

အရှေ့တောင်အာရှ နိုင်ငံများထဲတွင် စင်ကာပူသည် ကျန်းမာရေးစောင့်ရှောက်မှု အကောင်းဆုံးသော ထိပ်တန်းနိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ...စင်ကာပူအစိုးရသည် နိုင်ငံတစ်ဝန်း ခြင်ကင်းစင်ရေး စီမံချက်ကို လွန်ခဲ့သောနှစ်ပေါင်း နှစ်ဆယ်ကျော်ကတည်း ကပင် စနစ်တကျ စီမံချက်များချမှတ်ကာ လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ထိုင်းနှင့် မလေးရှားကဲ့သို့သော နိုင်ငံများ၌ ဇီကာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားနေခြင်းမှာ အံ့သြစရာ မရှိသော်လည်း၊ စင်ကာပူကဲ့သို့သော နိုင်ငံမျိုး၌ ကူးစက် ပြန့်ပွားနေခြင်းကမူ ထိတ်လန့်ဖွယ်ပင်ဖြစ်သည်။ စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန် ကြေညာချက်များအရ စင်ကာပူနိုင်ငံ၌ ဇီကာဗိုင်းရပ်စ် ကူးစက်ခံခဲ့ရသော နိုင်ငံခြားသားများထဲ၌ မြန်မာနိုင်ငံသား တစ်ဦး ပါဝင်နေသည်ကိုလည်း တွေ့ရှိခဲ့ရသည်။

ကျန်းမာရေး စောင့်ရှောက်မှုအဆင့် နိမ့်ကျခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ခြင်နှိမ်နင်းရေးကို မည်သည့်အခါကမျှ စနစ်တကျနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ဟန်ပြလူထုလှုပ်ရှားမှုတစ်ခုအဖြစ်သာ လုပ်ဆောင်ခဲ့သည်ကို ခေတ်အဆက်ဆက် လုပ်ရပ်များက သက်သေပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် မျက်မှောက်ကာလသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်နေရာ...ကမ္ဘာ့အလယ်တွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူနေမှုအဆင့်အတန်း နိမ့်ကျ မကျန်ခဲ့စေရေးအတွက် ကျန်းမာရေးကဏ္ဍမှနေ၍ ဇီကာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမလာအောင် စနစ်တကျ လုပ်ကိုင်ဆောင်ရွက် ကြရမည်သာ ဖြစ်သည်။ အကယ်၍ နိုင်ငံ၏ လေကြောင်းဝင်ထွက်ပေါက်များနှင့် ရေကြောင်းဝင်ထွက် ပေါက်များ စသည်တို့မှတစ်ဆင့် ဇီကာဗိုင်းရပ်စ် ကူးစက်လာပါကလည်း နိုင်ငံအတွင်း ရောဂါမပြန့်ပွားစေရေးကို ထိထိရောက်ရောက် ကိုင်တွယ် လုပ်ဆောင်ကြရမည်ဖြစ်သည်။

ဇီကာဗိုင်းရပ်စ်နှင့် ပတ်သက်၍ လတ်တလောတွင် ကာကွယ်နိုင်မည့်ဆေးနှင့် ကုသနိုင်သည့်ဆေးကို ရှာဖွေတွေ့ရှိခြင်း မရှိကြသေးပေ။ ထို့ကြောင့်ပင် ဇီကာဗိုင်းရပ်စ် သယ်ဆောင်သည့် ခြင်များကို အားသွန် ခွန်စိုက် ပြင်းပြင်းထန်ထန် နှိမ်နင်းခြင်းသည်သာလျှင် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။ ဇီကာဗိုင်းရပ်စ် ကူးစက်ခြင်း ရှိ မရှိ အထူးအလေးထား စောင့်ကြည့်ခြင်း၊ ခြင်ကျားနှင့် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်ခြင်း၊ ခြင်ကိုက် မခံရစေရေးအတွက် မည်သို့မည်ပုံ ဆင်ခြင်သတိပြု နေထိုင်ကြရမည်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကဏ္ဍမှနေ၍ ကိုယ်ဝန်ဆောင် မိခင်လောင်းများ ကူးစက်မခံရစေရေးကို စဉ်ဆက်မပြတ် သတိပေးနှိုးဆော်ခြင်း၊ လူမမယ် ကလေးငယ်များနှင့် အရွယ်ရောက်စလူငယ်များ ခြင်ကိုက် မခံကြရစေရေးအတွက် ပြုမူနေထိုင်ရန် နည်းလမ်းများကို လက်တွေ့သရုပ်ပြ ပညာပေးခြင်း၊ ရောဂါကူးစက်ခံထားရသည့် လက္ခဏာတစ်စုံတစ်ရာ တွေ့ရှိပါက သက်ဆိုင်ရာ ကျန်းမာရေးအဖွဲ့အစည်း အဆင့်ဆင့်သို့ လျင်မြန်စွာ သတင်းပေးပို့ခြင်း၊ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရခြင်းမှ ကာကွယ်သည့် အစီအမံနှင့် လှုပ်ရှားဆောင်ရွက်မှုများကို အစိုးရနှင့် ပြည်သူ တစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်ခြင်း စသောလူထုလှုပ်ရှားမှုများသည် ဇီကာဗိုင်းရပ်စ် ကာကွယ်ရေးအတွက် အကောင်းဆုံးသော နည်းလမ်းများပင်ဖြစ်ကြပေသည်။ ။

# ဘဝဒုက္ခမျိုးစုံကို ဖော်ညွှန်းထားသည့် သခင်ကြီးနဲ့ ငါးပိတို့စရာ

ကိုလင်း



အခြေခံလူတန်းစားများ နေ့စဉ်ကြုံတွေ့နေရသည့် ဘဝအမောများကြားမှ ချစ်ခြင်းမေတ္တာကို ဖော်ကျူးထားသည့် သခင်ကြီးနှင့် ငါးပိတို့စရာ ဇာတ်ကားကို စတင်ရိုက်ကူးနေပြီဖြစ်ပြီး ဒါရိုက်တာစတီးလ်က လူတိုင်းအတွက် ကြည့်ရှုခံစားနိုင်စေရန် ရည်ရွယ် ရိုက်ကူးကြောင်း ပြောပြသည်။

အဆိုပါဇာတ်ကားကို R Square ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ထွန်းကိုကို၊ နေရဲ၊ သိန်းလင်းစိုး၊ အကယ်ဒမီ သက်မွန်မြင့်၊ ရွှေသမီးနှင့် အနုပညာရှင်များက ဒါရိုက်တာ စတီးလ်၏ ပုံဖော်မှုများကို အားဖြည့်ပေးထားသည်။ ယင်းဇာတ်ကားတွင် ပါဝင် သရုပ်ဆောင်သူအချို့၏ စကားသံများကို မြန်မာ့အလင်း ပရိသတ်ကြီးအတွက် ရှုတင်အင်တာဗျူးအနေဖြင့် မေးမြန်းရာ -

**ထွန်းကိုကို**

ဒီဇာတ်ကားမှာ ကျွန်တော်က ရဲအနေနဲ့ သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ ရဲအုပ်စည်သူဆိုတဲ့ နေရာကနေ သရုပ်ဆောင်ရမှာပါ။ ရဲနေရာကနေ သရုပ်ဆောင်တာ အတွေ့အကြုံရှိလာတော့ အခက်အခဲမရှိသလောက်ပါပဲ။ အဝတ်အစားပိုင်းလည်း သိပ်မလိုတော့ဘူး။ ဒါပေမယ့် ကျွန်တော်တို့လို သရုပ်ဆောင်တွေဆိုတာ သဏ္ဌာန်တူအောင် ကြိုးစားပေမယ့် ပညာရပ်ပိုင်းတွေ၊ အခေါ်အဝေါ် ပိုင်းတွေ ကျွန်တော်သိပ်နားမလည်တာရှိတယ်။ ဒါကိုတော့ အမှားမပါအောင် သတိထားရတယ်။ ဒီဇာတ်ကားလေးက ပရိသတ်ကြီးအတွက် ရိုးရိုးစင်းစင်းနဲ့ လူ့သဘာဝကို ဖော်ညွှန်းပေးမယ်လို့ ထင်ပါတယ်။

**အကယ်ဒမီ သက်မွန်မြင့်**

ဒီဇာတ်ကားလေးထဲမှာ ရွှေသမီးရဲ့ အစ်မနေရာကနေ သရုပ်ဆောင်ရမှာပါ။ အစ်မဆိုပေမယ့် အမေတစ်ယောက်လိုလည်း ဖြစ်တယ်။ ညီမလေးအတွက် အရာရာ ဖြည့်ဆည်းပေးမိတယ်။ သူဖြစ်ချင်တာတွေကို အကုန်လုံးလိုက်ပြီး အကောင်အထည် ဖော်ပေးရတဲ့ပုံစံ သရုပ်ဆောင်ရမှာပါ။ ဇာတ်ကားမှာ ဒီနေ့အထိတော့ သူတို့နဲ့အတူတူ များများစားစား သရုပ်ဆောင်ခန်းတွေ မရှိသေးဘူး။ သိပ်မဆုံဖြစ်တဲ့အတွက် ညှိလုပ်ပေးရတာတော့ မရှိသေးဘူးပေ့ါ။ ဇာတ်ကားကောင်း တစ်ကားဖြစ်ဖို့ဆိုရင် အားလုံးအတူတူ လက်တွဲညီညီနဲ့ ကြိုးစားဖို့လိုအပ်ပါတယ်။ ဝါရင့်သရုပ်ဆောင်ပဲဖြစ်ဖြစ်၊ တက်သစ်စပဲဖြစ်ဖြစ် အတူတူလက်တွဲပြီး သေသေချာချာ လုပ်ဆောင်မယ်ဆိုရင် ဇာတ်ကားကောင်းဖြစ်လာမှာပါ။

**နေရဲ**


ကျွန်တော် နည်းနည်းတော့ စိတ်ပူမိတယ်။ ဒီဇာတ်ကားမှာ ကျွန်တော်က လူဆိုးလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ရမှာ။ ပိုက်ဆံရှိတဲ့အသိုင်းအဝိုင်းက ပေါက်ဖွားတဲ့ လူဆိုးလူငယ်လေးတစ်ယောက်ပေ့ါ။ အဝတ်အစားပိုင်းနဲ့ ဒီဇိုင်းပိုင်းအတွက်လည်း ကျွန်တော် အများကြီး ပြင်ဆင်ထားပါတယ်။ အဓိကကတော့ လူငယ်တွေရဲ့စရိုက်နဲ့ လက္ခဏာလေးတွေရောပေ့ါ။ သရုပ်ဆောင်ပညာနဲ့ပတ်သက်ပြီးရင် အနုပညာရပ်ဝန်းက အစ်ကိုတွေ အစ်မတွေ အားလုံး ကျွန်တော့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေပါပဲ။ နောက် ပိုင်းမှာ သူများနိုင်ငံတွေက ဒိုင်ယာလောခ့်တွေကိုလည်း အချိန်ရတိုင်းကြည့်တယ်။ အတုယူတယ်။ လိုအပ်သလို သဏ္ဌာန်လုပ် အရုပ်တူဖို့ ကျွန်တော်ကြိုးစားနေဆဲပါ။

**သိန်းလင်းစိုး**

နာမည်ကလည်း သခင်ကြီးနဲ့ ငါးပိတို့စရာတဲ့ စိတ်ဝင်စားဖို့ကောင်းပါတယ်။ မြန်မာ့ရိုးရာထမင်းပွဲမှာ ငါးပိတို့စရာက မပါမပြီးပါ။ ဒီဇာတ်ကားလေးမှာတော့ ဘယ်လို နေရာကနေ ပါဝင်ထားသလဲဆိုတာကို ကြည့်ရှုပြီး ဝေဖန်ပေးဖို့ ပရိသတ်ကြီးကို ပြောချင်ပါတယ်။

ဇာတ်ကားတွင်ပါဝင်သည့် အနုပညာရှင်များ၏ စကားသံများကို သိရှိကြပြီး မကြာမီထွက်ရှိလာတော့မည့် သခင်ကြီးနဲ့ ငါးပိ တို့စရာ ဇာတ်ကားကို အားပေးနိုင်ကြတော့မည်ဖြစ်သည်။ ယင်းဇာတ်ကားအတွက် ပါဝင်သည့် သရုပ်ဆောင်များကတော့ ရိုက်ကူးရေးများကို စက်အဖွဲ့သားများနှင့် အတူပျော်ရွှင်စွာ သရုပ်ဆောင်လျက် ရှိသည်ကိုလည်း မြင်တွေ့ရသည်။ ။

## အားလုံးကိုပျော်စေချင်တဲ့ အဝင်း (ခ) မိုရီဆာကီဝင်းက မြန်မာပရိသတ်ကြီးထံစာရေးသား



အောင်ရဲလင်း၊ ဝတ်မှုန်ရွှေရည်တို့နှင့်အတူ ဇာတိမြေ ရုပ်ရှင်ဇာတ်ကားကြီးကို သြဂုတ် ၂ ရက်တွင် ဂျပန်နိုင်ငံ၌ စတင်ရိုက်ကူးနေပြီဖြစ်သည့် မိုရီ ဆာကီဝင်း (ခ) အဝင်းက ၎င်း၏ အနုပညာလှုပ်ရှားမှုများကို Morisaki Win ရဲ့ instagram တွင် တင်ဆက်ထားပြီး မြန်မာပရိသတ်ကြီးလည်း ပျော်ပျော်ပါးပါးကြည့်ရှုခံစားနိုင်ကြောင်း မိုရီဆာကီဝင်းက မြန်မာလို ရေးသားထားသည့်စာကို သူ၏လူမှုကွန်ရက်စာမျက်နှာတွင် တင်ထားခဲ့သည်။

အဆိုပါစာအတွင်း ကျွန်တော့်ကို အစဉ်အမြဲအားပေးကြသော ပရိသတ်ကြီးခင်ဗျာဆိုပြီး အစချီရေးသားထားပြီး သူ၏ တရားဝင်စာမျက်နှာကို ဝင်ရောက်ကြည့်ရှုရန် ဖိတ်ခေါ်ထားခြင်းဖြစ်သည်။ ဂျပန်နိုင်ငံရှိ ပြည်တွင်းရေဒီယိုတစ်ခုတွင်လည်း အပတ်စဉ် ဂျပန်စံတော်ချိန် ၁၁နာရီခွဲမှ ၁၂နာရီ တနင်္လာနေ့ညတိုင်း ဒီဂျေတင်ဆက်မှုများဖြင့် ပရိသတ်ကြီးအား ဖျော်ဖြေလျက်ရှိပြီး လာမည့် သြဂုတ် ၃၀ ရက်တွင်လည်း PrizmaX ၏ Orange Moon ကို ဖြန့်ချိတော့မည်ဖြစ်ကြောင်း မိုရီဆာကီဝင်းနှင့် သူ့အဖွဲ့သားများက ဆိုထားသည်။

အဆိုပါ Orange Moon သီချင်းအပေါ် "အလွန် Sexy ကျတဲ့ စာသားတွေနဲ့ သီချင်းလေးဖြစ်ပေမယ့် ကျွန်တော်လည်း ၂၇ နှစ်လေ။ ပြောရမယ်ဆိုရင် ၃၀နားတောင် နီးလာပြီလေ။ ဒါကြောင့်လည်း ဒါမျိုးကို လက်ခံနိုင်တာလို့ထင်တယ်။ အဲလိုမျိုးအကြောင်းတွေကြောင့် ဂုဏ်ဖော်ရမယ်သီချင်းလေးမဟုတ်ပေမယ့် ပုံဖော်ဖန်တီးနိုင်ခဲ့တဲ့ သီချင်းလေးဖြစ်တယ်"ဟု ဂျပန်မီဒီယာတစ်ခုတွင်လည်း မိုရီဆာကီဝင်းက ဖြေကြားထားသည်။

**သွန်းဝဿန်**

## မင်းသား နေတိုး၊ မြင့်မြတ်တို့နှင့်အတူ သရုပ်ဆောင်ခွင့်ရရန် မျှော်လင့်သည့် တက်သစ်စသရုပ်ဆောင် နေအဥ္ဇရာ



ကိုလင်း

သရုပ်ဆောင်ကမ္ဘာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရင်း မျက်ခြည်ဖိုက်တင်သင်တန်းများကတစ်ဆင့် အနုပညာလောကသို့ ရောက်ရှိလာခဲ့သည့် နေအဥ္ဇရာက အနုပညာ အစ်ကို အစ်မများထံမှ သရုပ်ဆောင်အတတ်ပညာများကို ကြည့်ရှုကာ အားကျခဲ့ရကြောင်း ပြောကြားသည်။ ၂၀၁၄ ခုနှစ်တွင် အနုပညာလောကသို့ စတင်ရောက်ရှိလာခဲ့ပြီး ထာဝရမန္တလေးနှင့် ပန်းနုသွေး ရုပ်သံဇာတ်လမ်းတွဲများတွင် သရုပ်ဆောင်ကာ ပရိသတ်အားပေးမှုရရှိလာခဲ့သည့် နေအဥ္ဇရာက လက်ရှိတွင် ဇာတ်လမ်းတွဲများ၊ ဇာတ်ကားများကိုလည်း ဆက်တိုက်သရုပ်ဆောင်ခွင့်ရလာပြီဖြစ်သည်။

ချစ်စဖွယ်ဟန်ပန်ဖြင့် အပြုံးချိုတတ်သည့် နေအဥ္ဇရာက စက်တင်ဘာလအတွင်း ရုံတင်ပြသရန်ရှိသည့် ကျော်ကြားနှင့် အမွှေစိန်ဝိညာဉ်များ ဇာတ်ကားတွင် ခန့်စည်သူ၊ နေဒွေး၊ ရွှေမှုံရတီတို့နှင့်အတူ သရုပ်ဆောင်ထားကာ စက်တင်ဘာလအတွင်း ရသမော်ကွန်းအလင်္ကာ ဇာတ်လမ်းတွဲကိုလည်း စတင်ရိုက်ကူးရန် ပြင်ဆင်လျက်ရှိသည်။

"ဇာတ်ကားတွေ ရိုက်ရတာများလာတော့ သရုပ်ဆောင်တဲ့ ကာရိုက်တာလည်းအတော်ကိုများနေပါပြီ။ ဒါပေမယ့် အိမ်ထောင်ရေး၊ လူမှုရေးပြဿနာကြောင့် စိတ်ပေ့ါသွပ်သွားတဲ့ ကာရိုက်တာမျိုးလို ထူးဆန်းတဲ့ ကာရိုက်တာမျိုးတော့ မရိုက်ဖူးသေးဘူး။ အခုနောက်ပိုင်း ဇာတ်လမ်းတွေမှာ ဟာသတွေများများ သရုပ်ဆောင်ဖြစ်တယ်။ ကျွန်မရဲ့ပုံစံ ရိုက်နေကျကာရိုက်တာကနေ ခွဲထွက်သွားတာက ပဥ္စလက်ရွှာ ဇာတ်လမ်းတွဲမှာပါ။ ရက်စက်တဲ့ မိန်းမတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားပါတယ်။ ပရိသတ်ကြီးက တွေ့နေကျပုံစံမဟုတ်တော့ ဘယ်လိုသဘောထားမလဲဆိုတာ စိုးရိမ်နေတဲ့အထိ ကျွန်မကြိုးစားသရုပ်ဆောင်ထားပါတယ်"ဟု နေအဥ္ဇရာက ပြောပြသည်။

ဇာတ်ကားများ၊ ဇာတ်လမ်းတွဲများအားလုံးတွင် ကျရာဇာတ်ရုပ်ကို အကောင်းဆုံးဖန်တီးသရုပ်ဆောင်မည်ဖြစ်ပြီး ဆရာများကလည်း အနုပညာအတွက် သင်ကြားမှုများကြောင့် သရုပ်ဆောင်ရာတွင် များစွာအထောက်အကူရကြောင်း၊ ဒါရိုက်တာများ၊ ဆရာများဖြစ်သည့် ဇော်မြင့်ဦး၊ အောင်သြဘာ၊ ငြိမ်းမင်းနှင့် ဇာတ်လမ်းတွဲရိုက်ကူးသူ ရုပ်သံဒါရိုက်တာများကို အလွန်ကျေးဇူးတင်ကြောင်း ၎င်းကပြောကြားသည်။

"ကျွန်မအနေနဲ့ ရိုက်ခွင့်ရခဲ့မယ်ဆိုရင် ကိုနေတိုးတို့၊ ကိုမြင့်မြတ်တို့နဲ့လည်း ဇာတ်ကားရိုက်ကူးခွင့်ရလိုပါတယ်။ ကိုနေတိုးဆိုရင် ကျွန်မတို့နဲ့ အမျိုးအနွယ်လည်းတူတယ်။ ရခိုင်လူမျိုး အနုပညာရှင်တစ်ယောက်ဖြစ်တဲ့အတွက် သူနဲ့အတူတူ သရုပ်ဆောင်တာမျိုး ဖြစ်ချင်တယ်။ သူ့ဆီကနေ သရုပ်ဆောင်အတွေ့အကြုံ သင်ယူချင်တယ်။ နောက်တစ်ယောက်ကတော့ ကိုမြင့်မြတ်ပါ။ သူ့ကိုတော့ ကျွန်မသရုပ်ဆောင်မဖြစ်ခင်ကတည်းက သဘောကျပါတယ်။ သူ့ရဲ့သရုပ်ဆောင်ချက်တွေက ပီပြင်တယ်။ သဘာဝကျတယ်။ ကာရိုက်တာအစုံကိုလည်း သူသရုပ်ဆောင်နိုင်တယ်။ ဒါကြောင့် လေးစားပြီး သူ့အနုပညာကိုလည်း ဆည်းပူးခွင့်ရချင်တယ်" ဟု နေအဥ္ဇရာက ရိုက်ကူးလိုသေးသည့် အနုပညာရှင်များအကြောင်းကို ပြောပြသည်။

## သရုပ်ဆောင်အလုပ်ကို စွန့်လွှတ်ကာ စီးပွားရေးဘက်သို့ ခြေစုံပစ်ဝင်သွားသည့် မင်းသမီး



ဝေလင်း

အနုပညာလောကတွင်းသို့ အကယ်ဒမီဇန်းကိုင်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ဇာတ်ကားများနှင့် ရုပ်ရှင်ရိုက်ကူးမှုများအားလုံးကို စွန့်လွှတ်ကာ စီးပွားရေးလောကသို့ ခြေစုံပစ်ဝင်ရောက်တော့မည်ဖြစ်ကြောင်း သရုပ်ဆောင်သက်သခင်က ပြောကြားလိုက်သည်။

"ကျွန်မရဲ့မိဘတွေကလည်း စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြပါတယ်။ ကျွန်မရဲ့ဝါသနာမို့ အနုပညာအလုပ်တွေ လုပ်တာကို မတားဆီးခဲ့ကြပါဘူး။ ဒါပေမယ့် ရေရှည်မှာ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုရှိမှသာ ဘဝအတွက် ပိုပြီးအာမခံချက်ရှိမယ်လို့ ကျွန်မကိုယ်တိုင်လည်း ယူဆတဲ့အတွက် အနုပညာအလုပ်တွေကို ရပ်တန့်လိုက်ပါတယ်။ ကိုယ့်အနေနဲ့ ရေရှည်အနုပညာလောကထဲမှာ အကောင်းဆုံးမဖြစ်လာမှာကိုလည်း စိုးမိတယ်"ဟု သက်သခင်က ရှင်းပြသည်။

ပရိသတ်ကြီးအတွက် အကောင်းဆုံးကြိုးစားတင်ဆက်ခဲ့သည့် သက်သခင်က ရန်ကုန်မြို့ ကျောင်းကုန်းလမ်းတွင် My's Pizza ဆိုင်လေးကို ချစ်သူသရုပ်ဆောင် စိုးရန်အောင်နှင့်အတူ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ပီဇာအရောင်းဆိုင်လေးကို သြဂုတ် ၂၉ ရက်က မိတ်ဆက်ကာ စတင်ဖွင့်လှစ်ခဲ့ပြီး အစားအသောက်ကို ကြိုက်နှစ်သက်ခြင်း၊ အလှအပကို ကြိုက်နှစ်သက်ခြင်းများကြောင့် အစားအသောက်အရောင်းဆိုင်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။



ရှီလာ

## ဝတ်မှုန်ရွှေရည်အသစ်တစ်ယောက်ကဲ့သို့ ဖြစ်သွားရသည့် ဇာတိမြေဇာတ်ကား

ဇာတိမြေဇာတ်ကားအတွက် လိုအပ်သည့်ဇာတ်ဝင်ခန်းများကို ရိုက်ကူးရန် ရိုက်ကူးရေးအဖွဲ့သားများသည် ဂျပန်နိုင်ငံသို့ ရောက်ရှိ နေကြပြီဖြစ်သည်။ ဇာတိမြေဇာတ်ကား ဇာတ်ဝင်ခန်းများကို သြဂုတ် ၂ ရက်က စတင်ရိုက်ကူးလျက်ရှိပြီး ဇာတ်ကားအတွက် သရုပ်ဆောင်မှုများနှင့် အတွေ့အကြုံများက အသစ်ဖြစ်နေပြီး သရုပ်ဆောင်ရာတွင် မိမိကိုယ်ကို စတင်ရိုက်ကူးခါစ အချိန်ပြန်ရောက်သွားသလားဟုပင်ထင်မှတ်ကြောင်း ဝတ်မှုန်ရွှေရည်က ပြောကြားသည်။

အဆိုပါဇာတ်ကားအတွက် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ သရုပ်ဆောင်များ၊ ထုတ်လုပ်သူများ ပူးပေါင်းပါဝင်ကြပြီး ဂျပန်နိုင်ငံတွင်လည်း သြဂုတ် ၂၆ ရက်က စာနယ်ဇင်းရှင်းလင်းပွဲကို ကျင်းပခဲ့သည်။ အဆိုပါဇာတ်ကားအတွက် ဂျပန်နိုင်ငံ၏ ရုပ်သံဌာနများဖြစ်သည့် NHK၊ JIB စသည်တို့ကလည်း များစွာအားပေးခဲ့ပြီး ဇာတ်ညွှန်းအတွက် အားရကျေနပ်ဖွယ်ကောင်းသည်ဟု ချီးမွမ်းခံခဲ့ရကြောင်း ဇာတ်ကားရိုက်ကူးမည့် ဒါရိုက်တာ ကြည်ဖြူသျှင်က ဆိုသည်။ အဆိုပါသတင်းစာ ရှင်းလင်းပွဲသို့ ဂျပန်နိုင်ငံရှိသတင်းဌာန ၂၀ ကျော်တို့က လာ ရောက်သတင်းရယူခဲ့ကြပြီး နောက်တစ်နေ့သတင်းစာများနှင့် သတင်းရုပ်သံများတွင် မြန်မာ-ဂျပန်ချစ်ကြည်ရေးဇာတ်ကားတစ်ကား ရိုက်ကူးမည့် သတင်းများကို ဝေဝေဆာဆာဖော်ပြပေးခဲ့ကြသည်။

"ဇာတ်ကားကောင်းတစ်ကောင်းလည်းဖြစ်ပြီး နိုင်ငံခြားသားတွေနဲ့ အတူအလုပ်လုပ်ရတာမို့ ပျော်လည်းပျော်တယ်။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ သရုပ်ဆောင်ပိုင်းအတွက် အားထည့်ထားပါတယ်။ ဂျပန်နိုင်ငံက အခုအချိန် ရာသီဥတုလည်း ကောင်းတယ်။ ဇာတ်ကားအတွက် ရိုက်ကူးရမယ့် နေရာတွေရော၊ ဆက်တင်တွေ ရောအားလုံးအဆင်ပြေပါတယ်"ဟု ဝတ်မှုန်ရွှေရည်က ပြောပြသည်။

## နိုင်ငံတကာအနုပညာမှတ်စုသတင်းပဒေသာ

### ရက်ပ်ပါအဆိုတော် Kendrick Lamar က ဗီဒီယိုတေးဂီတ ဆုပေးပွဲတွင် ဆုပေါင်းခြောက်ဆုတစ်ပြိုင်နက် ဆွတ်ခူး



ကယ်လီဖိုးနီးယားသား ရက်ပ်ပါအဆိုတော် Kendrick Lamar ဟာ လော့အိန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ MTV ဗီဒီယိုတေးဂီတဆုပေးပွဲမှာ ဆုပေါင်းခြောက်ဆုကို တစ်ပြိုင်နက် ဆွတ်ခူးနိုင်ခဲ့ပါတယ်။ သူဟာ ကာဘူနဆိုတဲ့ သီချင်းနဲ့ အကောင်းဆုံး တေးသီချင်းဗီဒီယို၊ အကောင်းဆုံး ဟစ်ဟော့အဆိုရှင်ဆုတွေကို ရရှိခဲ့ပါတယ်။ ဆုပေးပွဲအခမ်းအနားမှာ တစ်နှစ်တာအတွက်အကောင်းဆုံး အနုပညာရှင်ဆု ရရှိခဲ့သူ Ed Sheeran ဟာ ရပ်ပါအဆိုတော် Lil Uzi Vert နဲ့ စင်ပေါ်မှာ ဖျော်ဖြေခဲ့ပါတယ်။

Look what you made me do ဆိုတဲ့ သီချင်းကို ပရိတ်သတ်တွေက အထူးနှစ်ခြိုက်ခဲ့ကြပါတယ်။ ဒီသီချင်းဗီဒီယိုကို ယူကျူ့ပေါ်တင်ခဲ့တဲ့အခါ တစ်နာရီအတွင်းမှာပဲ ပရိသတ် ငါးသိန်းဟာ ကြည့်ရှုခဲ့ကြပါတယ်။

ဒီပွဲမှာတော့ တေလာဆွတ်ဖ်ဟာ ဘာဖျော်ဖြေမှုမှ မပြုလုပ်ခဲ့ပေမယ့် တေလာဆွတ်ဖ်ဟာလည်း ဇိုင်ယန်မာလစ်ခ်နဲ့အတူ သီဆိုထားတဲ့ I Don't Wanna Live Forever ဆိုတဲ့သီချင်းနဲ့ ဆုရရှိခဲ့ပါတယ်။ အဲဒီသီချင်းကို ယူကျူ့ပေါ်မှာ ပရိသတ်လေးသိန်းခုနစ်သောင်းကျော် ကြည့်ရှုခဲ့ကြပါတယ်။ ဒီပွဲမှာ တေလာဆွတ်ဖ်ရဲ့ အဓိကပြိုင်ဘက်ဖြစ်သူ ကေတီပယ်ရီဟာလည်း နစ်ကီမင်နာ့ဂျ်နဲ့အတူ Swish Swish ဆိုတဲ့သီချင်းနဲ့ သီဆိုဖျော်ဖြေခဲ့ပါတယ်။

**ဘီဘီစီ**

### စင်ပေါ်မှာဆုယူစဉ် သမီးလေးကို အလွန်ချစ်ကြောင်းပြောခဲ့တဲ့ အဆိုတော်ပင့်ခ်



တနင်္ဂနွေနေ့ညက ပြုလုပ်ခဲ့တဲ့ MTV ဗီဒီယိုတေးဂီတဆုပေးပွဲမှာ ပင့်ခ်ဟာ ဆုရရှိခဲ့ပါတယ်။ ဆုပေးပွဲအခမ်းအနားမှာ ပင့်ခ်ဟာ သူ့ရဲ့ခြောက်နှစ်အရွယ် သမီးလေးကို ဆုံးမစကားဆိုခဲ့ပါတယ်။ ပင့်ခ်ဟာ ဆုလက်ခံရယူရင်းနဲ့ မိန်းကလေးငယ်လေးတွေ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ရုပ်ပုံပန်းသွင်ပြင်နဲ့ ပတ်သက်တဲ့ စိန်ခေါ်မှုတွေကို ပြောပြသွားခဲ့ပါတယ်။

အသက် ၃၇ နှစ်အရွယ်ရှိလာပြီဖြစ်တဲ့ ပင့်ခ်ဟာ သူ့သမီးနဲ့ပတ်သက်တဲ့ အကြောင်းအရာအချို့ကို ပြောပြခဲ့ပါတယ်။ ပင့်ခ်ရဲ့သမီးလေးဟာ သူကိုယ်သူ မလှဘူးလို့ အမြဲပြောလေ့ရှိကြောင်း၊ မိန်းကလေးထက် ယောကျ်ားလေးနဲ့ ပိုတူကြောင်း ပြောလေ့ရှိပါတယ်။ ပင့်ခ်ကတော့ သူ့သမီးလေးကို ပုလဲလုံးလေးတွေဖြစ်လာဖို့ ကျောက်စရစ်ခဲလေးတွေကို ကမာကောင်လေးတွေထဲကို ထည့်ရကြောင်း၊ အလှတရားဆိုတာ ခံစားတတ်ဖို့ပဲလိုကြောင်း ရှင်းပြခဲ့ပါတယ်။ ပင့်ခ်ဟာ သူဆုယူစဉ်မှာ စင်အောက်ကနေ အားပေးနေတဲ့ သူ့သမီးငယ်လေးကို အလွန်လှပကြောင်း၊ တော်တော်လည်းချစ်ကြောင်း ပြောခဲ့ပါတယ်။ ပင့်ခ်စင်ပေါ်မှာ ဖျော်ဖြေနေစဉ်အတွင်းမှာလည်း ပင့်ခ်ရဲ့သမီးလေးဟာ စင်အောက်ကနေ သူ့မိခင်ရဲ့သီချင်းတွေကို လိုက်ဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။

MTV ဆုချီးမြှင့်ပွဲမှာ ပင့်ခ်နဲ့ သူ့သမီးဟာ အနက်ရောင် ကုတ်အင်္ကျီဆင်တူဝတ်ဆင်ပြီး ပွဲတက်ခဲ့ပါတယ်။

**ဒေးလီးမေးလ်**

**မြိုး**

### ဝါသနာတူ လုပ်ငန်းတူ စိတ်တူကိုယ်တူ ခါရာနှင့် နိုရာ

**ကိုလင်း**



**ရန်ကုန် ဩဂုတ် ၂၉**

တစ်ဦးက ထုတ်လုပ်သူ၊ တစ်ဦးက သရုပ်ဆောင်၊ အနုပညာခရီးနှင့် ချစ်သူတို့ခရီးကို လျှောက်လှမ်းခဲ့သည်မှာ ငါးနှစ်ကြာမြင့်ခဲ့ပြီဖြစ်ပြီး နှစ်ဦးသား နားလည်မှုကြောင့် အရာအားလုံးကို ကျော်လွှားနိုင်သည်ဟု ယုံကြည်ထားကြသူများမှာ Bonanza Production ထုတ်လုပ်သူ နိုရာနှင့် "ဘယ်လာနှင့် ကျွန်တော်"၊ "မမြင်နိုင်သော တိုက်ဆိုင်မှု"၊ "မြို့ပြမုဆိုး" စသည့် ဇာတ်ကားများတွင် သရုပ်ဆောင်သည့် ခါရာတို့ ဖြစ်သည်။

"နိုရာက ကျွန်တော့်ရဲ့အနုပညာကို ပရိသတ်က အသိအမှတ်ပြုတာကို ခံချင်တယ်။ ကျွန်တော့်အပေါ် နားလည်မှုအရှိဆုံး ချစ်သူတစ်ယောက်ပါ။ ကျွန်တော်နဲ့သူ ချစ်သူတွေ ဖြစ်တယ်ဆိုတာကိုလည်း စပြီးလက်တွဲကတည်းက ပရိသတ်ကို အသိပေးထားပြီးသားပါ။ အဓိကကတော့ အနုပညာအလုပ်တွေကို နှစ်ယောက်အတူ လုပ်ကြရတာ ကျေနပ်စရာကောင်းတယ်"ဟု ခါရာက ပြောကြားသည်။

ဝတ်ရည်နှင်းဟု နာမည်အရင်းရှိသော်လည်း နိုရာဟုသာ လူသိများပြီး ခါရာနှင့်အတူ ပရိသတ်ချစ်ခင်မှုကို ရရှိထားသည့် ထုတ်လုပ်သူ နိုရာကလည်း "ကျွန်မ ထုတ်လုပ်ရေးကနေ ရုပ်ရှင်ကတော့ ကားကြီးနှစ်ကား ရိုက်ထားတယ်။ မြို့ပြမုဆိုး ကားကြီးလည်း မကြာမီ ရုံတင်တော့မှာပါ။ ခါရာ့ ကိုလည်း ခြောက်လလောက် အချိန်ယူပြီး သေသေချာချာ ပြင်ဆင်ပြီးတော့မှ ရိုက်ကူး ပေးထားတာပါ။ ဘဝအတွက် ယုံကြည်တဲ့ အနုပညာ ခရီးကို လျှောက်ကြမယ်ဆိုပြီး လျှောက်ခဲ့တယ်။ ယုံကြည်မှုက အရေးကြီးပါတယ်"ဟု ရှင်းပြသည်။

နှစ်မကုန်မီ နိုရာထုတ်လုပ်ပြီး ခါရာပါဝင်သရုပ်ဆောင်ထားသည့် မြို့ပြမုဆိုး ဇာတ်ကားကြီးကို ကြည့်ရှုနိုင်တော့မည်ဖြစ်သည်။

## နဘားဓာတ်အားခွဲစက်ရုံသို့ ထရန်စဖော်မာသစ်ကြီးတစ်လုံး ရောက်ရှိ

**အင်းတော် ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းရှိ နဘားလျှပ်စစ်ဓာတ်အားခွဲစက်ရုံတွင် တပ်ဆင်ထားသော ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ဆီယိုစိမ့်သဖြင့် ကသာ၊ အင်းတော်၊ ဗန်းမောက်နှင့် ထီးချိုင့်မြို့နယ်များတွင် ဩဂုတ် ၁၈ ရက် ညပိုင်းမှစ၍ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားခဲ့ပြီး ယာယီဓာတ်အားလိုင်းမှ ရယူအသုံးပြုနေရကာ ယခုအခါ အဆိုပါထရန်စဖော်မာနေရာတွင်အစားထိုးရန် ၃၀ အမ်ဗွီအေ ထရန်စဖော်မာသစ်တစ်လုံး ရောက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

၃၀ အမ်ဗွီအေ ထရန်စဖော်မာ အသစ်ကြီးသည် ရန်ကုန်မြို့မှ နဘားဓာတ်ခွဲရုံသို့ ဩဂုတ် ၂၆ ရက်ညနေပိုင်းက ရောက်ရှိလာခြင်းဖြစ်ကာ တပ်ဆင်မှုများဆောင်ရွက်၍ ဩဂုတ် ၃၀ ရက်တွင် မီးအားစမ်းသပ်လွှတ်မည်ဖြစ်ကြောင်း၊ ကချင်ပြည်နယ် တပိန်ဓာတ်အားလိုင်းနှင့် ဆက်သွယ်မှုပြုလုပ်ပြီးပါက 66KV ဓာတ်အား ရရှိမည်ဖြစ်သဖြင့် အထက်ပါ မြို့နယ်လေးခုအတွက် လျှပ်စစ်ဓာတ်အား ပိုမိုကောင်းလာမည်ဖြစ်ကြောင်း နဘားလျှပ်စစ်ဓာတ်အားခွဲရုံမှူး ဦးသောင်းထွဋ်ဟန်၏ ပြောကြားချက်အရ သိရသည်။



နဘားဓာတ်အားခွဲရုံသည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျောက်ပုထိုးဓာတ်အားလိုင်းနှင့် ကချင်ပြည်နယ်တပိန်ဓာတ်အားလိုင်းတို့ပေါင်းဆုံသော ဓာတ်အားခွဲရုံဖြစ်၍ မူလ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ ဆီယိုစိမ့်ပြီး ဓာတ်အားပြတ်တောက်ချိန်တွင် ကသာ၊ အင်းတော်၊ ဗန်းမောက်နှင့် ထီးချိုင့်မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မသွားစေရန် ယခင်ကအသုံးပြုခဲ့သောကျောက်ပုထိုးဓာတ်အားလိုင်း 33KV မှ ယာယီဓာတ်အားရရှိရန် ကသာခရိုင် လျှပ်စစ်အင်ဂျင်နီယာဌာနမှဆောင်ရွက်ပေးခဲ့ရကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ရွှေဘိုမြို့၌ ကောလိပ်ကျောင်းဟောင်းကို အထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်

**ရွှေဘို ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၆) ရပ်ကွက်ရှိ အသုံးမပြုသည်မှာ ခြောက်နှစ်ကြာမြင့်ပြီဖြစ်သော ကောလိပ်ကျောင်း အဆောက်အအုံဟောင်းကို ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွင်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကောလိပ်ဟောင်းနေရာတွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းကို စက်တင်ဘာ ၁၁ ရက်မှစ၍ စာသင်ခန်းခုနှစ်ခန်းဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး ပဉ္စမတန်းမှ နဝမတန်းအထိ ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၉၀ ကျော်ဖြင့် ဖွင့်လှစ်နိုင်ရန် လျာထားကြောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်လည်း ခွင့်ပြုမိန့်ကျထားပြီဖြစ်ကြောင်း၊ ကျောင်းဝင်းအတွင်းရှိ အန္တရာယ်ရှိအဆောင် ခြောက်ဆောင်ကို ဖျက်သိမ်းရန်လည်း ခွင့်ပြုမိန့်ကျထားပြီး လေလံတင်ရောင်းချသွားမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်တင်က ပြောကြားသည်။

ကောလိပ်ကျောင်းနေရာသည် မြေအကျယ် ၁၄ ဒသမ ၅၆ ဧကရှိပြီး ယခင်က ဒေသကောလိပ်မှ ၁၉၉၉ ခုနှစ်တွင် ဒီဂရီကောလိပ် ဖြစ်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် တက္ကသိုလ်အဆင့်ရောက်သောအခါ လက်ရှိနေရာမှ ပြောင်းရွှေ့သွား၍ ကျောင်းနေရာမှာ အသုံးမပြုဘဲ ကျန်နေခဲ့ရာ ထိုနေရာတွင် အမှတ်(၄)အထက်တန်းကျောင်း ကျောင်းဖွင့်လှစ်နိုင်ရေးအတွက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ ဦးဆောင်မှုဖြင့် ပညာရေးဌာန၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာမှ စက်ယန္တရားများ၊ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းပြီး စာသင်ကျောင်း အမြန်ဖွင့်လှစ်နိုင်ရေးအတွက် ချုံနွယ်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်း၊ မြေပြုပြင်ခြင်း၊ သန့်စင်ခန်းများ ပြန်လည်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခင်ဦးစိုးဝေ**

## မဲဇာချောင်းကို ဖြတ်ကူးရန် ကူးတို့စက်လှေများကို အားထားနေကြရ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်အတွင်း ကလပ်နှင့် နောင်မီကြားရှိ မဲဇာချောင်းကို မိုးရာသီကာလများ၌ ဖြတ်ကူးရန် ကူးတို့စက်လှေများကိုသာ အားထားနေရ၍စက်လှေပိုင်ရှိသူများ ဝင်ငွေရရှိအဆင်ပြေနေကြကြောင်း သိရသည်။

"ကျွန်တော်တို့က လူတစ်ယောက်၊ ဆိုင်ကယ်တစ်စီးကို ကူးတို့ကူးခငွေကျပ် ၅၀၀ ယူပါတယ်။ ဒါပေမယ့် ဒီမှာ တာဝန်နဲ့ နေ့စဉ်သွားလာနေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လုံခြုံရေး တာဝန်ထမ်းဆောင်နေကြတဲ့ ဌာနဆိုင်ရာဝန်ထမ်းတွေကိုတော့ ကျွန်တော်တို့အခမဲ့ပို့ပေးတယ်။ နောက်ပြီး ရဟန်းသံဃာတွေကိုလည်း ကူညီဆောင်ရွက်ပေးပါတယ်"ဟု စက်လှေဖြင့် လှေကူးတို့ပို့နေသူတစ်ဦးက ပြောသည်။



မဲဇာချောင်းသည် နွေရာသီတွင် ယာယီချောင်းကူးသစ်သားတံတားများပြုလုပ်၍ဖြတ်သန်းသွားလာနေကြသော်လည်း မိုးရာသီကာလတွင်မူ စက်လှေ၊ ကူးတို့လှေများဖြင့်သာ ဖြတ်သန်းကြရသောကြောင့် စက်တပ်လှေပိုင်ရှင် ကူးတို့ပို့သူများမှာ ဝင်ငွေရရှိအဆင်ပြေကာ ဒေသခံပြည်သူများအတွက်လည်း စက်တပ်လှေများကြောင့် သွားလာရေးအဆင်ပြေစေကြောင်း သိရသည်။

**သန်းမောင်လေး**

## ဆိပ်ဖြူမြို့နယ်၌ အထက်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**ဆိပ်ဖြူ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာ၊ ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ပြီး ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးစောထွန်းက ကျောင်း၏ သမိုင်းကြောင်းများနှင့် ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ကျောင်းအဆင့်တိုးမြှင့်ခြင်း အထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့သည်။

**စိုးလင်းနိုင်(iprd)**

# ရခိုင်ပြည်နယ်မှ အကြမ်းဖက်ခံရသည့်ဒေသများသို့ ကူညီထောက်ပံ့ရန် အလှူငွေများလှူဒါန်း

**တာချီလိတ် ဩဂုတ် ၂၉**

ရခိုင်ပြည်နယ်တွင် လတ်တလောဖြစ်ပွားခဲ့သော အစွန်းရောက် ဘင်္ဂါလီအကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုခံရသည့် နေရာဒေသများရှိ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများအား ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့သူမြို့သားများ စုပေါင်း၍ ကူညီထောက်ပံ့ပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။




အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများအနေဖြင့် အလှူငွေများ ပါဝင်ကူညီလှူဒါန်းနိုင်ရေး အကြံပြု ဆွေးနွေးပြောကြားသည်။ ထို့နောက် အလှူငွေများ ပေးအပ်လှူဒါန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ကျပ်လေးသိန်း ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သန်းနုက ကျပ်သုံးသိန်း၊ ဦးမြင့်ဦး(မုတ်ဆိတ်)- ဒေါ်နန်းသောင်း မိသားစုက ကျပ်သုံးသိန်း၊ တာချီလိတ်မြို့နယ် ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းက ငွေကျပ်သိန်း ၂၀၊ ရွှေမဟာကိုယ်ပိုင်အထက်တန်းကျောင်းက ငွေကျပ်ဆယ်သိန်း၊ ဦးတင်နွယ်-ဒေါ်နန်းခမ်းအောင် (စိုင်းလောင်ဟိန်း သတ္တုတူးဖော်ရေးကုမ္ပဏီ)မိသားစုက ငွေကျပ်ငါးသိန်း၊ မဇ္ဈိမလူမှုကူညီရေးအသင်းမှ ငွေကျပ်ငါးသိန်း၊ အလင်းရောင် ပရဟိတအသင်းမှ ငွေကျပ်ငါးသိန်း၊ တာချီလိတ်နာရေးကူညီမှုအသင်းမှ ငွေကျပ်သုံးသိန်း၊ ဗယ်လင်တိုင်းနှင့် နိုင်းနိုင် ကဖေးနှင့်အအေး (စားသောက်ဆိုင်)မိသားစုမှ ငွေကျပ်ငါးသိန်း၊ မြို့နယ် ဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့မှ ငွေကျပ်တစ်သိန်း၊ မြို့နယ်ဂီတ အစည်းအရုံးမှ ငွေကျပ်တစ်သိန်း စုစုပေါင်း အလှူငွေကျပ် ၆၅ သိန်း ပါဝင်လှူဒါန်းခဲ့ကြသည်။

အဆိုပါ အလှူငွေများကို တာဝန်ရှိသူများက လက်ခံရယူကာ ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုခံရသည့် နေရာဒေသများရှိ တိုင်းရင်းသားပြည်သူများထံ ဆက်လက်ပေးပို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အတူ စေတနာရှင် အလှူရှင်များ ဆက်လက်ပါဝင်လှူဒါန်းနိုင်ရေးအတွက် ဗယ်လင်တိုင်းကဖေးဆိုင်တွင် ဩဂုတ် ၂၈ ရက်မှစတင်၍ အလှူခံဌာန ဖွင့်လှစ်ထားမည်ဖြစ်ပြီး ရရှိသည့်အလှူငွေများကိုလည်း အကြမ်းဖက်မှုခံရသည့် ဒေသများသို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ရေနံလုပ်ကွက်တိုင်းတာရေးကြောင့် သီးနှံပျက်စီးမှုများအတွက် နစ်နာကြေးပေးအပ်

**မကွေး ဩဂုတ် ၂၉**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Eni Myanmar B.V က မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်နှင့် မြို့သစ်မြို့နယ်များမှ ကုန်းတွင်းရေနံလုပ်ကွက်အမှတ် RSF-5 တွင် 3D Seismic(ဆိုက်စမစ်) တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်စဉ် မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဖြတ်သန်းတိုင်းတာခြင်းအတွက် သီးနှံနှင့်မြေယာပျက်စီးသည့် တောင်သူများအား နစ်နာကြေးငွေများ ဩဂုတ် ၂၆ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည့် နစ်နာကြေးငွေပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်တို့က အမှာစကားပြောကြားပြီး မြေယာနှင့် သီးနှံလျော်ကြေးပေးရေးအဖွဲ့ အတွင်းရေးမှူး ဦးမင်းအောင်(တာဝန်ခံမန်နေဂျာ၊ MOGE-eni)က မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းမှ နစ်နာကြေးပေးလျော်သည့်လုပ်ငန်းစဉ်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် Eni Myanmar B.V ၏ 3D ဆိုက်စမစ်တိုင်းတာစဉ် ဖြတ်သန်း ခဲ့ရသည့် မကွေးမြို့နယ်တွင်းမှ ဖိုလေးလုံး၊ သံဘိုကန်၊ ကံသာနှင့် ယင်းမတောကျေးရွာ များမှ တောင်သူ ၁၇၄ ဦးအတွက် လျော်ကြေးငွေ ၈၉၇၄၀၀ ကို ပေးအပ်ခဲ့သည်။

အဆိုပါ တိုင်းတာရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ဖြတ်သန်းတိုင်းတာမှုများ ပြုလုပ်ခဲ့သည့် မကွေးမြို့နယ် အုန်းတွဲကျေးရွာအုပ်စု ဆလံကျေးရွာ၌လည်း ယခုလို သီးနှံလျော်ကြေးငွေများပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ကျော်ဇေယျ**



# ကရင်ပြည်နယ်အတွင်း တောင်သူလယ်သမားအခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ ရှင်းလင်းဆွေးနွေး

**ဘားအံ ဩဂုတ် ၂၉**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေအပေါ် ကရင်ပြည်နယ်အတွင်း ပြည်နယ်အစိုးရ၏ လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ဆွေးနွေးပွဲကို ဩဂုတ် ၂၆ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပြည်နယ်အတိုင်းအတာအရ ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း တကယ့်လက်တွေ့အောက်ခြေမြေပြင်၌ အမှန်တကယ် ထိရောက်မှုရှိ မရှိ သုံးသပ်ကြဖို့လိုကြောင်းနှင့် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်ပေးရန်ရှိသည်များကို မှန်မှန်ကန်ကန်ဖြင့် အားမနာစတမ်း တင်ပြကြရန် အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ယခုနှစ်တွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေထုတ်ချေးရာတွင် ဝန်ကြီးဌာန အပြောင်းအလဲဖြစ်သွားသော်လည်း အမှန်တကယ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများကို စိုက်ပျိုးစရိတ်ထုတ်ချေးနိုင်ရေးအတွက် စာရင်းဇယားအတိအကျကောက်ယူ၍ ထုတ်ချေးပေးမည့်အစီအစဉ်နှင့် သံတောင်ကြီးမြို့နယ်ရှိ ဖာလာစိုက်ပျိုးသူများကို စိုက်ပျိုးစရိတ်ထုတ်ချေးမည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၏ ရည်ရွယ်ချက် (၅) ရပ်နှင့်အညီ ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့သည်။




ထို့နောက် ပြည်နယ်စာသုံးသူရေးရာဦးစီးဌာနမှူး ဦးတင့်ဆန်းက အိန္ဒိယနိုင်ငံမှ ပဲဝယ်ယူမှုဆိုင်ရာ မူဝါဒအပြောင်းအလဲနှင့်ပတ်သက်၍ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်သည်များနှင့် ပြည်နယ်၏ လယ်ယာထွက်ကုန်များ ဈေးကွက်ရရှိရေးအတွက် ဌာနအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက တောင်သူလယ်သမားများ မျိုးကောင်း မျိုးသန့်မျိုးစေ့များကို စနစ်တကျသုံးစွဲနိုင်ရေးနှင့် နယ်မြေဒေသအလိုက် ရောင်းဝယ်နေကြသော ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မြေသြဇာ၊ မျိုးစေ့များ စံချိန်စံညွှန်းကိုက်ညီကာ တောင်သူများ မှန်ကန်စွာဝယ်ယူသုံးစွဲနိုင်ရေးတို့အတွက် ပညာပေးခြင်း၊ စစ်ဆေးခြင်း၊ သတိပေးခြင်း၊ အရေးယူခြင်း ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ထုတ်ပြန်သော အရေးကြီးသတင်းအချက်အလက်များကို တောင်သူလယ်သမားများအား ထပ်ဆင့်သတိပေး နှိုးဆော်ခြင်း၊ ပိုးမွှားရောဂါဆိုင်ရာ သတင်းအချက်အလက်နှင့် ဈေးနှုန်းသတင်းအချက်အလက်များကို မီဒီယာနည်းလမ်းဖြင့် ထုတ်ပြန်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ သဘာဝဘေးဒဏ်ကျရောက်သောစိုက်ခင်းများတွင် ကွင်းဆင်းကုစားဆောင်ရွက်ပေးနေမှု အခြေအနေများကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသော ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ကလည်း တောင်သူလယ်သမားဘဝနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်စွက်အကြံပြုဆွေးနွေးခဲ့ကြသည်။

ကရင်ပြည်နယ်တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများအား နိုင်ငံတော်မှပုံမှန်ထုတ်ချေးသည့် ချေးငွေများအပြင် မြန်မာ့ရှေ့ဆောင်ဘဏ်၊ ကမ္ဘောဇဘဏ်တို့မှ စုစုပေါင်းချေးငွေ ကျပ်သိန်းပေါင်းတစ်သောင်းကျော် ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် ရေလွှမ်းမိုးမှုဖြစ်စဉ်ကြောင့် ပြည်နယ်အတွင်း၌ စိုက်ပျိုးမြေ ၂၁၅၇ ဧက ရေလွှမ်းမိုးမှုရှိခဲ့သော်လည်း မျိုးစေ့လိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့၍ ပျက်စီးမှုမရှိခဲ့သလို ခရုကျရောက်မှုတွင်လည်း စနစ်တကျနှိမ်နင်းနိုင်ခဲ့၍ စပါးစိုက်ခင်းများ ပျက်စီးမှုမရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဆွေးမြည့်နေသော ဓာတ်တိုင်များကို ကွန်ကရစ်တိုင်များဖြင့် လဲလှယ်ပေး

**ငါ့သရောက် ဩဂုတ် ၂၉**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့ မြို့ပေါ်ရပ်ကွက်နေပြည်သူများနှင့် ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာအသုံးပြုနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် စက်စက်ယို-ညောင်ဦး ၁၁ ကေဗွီ ဓာတ်အားလိုင်းရှိ ဆွေးမြည့်ပျက်စီးနေသည့် ဓာတ်အားလိုင်းတိုင် ခြောက်တိုင်ကို ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ဩဂုတ် ၂၆ ရက်တွင် ကွန်ကရစ်တိုင်အသစ်များဖြင့် အစားထိုးပြုပြင် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကွန်ကရစ်ဓာတ်တိုင်သစ်များဖြင့် အစားထိုးပြုပြင်ဆောင်ရွက်ပေးရာတွင် ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်ဦးဆောင်သော ဝန်ထမ်းများအဖွဲ့က ဒေသခံ ကန်တိန်ကျေးရွာမှ ပြည်သူများ၏ လုပ်အားအကူအညီဖြင့် နေ့ချင်းပြီး လဲလှယ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ငါ့သရောက်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်မှုရှိစေရန်အတွက် နယ်မြေအတွင်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးမှုများကိုလည်း ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**ကသာ ဩဂုတ် ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် သတင်းထောက်အဖွဲ့နှင့် မီဒီယာအဖွဲ့များက ကြီးမှူး၍ ကသာမြို့နယ် မင်္ဂလာသုခကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကသာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ မောင်လေး(ကသာ)နှင့် ကသာမြို့နယ် သတင်းထောက်အဖွဲ့ဥက္ကဋ္ဌ နိုင်ကြီး(ကသာ)တို့က အမှာစကားပြောကြားပြီး ကသာမြို့နယ် ဥပဒေအရာရှိ ဒေါ်မေနိုင်စိုးက ဥပဒေရေးရာများကိုလည်းကောင်း၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၀၆) ကသာမှ ရဲအုပ်မင်းမင်းခန့်က ယာဉ်အန္တရာယ်ကင်းရှင်းရေးကိုလည်းကောင်း၊ လူကုန်ကူးမှုတားဆီးရေးရဲတပ်ဖွဲ့မှ ရဲအုပ်မျိုးမင်းအောင်က လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကသာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်သန်းထိုက်စိုးက မူခင်းကျဆင်းရေးကိုလည်းကောင်း၊ စာရေးဆရာမ လွမ်းရဝေ(ဝန်းသို)က ခေါင်းလောင်းထိုးနေဆဲ ခေါင်းစဉ်ဖြင့် စာပေရသများကို လည်းကောင်း၊ ကသာခရိုင် ပြန်/ဆက်ဦးစီးအရာရှိ ဒေါ်အေးမြတ်မွန်က စာမဖတ်ကြတဲ့ မြန်မာများ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြကာ ဟောပြောပွဲသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

ဟောပြောပွဲအပြီးတွင် ကသာမြို့သူ မြို့သားများနှင့် ဌာနဆိုင်ရာများမှ လှူဒါန်းသော ဗလာစာအုပ် ဒါဇင် ၁၃၀၊ ဘောပင် ၁၀ ဘူး၊ ခဲတံ၊ ပေတံ၊ ခဲဖျက် စသည့် ကျောင်းသုံးစာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများအား ဗလာမပါ ကံစမ်းမဲဖောက်ပေးကာ အိမ်တွင်းသုံးမီးဖို ၂၅ လုံး၊ စတီးချိုင့်၊ ဓာတ်ဘူး၊ ဆပ်ပြာချောင်းများကိုလည်း ဟောပြောပွဲတက်ရောက်သော ပြည်သူများအား ကံစမ်းမဲဖောက်ပေးခဲ့ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# မိုးရေထဲသွားပြီး ခြေထောက်ရေစိုလျှင် ရေနွေးမသောက်သင့်

**ကြည်လွင်မြင့်(မုဒြာ)**

မိုးရာသီရောက်သောအခါ အိမ်အပြင်ထွက်ပြီး မိုးစိုလာသူများ ဖျားနာတတ်ကြသည်။ အပြင်ထွက်ရင်း မိုးမိပြီး နေမကောင်းဖြစ်သူ၊ အအေးပတ်ပြီး ဖျားနာသူများရှိသကဲ့သို့ ခြေထောက်တွင် အချိန်ကြာမြင့်စွာ ရေစိုသူများမှာ အထက်သို့ အပူကန်ရောဂါများဖြစ်တတ်သည်။ အပူကန်ခြင်းကြောင့် လည်ချောင်းနာခြင်း၊ အာသီးရောင်ခြင်း၊ ပသိကျိတ်ရောင်ခြင်း၊ သွားဖုံးကြွ၍သွားနာခြင်း၊ မျက်စိနီရဲခြင်း၊ ခေါင်းကိုက်ခြင်း၊ နားကိုက်ခြင်း၊ နားပြည်ယိုခြင်းများ ဖြစ်နိုင်သည်။

မိုးရွာပြီး ရေစီးရေလာမကောင်းသော ရေဝပ်သောအရပ်၌ နေထိုင်သူများ၊ ရေမြုပ်သည့် ရပ်ကွက်များ၌ နေထိုင်သူများတွင် အဖြစ်များသောရောဂါမှာ အအေးပတ်နှာစေးခြင်း၊ အဖျားအနာဖြစ်ခြင်းများအပြင် အစာမကြေခြင်း၊ လည်ချောင်းနာခြင်း၊ အစာအိမ်ရောင်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ဆီးအောင့်ခြင်းနှင့် အမျိုးသမီးများတွင် မီးယပ်ဖြူဆင်းရောဂါများ အဖြစ်များသည်ကိုတွေ့ရသည်။

မိုးရာသီမဟုတ်ဘဲ ရေစိုသည့်အလုပ်၊ အထူးသဖြင့် ခြေထောက်တစ်ပိုင်းရေစိုသည့်အလုပ်လုပ်ရသည့် ရေလုပ်သားများ၊ ရေခဲစက်နှင့် အအေးခန်းတွင် ကြမ်းပြင်ရေစိုနှင့် အလုပ်လုပ်ရသူများ၊ ဘိလပ်မြေလောင်းသည့် ပန်းရန်လုပ်သားများတွင် အဖြစ်များသောရောဂါမှာ ဆီးအောင့်၊ ဆီးချုပ်ရောဂါနှင့် လေအောင့်လေနာရောဂါဖြစ်ကြောင်း တွေ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာ ခြေထောက်အေးပြီး အထက်သို့အပူကန်ခြင်းကြောင့်ဖြစ်သည်။

ရေစိုတစ်ပိုင်းနှင့် ဘဝဝမ်းစာရှာရသူများမှာ ယောကျ်ားမှာဆီး၊ မိန်းမမှာမီးဟူသော စကားနှင့်အညီ ယောကျ်ားများတွင် ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်ရောဂါအမျိုးမျိုးနှင့် မိန်းမများတွင် ဓမ္မတာမမှန်၊ ထိန်ခြင်း၊ ကျန်ခြင်း၊ ပေါ်လျှင် ကိုက်ခဲပြီးမှပေါ်ခြင်း၊ အသားအရည်ညစ်ခြင်း၊ တင်းတိပ်စွဲခြင်းတို့ ဖြစ်နိုင်ပေသည်။ ထိုသူများသည် ရေနွေးကြမ်းအဖန်ရည်သောက်လျှင် ပို၍ဆိုးသည်။

တစ်ခါက စာရေးသူသည် မိမိကားရေဆေးနေကျ ရေဆေးဆီလိုက်လုပ်ငန်းတစ်ခုမှ အလုပ်သမားကလေးများကို မေးမြန်းကြည့်မိသည်။ သူတို့သည် တစ်နေကုန် ရေပိုက်ကိုင်ပြီး ကားရေဆေးနေရသည်။ အပေါ်ပိုင်းရေမစိုသော်လည်း အောက်ပိုင်းမှာ အမြဲရေစိုနေသည်။ သူတို့သည် ရေငတ်သဖြင့် မကြာခဏရေသောက်နေသည်ကို တွေ့ရသည်။ ဤသည်မှာ သူတို့အတွက် ကျန်းမာရေးကောင်းစေသည်။ ထူးခြားသောစကားတစ်ခု သူတို့ထံမှကြားသိရသည်မှာ "ကျွန်တော်တို့ညနေအလုပ်သိမ်းရင် ရေမိုးချိုးပြီး ထမင်းစားတယ်။ ရေအေးကို အဝချိုးတယ်။ ဗိုက်ဆာရင် ထမင်းမစားခင် ရေအဝသောက်တယ်။ နို့မဟုတ်ရင် အစာစားပြီးရင် အစာမကြေ ဗိုက်အောင့်ရောဂါဖြစ်တယ်"ဟု ပြောပါသည်။

ကားရေဆေး၍ တစ်နေကုန်ရေစိုပြီး ညနေအလုပ်သိမ်းလျှင် အရက်သောက်သူများသည် ချိုင်းကြားမှ ကိန္နရာနာများ ထွက်လေ့ရှိသဖြင့် အရက်မသောက်ရဲကြဟုလည်း ပြောပါသည်။ ကိန္နရာနာခေါ် 'က'နာသည် အထက်သို့ အပူကန်သောကြောင့်ဖြစ်သော အနာမျိုးဖြစ်သည်။

အရပ်ထဲတွင် အိမ်တကာလှည့်ပြီး အဝတ်လျှော်သော အမျိုးသမီးကြီးတစ်ဦးမှာ အသက် ၄၀ မကျော်သေးဘဲ မျက်စိမှုန်ရောဂါနှင့် အတွင်းတိမ်စွဲရောဂါ ခံစားနေရကြောင်း တွေ့ရသည်။ အဝတ်လျှော်သောအလုပ်သည် ခြေထောက်သာမက လက်နှစ်ဖက်ပါ အမြဲရေစိုသော အလုပ်ဖြစ်သဖြင့် အပူများ အထက်သို့စုကာ မျက်စိအတွင်းရှိ မှန်ဘီလူးတွင် အငွေ့များရိုက်ပြီး အမြင်မှုန်ဝါးကာ တိမ်စွဲရခြင်းဖြစ်သည်။

ရေချိုးသောအခါ ဒူးဆစ်မှအောက်ပိုင်း ရေအရင်မလောင်းဘဲ ရေချိုးသူများလည်း အသက်ငယ်ငယ်နှင့် မျက်စိမှုန်ရောဂါရတတ်သည်။ ရေချိုးသောအခါ နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးတွင် ဒူးဆစ်၏အောက်ပိုင်း အခိုးထွက်အောင် ရေငါးခွက်ခန့်လောင်းပြီးမှသာ အထက်ပိုင်းကို ရေလောင်းချိုးသင့်သည်ကို သတိပြုပါ။ အညောင်းထိုင်သူများသည် ရေမချိုးသည့်တိုင် ညအိပ်ယာဝင်ချိန်တိုင်း ခြေထောက်ဒူးအောက်ပိုင်း ရေလောင်းပြီးမှအိပ်လျှင် မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းအပြင် အညောင်းအကိုက်ရောဂါများပါ သက်သာစေနိုင်သည်။

လူတို့သည် မိုးမိလာပြီး ခြေထောက်ရေစိုလာလျှင် ရေနွေးသောက်ခြင်း၊ ကော်ဖီပူပူသောက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤသို့ပြုလုပ်ခြင်းသည် ရုတ်တရက်ချက်ချင်း ဘာမှမဖြစ်နိုင်သော်လည်း ရိုးရာဆေးပညာရှုထောင့်မှကြည့်လျှင် မမှန်ကန်ပေ။ လျှာတွင် အရသာအားဖြင့် ပူနွေးသွားသည်မှန်သော်လည်း အထက်သို့တက်နေသည့် အခိုးအကင်းကို မနိုင်ပေ။ လည်ချောင်းလေပြွန်နှင့် အာခေါင်အတွင်းမှ အပူခိုး၊ အပူငွေ့များသည် အာခေါင်အထက်ရှိ အပေါက်အခေါင်းမှတစ်ဆင့် မျက်စိသို့တက်သွားခြင်းကြောင့် မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းတို့ ရေရှည်တွင်ဖြစ်စေနိုင်သည်ကို သတိပြုသင့်သည်။ တစ်ခါတစ်ရံ မျက်စဉ်းခတ်လျှင် မျက်စဉ်းအရည်သည် အာခေါင်အတွင်းသို့ရောက်ပြီး ခါးလာသည်ကို သတိထားမိလျှင် အခိုးအကင်းများတက်သည့်အပေါက်ရှိသည်ကို သတိပြုမိပေလိမ့်မည်။

ရေနွေးကြမ်းအဖန်ရည်၏ မူလသတ္တိမှာ ဝမ်းကို ချုပ်စေတတ်သည်။ ခြေထောက်ရေစိုသူသည် ရေနွေးကြမ်းသောက်လိုက်သောအခါ ဝမ်းချုပ်သွားနိုင်သဖြင့် နောက်တစ်ရက်တွင် အာသီးရောင်ရောဂါ ဖြစ်လေ့ရှိသည်ကိုလည်း တွေ့ရသည်။ အချို့မှာ လည်ချောင်းယားပြီး ချောင်းဆိုးခြင်း၊ လည်ချောင်းအတွင်းရှိ အစာရေမျိုပြွန်ရောင်ခြင်း၊ အသက်ရှူမဝခြင်းရောဂါများ ဖြစ်နိုင်သေးသည်။ ထို့ကြောင့်ပင် ရှေးလူကြီးများ ရေနွေးကြမ်းသောက်လျှင် ဝမ်းမချုပ်၊ လေမချုပ်စေရန် ဆားလှော်အနည်းငယ် ထည့်သောက်ရခြင်းဖြစ်သည်။ ရှေးက ရေနွေးကြမ်းဝိုင်းတွင် ကျက်အောင်လှော်ထားသောဆားကို ပုလင်းငယ်ဖြင့် ထည့်ထားပေးသည်။ ရေနွေးအဖန်ရည်ကျကျတွင် ဆားလှော်လက်တစ်ဖျစ်စာ (ရွှေးကြီးစေ့ခန့်) ထည့်ပြီး သောက်လေ့ရှိကြသည်။ အထူးသဖြင့် အညာတွင် ဤဓလေ့သည် ယနေ့တိုင်ရှိနေသေးသည်။

ယခုအခါ မြို့ကြီးပြကြီးများတွင် တိုက်တာအဆောက်အအုံများ ပေါ်လာပြီး ရေမြောင်းပိတ်ဆို့မှု များလာသဖြင့် မိုးရွာပြီးလျှင် ရေလျှံလေ့ရှိသည်။ အချို့ရပ်ကွက်များတွင် ရက်ကြာသည်အထိ ရေဝပ်နေသည်။ မသွားမဖြစ် အပြင်ထွက်အလုပ်လုပ်ရသူများမှာ ခြေထောက်ရေစိုဖြင့် သွားကြလာကြရသည်။ ထိုသူများအတွက် အကြံပေးလိုသည်မှာ အပြင်မှပြန်လာလျှင် ခြေထောက်ရေစိုကို ခြောက်သွေ့အောင်သုတ်ပါ။ ထို့နောက် ရေအေးအေး မတ်ခွက်တစ်ခွက်ခန့်ကို သောက်ဖို့လိုပါသည်။ ရေအနည်းငယ်သောက်ရုံဖြင့် အထက်သို့တက်သော အပူငွေ့ကို မထိန်းသိမ်း မပယ်ဖျောက်နိုင်သဖြင့် မတ်ခွက်ငယ်တစ်ခွက်၊ ဖန်ခွက်တစ်ခွက်စာမျှသောက်ရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ သို့မှသာ အာခေါင်နှင့်လည်ချောင်းအတွင်း ရောက်ရှိနေသော (ဥဏှတေဇော+ဝါယော) အခိုးအငွေ့များမှာ မျက်စိသို့မရောက်၊ ဦးနှောက်အတွင်းသို့ မရောက်အောင် တားဆီးနိုင်မည်။ အပူကန်ခြင်းဝေဒနာမှလည်း ကင်းဝေးနိုင်မည်ဖြစ်ကြောင်း အသိပေးတင်ပြလိုက်ရပေသည်။ ။

**လူတို့သည် မိုးမိလာပြီး ခြေထောက်ရေစိုလာလျှင် ရေနွေးသောက်ခြင်း၊ ကော်ဖီပူပူသောက်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤသို့ပြုလုပ်ခြင်းသည် ရုတ်တရက်ချက်ခြင်း ဘာမှမဖြစ်နိုင်သော်လည်း ရိုးရာဆေးပညာရှုထောင့်မှကြည့်လျှင် မမှန်ကန်ပေ။ လျှာတွင် အရသာအားဖြင့် ပူနွေးသွားသည်မှန်သော်လည်း အထက်သို့တက်နေသည့် အခိုးအကင်းကို မနိုင်ပေ။ လည်ချောင်းလေပြွန်နှင့် အာခေါင်အတွင်းမှ အပူခိုး၊ အပူငွေ့များသည် အာခေါင်အထက်ရှိ အပေါက်အခေါင်းမှတဆင့် မျက်စိသို့တက်သွားခြင်းကြောင့် မျက်စိမှုန်ခြင်း၊ တိမ်စွဲခြင်းတို့ ရေရှည်တွင်ဖြစ်စေနိုင်သည်ကို သတိပြုသင့်သည်။**



## ဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများကို စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက အတည်ပြုမည်

**ရေး ဩဂုတ် ၂၉**

မွန်ပြည်နယ် ရေးမြို့နယ်အတွင်းလာမည့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းများ အကောင်အထည်ဖော်သည့်အခါ ပြည်သူများကို ကိုယ်စားပြုသည့် စီမံကိန်းများဖြစ်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် စီမံကိန်းများ ဖြစ်ရမည်ဖြစ်ပြီး အဓိက ဦးစားပေးလုပ်ငန်းများကိုသာ ဆောင်ရွက်သွားမည်ဟု သိရသည်။

"ယခင်က မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာ သက်ဆိုင်ရာဌာနတွေအလိုက် လုပ်ငန်းဆောင်ရွက်ရမယ့် ဘတ်ဂျက်ငွေတွေကို ရေးဆွဲတွက်ချက်ပြီးမှ ပြည်နယ်အဆင့် ထံတင်ပြတောင်းခံရပြီး စီမံကိန်းတွေအကောင်အထည်ဖော်ရပေမယ့်အခုလာမယ့် ဘဏ္ဍာရေးနှစ်မှစတင်ကာ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦး (စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌနဲ့အတွင်းရေးမှူး)ပူးတွဲအတည်ပြုပြီးမှသာလျှင် ဆောင်ရွက်ရမှာဖြစ်ပါတယ်"ဟု မြို့နယ်စီမံကိန်းဦးစီးမှူး ဦးဇော်မင်းထွန်းက ပြောသည်။

စီမံကိန်းများဆောင်ရွက်မည့်မြို့နယ်အဆင့် သက်ဆိုင်ရာဌာနများအနေဖြင့် ဆောင်ရွက်မည့်စီမံကိန်းနှင့်ပတ်သက်၍ ခန့်မှန်းကုန်ကျစရိတ်များ တွက်ချက်ပြီးမှ ပူးတွဲအဆိုပြုလွှာများကို တင်ပြရမည်ဖြစ်ကာ အဆိုပါတင်ပြချက်များကို လာမည့် စက်တင်ဘာ ၃ ရက်တွင် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီက အတည်ပြုဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ်တွင် အမျိုးသမီးများပါဝင်ရေး ဆွေးနွေး

**သုဝဏ္ဏဝတီ ဩဂုတ် ၂၉**

မွန်ပြည်နယ်အစိုးရအဖွဲ့ မွန်ပြည်နယ်လွှတ်တော်နှင့် UN WOMEN အဖွဲ့တို့ ပူးပေါင်းကျင်းပသည့် 'အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ်တွင် အမျိုးသမီးများ မည်သို့ ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ဦးစားပေးမှု"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်ရှိ ရွှေရင်မျှော်စေတီ ဓမ္မာရုံ၌ ဩဂုတ် ၂၆ ရက်က ကျင်းပခဲ့သည် ။

ဆွေးနွေးပွဲတွင် သထုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်လဲ့ (မွန်ပြည်နယ်လွှတ်တော် ဥပဒေပြုရေးရာကော်မတီဥက္ကဋ္ဌ)နှင့် ဒေါ်စန္ဒာဝင်း (ကုလသမဂ္ဂ အမျိုးသမီးများအဖွဲ့အစည်း) တို့က ဦးဆောင်ပါဝင်ဆွေးနွေးပြီး တက်ရောက်လာသော သုဝဏ္ဏဝတီမြို့ ရပ်ကွက်ကျေးရွာများမှ အမျိုးသားအမျိုးသမီး စုစုပေါင်း ၁၁၄ ဦး တို့အား အစုအဖွဲ့များခွဲ၍ ပဋိပက္ခများတွင် အမျိုးသားများနှင့် အမျိုးသမီးများ အဓိက တွေ့ကြုံရသည့်ပြဿနာများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသားများနည်းတူ အမျိုးသမီးများလည်း ပါဝင်စေနိုင်မည့် နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့်နည်းလမ်းများကို အပြန်အလှန် ဆွေးနွေးကြသည်။ ထို့အပြင် ပဋိပက္ခများအတွင်း အမျိုးသမီးများအနေဖြင့် ကြုံတွေ့ရသော စားဝတ်နေရေး အခက်အခဲများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လူကုန်ကူးမှုများ စသည်တို့နှင့်ပတ်သက်၍လည်း ဖြေရှင်းနိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအစီအစဉ်များတွင် အမျိုးသမီးများအား ဦးစားပေး ပါဝင်စေရန် ကျေးရွာအဆင့် ဆွေးနွေးပွဲများကို မွန်ပြည်နယ်အတွင်း၌ ဒေသ ၁၁ ခုတွင် ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**



# ဆေးရွက်ကြီးစိုက်သူ များလာနိုင်၍ ပျိုးပင်ရောင်းရန် ပျိုးထောင်သူများနေ

**ညောင်ဦး ဩဂုတ် ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် ဆေးရွက်ကြီးဈေးကောင်းရခဲ့သဖြင့် ယခုနှစ် မိုးရာသီအတွင်း တောင်သူများအနေဖြင့် ဆေးရွက်ကြီးစိုက်ပျိုးမှု များလာနိုင်သောကြောင့် ဆေးရွက်ကြီးပင်စိုက်ပျိုးမည့် တောင်သူများအားရောင်းချရန် ပျိုးပင်များ ပျိုးထောင်နေသည့် တောင်သူများလည်း များလာလျက်ရှိကြောင်း သိရသည်။

မြို့နယ်အတွင်းမှ သစ်ထောင်တောင်ရွာ၊ မြောက်ရွာ၊ အထက်ညဥ့်ရွာ၊ အောက်ညဥ့်ရွာ၊ သူကောင်းတည်ရွာ၊ ဘုရားလေးကုန်းရွာ၊ ရွာသစ်ကုန်းကျေးရွာစသည့် ကျေးရွာများနှင့် ဧရာဝတီမြစ်၏ တစ်ဖက်ကမ်းရှိ ပခုက္ကူမြို့နယ်မှ ကျွန်းတောင်သူများအနေဖြင့် ယခု မိုးရာသီအတွင်း ဆေးရွက်ကြီးပင်စိုက်ရန် စိတ်ဝင်စားမှုများနေကြသည်။ ထိုသို့ တောင်သူများစိတ်ဝင်စားမှုများနေခြင်းအပေါ် မူတည်၍ သူကောင်းတည်မြစ်ရေတင်မှ ရေရရှိသူသောတောင်သူများအနေဖြင့် ဆေးရွက်ကြီးပင်များပျိုးရောင်းရန် မျိုးစေ့များဝယ်ယူပြီး စီးပွားဖြစ်ပျိုးထောင်နေကြပြီဖြစ်ကြောင်း သိရှိရသည်။

"ပြီးခဲ့တဲ့နှစ်ကတော့ ကျွန်တော်တို့ ဆေးစိုက်တောင်သူတွေ တော်တော်အဆင်ပြေခဲ့တယ်။ ဆေးရွက်ကြီး အချိန်တစ်ရာကို ၃၃၀၀၀၀ ဈေးနဲ့ ရောင်းရတယ်။ ဆေးရွက်ကြီးဆိုတာ အဝယ်ဒိုင်မရှိဘူး။ ပွဲစားကုန်သည်တွေက အိမ်တိုင်ရာရောက် လာဝယ်ပါတယ်။ ရောင်းတဲ့တောင်သူက ဘာမှ ဒုက္ခများစရာမလိုဘူး။ ဆေးရွက်ကြီးစိုက်ဧက တစ်ဧကမှာ ဆေးရွက်ကြီး ပိဿာချိန်ခြောက်ရာ ထွက်ရှိနိုင်တယ်။ ခြောက်လုံးခေါ်တာပေ့ါ။ ပိဿာတစ်ရာကို ဒေသအခေါ် တစ်လုံးခေါ်တယ်။ တစ်ဧကစိုက်ရင် ဆေးရွက်ကြီးခြောက်လုံးရနိုင်တယ်။ ခြောက်လုံး ပိဿာချိန်ခြောက်ရာကို ဈေးနှုန်း သိန်း ၂၀ နီးပါး ရနိုင်ပါတယ်။ ဒီနှစ်ပိုင်းမှာ တောင်သူတွေ အခြားသီးနှံစိုက်ရင် တစ်ဧက သိန်းနှစ်ဆယ်နီးပါးရနိုင်တာ ဘယ်သီးနှံမှမရှိပါဘူး။ ဒါကြောင့် ယခုနှစ်သီးနှံစိုက်ပျိုးချိန်မှာ ဆေးရွက်ကြီးစိုက်ချင်သူ များပြားလာနိုင်ပါတယ်" ဟု သစ်ထောင်တောင်ရွာမှ ဆေးရွက်ကြီးကို နှစ်စဉ်စိုက်ပျိုးနေကျဖြစ်သည့် တောင်သူတစ်ဦးကပြောသည်။

ဆေးရွက်ကြီးပျိုးပင်ရောင်းရန် ပျိုးထောင်နေသူတစ်ဦးကလည်း "ဒီနှစ်တော့ ဆေးပျိုးပင် ဈေးကောင်းကောင်းရမယ်ထင်လို့ ပျိုးထောင်ထားတာ တော်တော်လေးများပါတယ်။ ဒီနှစ်မှာ ဆေးပျိုးထောင်သူကလည်း များတယ်။ ဆေးစိုက်သူလည်း များမယ်။ အရင်နှစ် ဆေးပျိုးဈေးကတော့ ပျိုးပင် အပင် တစ်ထောင်ကို ၁၂၀၀၀ ကျပ်အထိ ရောင်းရတယ်။ တစ်ပင် ၁၂ ကျပ်နှုန်းကျတယ်။ ဒီနှစ် အဲဒီလောက်မရောင်းရလည်း တစ်ပင် ၁၀ ကျပ်နှုန်းလောက်ရောင်းရရင် တော်ပါပြီ" ဟု ဈေးကွက် မျှော်မှန်း ပျိုးထောင်ထားသည့်အခြေအနေကို ရှင်းပြသည်။

၎င်းက ဆက်လက်၍ "ကျွန်တော်ကတော့ဆေးပျိုးစေ့ တစ်ပြည် တစ်သောင်းကျပ် ဝယ်ပျိုးရတယ်။ ငါးပြည် ဝယ်ပျိုးထားပါတယ်။ အဲဒီငါးပြည်က ပျိုးပင်တကယ်ရောင်းရမယ်ဆိုရင် ဆေးပျိုးပင်ဖိုး သိန်းဆယ်ချီရနိုင်ပါတယ်။ အခု ဆေးပင်ပျိုးတဲ့ယာကွက်ကို အခြားသီးနှံစိုက်ရင် ဘယ်သီးနှံမှ အဲဒီလောက် မရနိုင်ပါဘူး။ ကျွန်တော်တို့ဆေးပင်ပျိုးရက် သက်တမ်းကလည်း အနည်းဆုံး ၄၅ ရက် သက်တမ်းကြာပါတယ်။ ၄၅ ရက်ကိုကျော်ရင် ကျော်သလောက်ရတယ်။ ပျိုးသက်ရင့်လေ ကောင်းလေပါပဲ" ဟု ပျိုးထောင်ရပုံကို ဆက်ပြောပြသည်။ **ကျော်ဒွေး(ညောင်ဦး)**



# မွန်ပြည်နယ်မှ ထူးချွန်ကျောင်းသားများအပါအဝင် ပညာရေးဆိုင်ရာ ဂုဏ်ပြုပွဲကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၉**
ပြီးခဲ့သည့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ သင်ကြားရေး ဆရာ ဆရာမများ၊ ကျောင်းများနှင့် မြို့နယ်များအား ဂုဏ်ပြုပွဲကို မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်တွင် နှစ်စဉ်လိုလို တစ်နိုင်ငံလုံးမှာ ပထမရနေသည်ကို အားလုံးအသိဖြစ်ကြောင်း၊ ယခုလို ပထမရရှိနိုင်ခြင်းမှာ ကျောင်းသား၊ ဆရာ၊ မိဘ၊ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့တွေရဲ့ပူးပေါင်းကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မွန်ပြည်နယ်က အောင်ချက်ရာခိုင်နှုန်း ၄၁ ဒသမ ၁၂ ဖြင့် မြန်မာတစ်နိုင်ငံလုံးမှာ ပထမရခဲ့သလို ၂၀၁၈ ခုနှစ်မှာလည်း ရာခိုင်နှုန်းပိုမိုအောင် စွမ်းဆောင်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဦးမျိုးတင်အောင်က ၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။ ဆုပေးပွဲတွင် တစ်နိုင်ငံလုံး အောင်ချက်ရာနှုန်း ပထမဆုရရှိအောင် ဆောင်ရွက်နိုင်သော မွန်ပြည်နယ်ပညာရေးဌာန၊ ဝိုင်းဝန်းကူညီပေးသော မော်လမြိုင်တက္ကသိုလ် လူမှုရေးအဖွဲ့အစည်းများ၊ ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၇ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး၊ သိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ ငါးဦး၊ ဝိဇ္ဇာဘာသာတွဲ အမှတ်အများဆုံးရရှိသူ သုံးဦး၊ ဝိပ္ပံဘာသာတွဲ အမှတ်အများဆုံးရရှိသူ သုံးဦး၊ အောင်ချက်အကောင်းဆုံး သုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း သုံးကျောင်း၊ ခြောက်ဘာသာဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ကျောင်းခြောက်ကျောင်းမှ ဆရာ ဆရာမများ၊ အောင်ချက်ရာခိုင်နှုန်း ၅၀ ရာခိုင်နှုန်းထက်ရရှိသော ကျောင်းနှစ်ကျောင်းမှ ကျောင်းအုပ်ကြီးများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

ပြီးခဲ့သော ၂၀၁၆-၂၀၁၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အထက်တန်းကျောင်းခွဲပေါင်း ၁၆၈ ကျောင်းမှ ကျောင်းသူကျောင်းသား ၂၂၆၁၈ ဦး ဝင်ရောက်ဖြေဆိုရာ ၉၃၀၁ ဦး အောင်မြင်ခဲ့ပြီး ခြောက်ဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၇ ဦး ၊ လေးဘာသာဂုဏ်ထူးရှင် ၁၅၅ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၀၉ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၃၅ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၆၆၂ ဦး ရှိကြောင်းနှင့် ယခုနှစ်အတွက် ချီးမြှင့်ငွေမှာ စုစုပေါင်းကျပ်သိန်း ၁၂၅၀ ကျော်ဖြစ်ကြောင်း သိရသည်။

**မြတ်မွန်ထွေး(မြန်မာ့အလင်း)**



# ချောင်းကူးတံတား ပြန်လည်တည်ဆောက်ရန် ထောက်ပံ့ငွေ ၅၁ သန်းကျော် ပေးအပ်

**ကျောက်တံခါး ဩဂုတ် ၂၉**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဟာရီးကျေးရွာအုပ်စုအတွင်းမှ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော ချောင်းကူးတံတားတစ်စင်းအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေ ပေးအပ်ပွဲကို သူဌေးကုန်းစိုက်ပျိုးရေးအထွက်တိုးစခန်း၌ ဩဂုတ် ၂၆ရက်က ပြုလုပ်ခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့သော ချောင်းကူးတံတားတစ်စင်းကို ပြန်လည်တည်ဆောက်နိုင်ရန် ဝန်ကြီးဌာနမှထောက်ပံ့ငွေ ကျပ် ၅၁ ဒသမ ၅၄ သန်းကို ပြည်ထောင်စုဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

**ခင်ကို(ကျောက်တံခါး)**

# လယ်ယာမြေဥပဒေနှင့် နည်းဥပဒေအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

**ငါ့သရောက် ဩဂုတ် ၂၉**
မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ် ကူတောကျေးရွာအုပ်စုမှ ဒေသခံတောင်သူများ လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများအကြောင်းကိုသိရှိပြီး လိုက်နာဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ကူတောကျေးရွာ ရွာလယ်ဓမ္မာရုံတွင် အသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကကြီးမှူး၍ ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအောင်မြင့်နိုင်က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများတွင် ပါဝင်သည့် လယ်ယာမြေအကျိုးခံစားခွင့်များ၊ လယ်ယာမြေပုံစံ(၇)ရရှိမှုအကျိုးခံစားခွင့်များ၊ လယ်ယာမြေနှင့်ပတ်သက်၍ တောင်သူများအနေဖြင့် သိရှိလိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ၊ အငြင်းပွားမှုပြဿနာဖြစ်လျှင် ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးဟောပြောခဲ့သည်။ ဟောပြောပွဲသို့ ကူတောကျေးရွာအုပ်စုအတွင်းမှ ဒေသခံတောင်သူ ၂၀၀ ခန့် တက်ရောက်ကြပြီး ဒေသခံတောင်သူများကလည်း သိရှိလိုသည့်အချက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေစကြိုမြို့နယ်တွင် တောကြက်သားများ ဝယ်သူမရှိ

**ရေစကြို ဩဂုတ် ၂၉**
ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကျေးရွာများတွင်မွေးမြူထားသည့် ကြက်၊ ဘဲ၊ ဝက်စသည့် တိရစ္ဆာန်များကိုထားစရာနေရာမရှိခြင်း၊ တိရစ္ဆာန်အစားအစာ ခက်ခဲခြင်းနှင့် စားဝတ်နေရေး ကျပ်တည်းခြင်းတို့ကြောင့် မြို့ပေါ်ကြက်သားဘဲသားရောင်းချသူများထံ လာရောက်ရောင်းချလျက်ရှိသော်လည်း ကြက်သား ကြက်ဥများမှာ ဈေးနှုန်းကျဆင်းလျက်ရှိပြီး စားသုံးသူ လျော့နည်းနေခြင်းကြောင့် အသားဆိုင်များက ဝယ်ယူခြင်းမရှိသဖြင့် ကျေးလက်နေပြည်သူများ အခက်အခဲကြုံရလျက်ရှိကြောင်း သိရသည်။

"နှစ်တိုင်းကတော့ ကျွန်းထဲရွာကလူတွေ အဲလိုမြန်မာကြက်တွေလာရောင်းရင် အစ်မတို့က ဝယ်ပါတယ်။ အခုက ရောင်းအားကျနေတော့ မဝယ်ဖြစ်လိုက်ဘူး"ဟု ရေစကြိုမြို့ပေါ်မှ ကြက်သားရောင်းချသူတစ်ဦးက ပြောသည်။

ရေစကြိုမြို့တွင် H5N1 ရောဂါ ဖြစ်မည်စိုးရိမ်သော လူအချို့အနေဖြင့် ကြက်သား၊ ကြက်ဥစားခြင်းကို ရှောင်ကြဉ်ကြသော်လည်း အခြေခံလူတန်းစားများအနေဖြင့် ပုံမှန်ဈေးနှုန်းထက် ဈေးကျနေသော စီပီကြက်သားများကို ဝယ်ယူစားသုံးကြလျက်ရှိသည်ဟု သိရသည်။ "ရောင်းအားတော့နည်းနည်းကျတာပေါ့။ ဒါပေမယ့် ဒီမှာကတော့ တခြားမြို့ဘက်တွေမှာလို လုံးဝ ဝယ်မစားကြတဲ့ အနေအထားထိ မဖြစ်ဘူး။ သူ့ဟာနဲ့သူတော့ ရောင်းနေရပါတယ်"ဟု ကြက်သားရောင်းချသူတစ်ဦးက ပြောသည်။

ရေစကြိုမြို့၌ ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၀ ခန့် ဈေးကျဆင်းကာ ယခင်က စီပီ ကြက်သား အသားသီးသန့် တစ်ပိဿာလျှင် ငွေကျပ် ရှစ်ထောင်ခန့်၊ ပေါင်သား တစ်ပိဿာလျှင် ငွေကျပ်ခြောက်ထောင်ခန့်ရှိရာမှ ယခုအခါ အသားသီးသန့် တစ်ပိဿာလျှင် ငွေကျပ်ခြောက်ထောင်နှင့် ပေါင်သား ၃၅၀၀ကျပ်တို့ဖြင့် ဈေးချ၍ ရောင်းချလျက်ရှိသည်။

**အိမွန်ဆွေ(ရေစကြို)**

# တောင်သူပညာပေးသင်တန်းဖွင့်

**မြောက်ဦး ဩဂုတ် ၂၉**
ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် တိန်ညိုကျေးရွာ စိုက်ပျိုးရေးပညာစခန်း၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဖြုတ်ပိုးကာကွယ်နှိမ်နင်းနည်းနှင့် Plant Protection(PP)Application သုံးစွဲနည်း ပြသပွဲကို ဩဂုတ် ၂၇ ရက်က ကျင်းပခဲ့သည်။

ပြပွဲတွင် ရခိုင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးတိုးဝေက အမှာစကားပြောကြားပြီး ပြည်နယ်သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်အောင်မြကြည်က သီးနှံပင်များတွင်ကျရောက်တတ်သော ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် သီးနှံကာကွယ်ရေး အကြောင်းအရာများကို ဒေသခံတောင်သူများအား အသေးစိတ် ရှင်းလင်းဟောပြောသည်။ ထို့နောက် Plant Protection Application သုံးစွဲနည်းကို ဒေသခံ တောင်သူလယ်သမားများအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဟောပြော

**ဖားဆောင်း ဩဂုတ် ၂၉**
ကယားပြည်နယ် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ကယားပြည်နယ် ဖားဆောင်းမြို့ မြောက်ပိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ်စားသုံးသူရေးရာ ဦးစီးဌာန မှူး ဒေါ်မြို့ရီက အမှာစကားပြောကြားပြီး ဌာန၏ရည်ရွယ်ချက်မှာ စားသုံးသူများ မိမိတို့အခွင့်အရေးကို သိရှိနားလည်ပြီး တောင်းဆိုရယူတတ်စေရန်၊ ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အာမခံချက်ရှိပြီး အရည်အသွေးမြင့်မားသော ကုန်စည်(သို့)ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးနိုင်ရန်၊ စားသုံးသူများအနေဖြင့် ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲရာတွင် ဝယ်ယူခြင်းမပြုမီ အညွှန်းများကို သတိပြုဖတ်ရှု ရွေးချယ်ရန်၊ စားသုံးသူများအနေဖြင့် နစ်နာဆုံးရှုံးမှုရှိပါက စားသုံးသူရေးရာဦးစီးဌာန စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန(Consumer Information and Complaint Centre-CICC)သို့ တိုင်ကြားနိုင်ကြောင်းတို့ကို အသေးစိတ် ရှင်းလင်းဟောပြောသည်။

ထို့နောက် ဦးစီးမှူးနှင့်ဝန်ထမ်းများက ဟောပြောပွဲတက်ရောက်သော ကျောင်းသား ကျောင်းသူများအား ဆောင်ရန် ရှောင်ရန်များ၊ စားသုံးရန်မသင့်သော အစားအစာများကို လက်တွေ့ပြသခဲ့ပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲ ဖားဆောင်းမြို့၌ ကျင်းပ

**ဖားဆောင်း ဩဂုတ် ၂၉**

စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၇ ရက်က ကယားပြည်နယ်ဖားဆောင်းမြို့ မြောက်ပိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ် စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူးဒေါ်မြို့ရှီက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ စားသုံးသူအခွင့်အရေးအနေဖြင့် ကုန်ပစ္စည်းများဝယ်ယူသုံးစွဲရာတွင် ဝယ်ယူခြင်းမပြုမီ သတိပြု၍သေချာဖတ်ရှုရမည့်အချက်များ၊ ဘေးအန္တရာယ်ရှိသော အစားအသောက်များ၊ စားသုံးသူပြည်သူများကုန်စည် (သို့) ဝန်ဆောင်မှုများဝယ်ယူရာတွင်နစ်နာဆုံးရှုံးမှုရှိပါက စားသုံးသူရေးရာဦးစီးဌာန စားသုံးသူ သတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးဌာန (CICC) သို့ တိုင်ကြားနိုင်ကြောင်း၊ ဌာန၏ ရည်မှန်းချက်ဖြစ်သော စားသုံးသူများလုံခြုံစိတ်ချမှုရှိစေရန် မျှော်မှန်းချက်အနေဖြင့် ထုတ်ကုန်များလုံခြုံစိတ်ချမှုရှိစေရန်နှင့် စားသုံးသူအခွင့်အရေးနှင့် စားသုံးသူ အကျိုးစီးပွားကာကွယ်ဆောင်ရွက်ရန် စသည်တို့ကို တာဝန်ရှိသူတို့က ဟောပြောခဲ့ကြောင်း သိရသည်။



ယင်းနောက် ဦးစီးမှူးနှင့်ဝန်ထမ်းများကဆောင်ရန်၊ ရှောင်ရန်ပြသထားသော အစားအစာများကို လက်တွေ့ပြသရာ ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူတို့က ပြန်လည် ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**

# မင်းပြားတွင် တစ်အိမ်သုံးဆိုလာ ၁၄၆၆ ယူနစ်တပ်ဆင်

**မင်းပြား ဩဂုတ် ၂၉**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၌ စတင်အကောင် အထည်ဖော်ဆောင်ရွက်သည့် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ICP-1 ဖြင့် မင်းပြားမြို့နယ်ရှိ ကျေးရွာ ၂၅ ရွာ၌ တစ်အိမ်သုံးဆိုလာစနစ် ဆိုလာမီးတပ်ဆင်ခြင်း၊ ၃၀ ဝပ်၊ ၄၀ ဝပ်၊ ၆၀ ဝပ် စုစုပေါင်း ၁၄၆၆ ယူနစ်အား ပြည်သူအချိုးကျထည့်ဝင်ငွေ ၁၀ ရာခိုင်နှုန်းနှင့် စီမံကိန်းရန်ပုံငွေ ၉၀ ရာခိုင်နှုန်းဖြင့် ဆောင်ရွက်ပေးခဲ့သည်။

ယင်းကျေးရွာများရှိ စာသင်ကျောင်း ၂၅ ကျောင်း၊ ဘုန်းကြီးကျောင်း ၂၅ ကျောင်း၊ ဆေးပေးခန်း ငါးခန်း၊ တစ်ရွာလျှင် လမ်းမီးတိုင် ငါးတိုင် စုစုပေါင်း ၁၂၅ တိုင်တို့အား ဆိုလာမီးတပ်ဆင်ခြင်း၏ စုစုပေါင်းကုန်ကျစရိတ်ကို စီမံကိန်းရန်ပုံငွေဖြင့် တပ်ဆင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယင်းလုပ်ငန်း ပြီးစီးမှုအခြေအနေကို မင်းပြားမြို့နယ်ကျေးလက်ဦးစီးမှူး ဦးသန်းစိုးဦးနှင့် ဝန်ထမ်းများက ဩဂုတ်လအတွင်း၌ ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့ပြီး ရရှိထားသော မီး၏အကျိုးရလဒ်ကို စနစ်တကျသုံးစွဲကြရန်နှင့် ဆိုလာစက်နှင့် ပတ်သက်၍ ရေရှည်သုံးစွဲနိုင်ရန် သတ်မှတ်နှုန်းထားအတိုင်းသာ သုံးစွဲကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# ရိုးရာခြင်းအားကစားနည်းသင်တန်း ဖွင့်လှစ်ပို့ချ

**မန္တလေး ဩဂုတ် ၂၉**

မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်နှင့် ရတနာပုံတက္ကသိုလ် အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းစီစဉ်မှုဖြင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ရိုးရာခြင်းသရုပ်ပြပွဲနှင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၄ ရက်က ယင်းတက္ကသိုလ် မိုးလုံ လေလုံအားကစားခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တက္ကသိုလ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးလှမိုးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် အတွင်းရေးမှူးဦးဇော်မောင်မောင်မြင့်က မြန်မာ့ခြင်းရိုးရာ ဥပဒေစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး အခြေခံကစားနည်း ခြောက်မျိုးနှင့်ဝိုင်းဖွဲ့ခတ်ကစားခြင်း၊ အသင်းလိုက်စိတ်ကြိုက်စွမ်းရည်ပြကစားခြင်း၊ တပင်တိုင်စွမ်းရည်ပြခတ်ကစားခြင်းများကို မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အာဆီယံရွှေတံဆိပ်ဆုရခြင်းလုံးအားကစားသမားများက သရုပ်ပြကစားခဲ့ကြသည်။

အဆိုပါ ရိုးရာခြင်းသင်တန်းသည် ၂၀၁၈ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၁၉) ကြိမ်မြောက် အာဆီယံတက္ကသိုလ်များဆိုင်ရာ အားကစားပြိုင်ပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် ရိုးရာခြင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ရည်ရွယ်ပြီး ဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ ဧရာဝတီတိုင်းဒေသကြီးမှ မျိုးသန့်မျိုးစေ့ထုတ် တောင်သူများပါဝင်သည့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအဖွဲ့သည် ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်၌ လေ့လာရေးလာရောက်လေ့လာကြစဉ်

(အဆိုပါ လေ့လာရေးအဖွဲ့များသည် စပါးသီးနှံသုတေသနဌာနစုကွင်းသို့ သွားရောက်ရာ စမ်းသပ်စိုက်ပျိုးထားသည့် စပါးမျိုး ၁၄ မျိုး၏ မိဘမျိုးစေ့ထုတ် သုတေသနဌာနအပါအဝင် မျိုးစေ့ဘဏ်စိုက်ကွင်းသို့ သွားရောက်၍ စပါးမျိုးကွဲများ၏ မျိုးရိုးဗီဇမပျောက်ပျက်သွားအောင် ပြန်လည်မျိုးထိန်းသိမ်းထားသည့် သုတေသနများကိုလည်းလေ့လာခဲ့ကြောင်း သိရသည်။) ကိုကိုရှုပ(နေပြည်တော်)



# ဒုတိယအကြိမ်မြောက်ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၉**

မြန်မာနိုင်ငံ၌ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ကို မြန်မာနိုင်ငံကြိမ်နှင့်ဝါးလုပ်ငန်းရှင်များအသင်း၊ Business Innovation Facility (BIF) နှင့် Word Wild Fund for Nature (WWF) တို့ ပူးပေါင်း၍ စက်တင်ဘာ ၁၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ကို ဒုတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး ဝါးလုပ်ငန်းအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် (inclusive and responsible growth ) အဓိကကျသည့် အခွင့်အလမ်းဖြစ်သော ကျွမ်းကျင်ပညာရှင်များအချင်းချင်း တွေ့ဆုံနိုင်ရန်၊ အသိပညာဖလှယ်နိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းအချိတ်အဆက်များ ဖန်တီးနိုင်ရန်အတွက် ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

ဝါးနှင့်သက်ဆိုင်သည့် ကဏ္ဍစုံတင်ပြချက်များ၊ အမေးအဖြေကဏ္ဍများနှင့် ဝိုင်းကြီးချုပ်ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်သည်။ အခမ်းအနားသို့ တက်ရောက်သူများမှ ဆန်းသစ်တီထွင်သော ဝါးထုတ်ကုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။ ပါဝင်ဆွေးနွေးလိုသူများအနေဖြင့် ဖုန်း ၀၉၄၂၀၀၆၁၂၈၈ သို့စက်တင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

# မင်းလှမြို့နယ် ရေဘေးသင့်ကျေးရွာများအား ရဲတပ်ဖွဲ့မှထောက်ပံ့

**မင်းလှ ဩဂုတ် ၂၉**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်နေသော ကျေးရွာများသို့ မင်းလှမြို့နယ်ရဲတပ်ဖွဲ့က ဩဂုတ် ၂၇ ရက်က သွားရောက် ထောက်ပံ့ပေးခဲ့သည်။

မင်းလှရဲတပ်ဖွဲ့မှမြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူး ထင်အောင်လင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး သိန်းဆန်းဦး၊ မြို့မစခန်းမှူးဒုရဲမှူး မျိုးမြင့်ဦး ခေါင်းဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် ဩဂုတ်လတတိယပတ်က ဧရာဝတီမြစ်ရေဝင်၍ အိမ်များပြောင်းရွှေ့ရသော သပြေတောကျေးရွာ၊ ကိုင်းကျေးရွာ၊ မလွန်ကျေးရွာ၊ ညောင်ပင်သာကျေးရွာများမှ အိမ်ခြေ ၅၈ အိမ် ၊ အိမ်ထောင်စု ၆၂ စုမှ အမျိုးသား ၁၁၄ ဦး၊ အမျိုးသမီး ၁၂၉ ဦး စုစုပေါင်း ၂၄၃ ဦးတို့အတွက် လူတစ်ဦးလျှင် ဆန်တစ်ပြည်နှင့် ရေသန့်ဘူးကြီးနှစ်ဘူးစီအား သွားရောက်ကူညီ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

# ခန္တီးမြို့နယ် အရှေ့ကောက်တောင်းရွာ ကမ်းပါးပြိုမှု လာမည့်ရေနည်းချိန်တွင် ကမ်းပြိုကာကွယ်ရေးများဆောင်ရွက်မည်

**ခန္တီး ဩဂုတ် ၂၉**

ခန္တီးမြို့နယ် အရှေ့ကောက်တောင်းကျေးရွာချင်းတွင်းမြစ်ကမ်းပါးသည် ပြီးခဲ့သည့်နှစ်မှစတင်၍ ကမ်းပါးများပြိုကျရာ ယခုနှစ်ရေကြီးကာလတွင် ကမ်းပါးမှာ ဆက်ပြိုနေသောကြောင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများလုပ်ရန် အရေးတကြီးလိုအပ်နေကြောင်း ခန္တီးမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးသိန်းလှိုင်ဝင်းထံမှ သိရသည်။

လာမည့်ရေနည်းချိန်ကာလတွင် လိုအပ်သောကွင်းဆင်းတိုင်းတာရေးလုပ်ငန်းများဆောင်ရွက်ပြီး လိုအပ်သောကမ်းပြိုကာကွယ်ရေးစီမံချက်များရေးဆွဲ၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေတွင် ထည့်သွင်းတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးသန်းညွှန့်ဝင်းထံမှ သိရသည်။

"ရန်ပုံငွေရတဲ့အပေါ်မူတည်ပြီး လိုအပ်တဲ့ကမ်းပြိုကာကွယ်ရေး လုပ်ငန်းတွေကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ခန္တီးမြို့နယ်အတွင်း ချင်းတွင်းမြစ်ဘေးမှာရှိတဲ့ အရှေ့ကောက်တောင်းကျေးရွာ၊ စိန်နန်းကျေးရွာ၊ မကန်နောင်ကျေးရွာတွေကို ပဏာမကွင်းဆင်းစစ်ဆေးတာတွေ ဇွန်လက ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကျေးရွာတွေဟာ ပုံမှန်ကမ်းပြိုတာအဖြစ်မျိုး သလို ရေနက်ကြောင်း ကပ်ပြီးစီးတာကြောင့် အောက်ခြေတိုက်စားပြီးကမ်းပြိုတာမဟုတ်ဘဲ မြစ်ရေများချိန်မှာ ကမ်းပါးစိုစွတ်မြေနူးတာ၊ မြစ်ရေပွတ်တိုက်စီးဆင်းတာနဲ့ လှိုင်းပုတ်တာတွေကြောင့် ကမ်းပါးတွေ အနည်းငယ်အိဆင်းပြီး ကမ်းပြိုရတာဖြစ်ပါတယ်" ဟု ဝန်ကြီးက ပြောသည်။

ခန္တီးမြို့နယ်၏ အောက်ဘက် ၃၂ မိုင်ခန့်အကွာ အရှေ့ကောက်တောင်းကျေးရွာသည် ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ၂၀၁၆ခုနှစ်၌ ကမ်းပြိုမှုများဖြစ်ပွားခဲ့ရာ နောင်နှစ်များတွင် ရေကြီးမှုကြောင့် မြစ်ကမ်းပြိုမှုကို ကာကွယ်နိုင်ရန်အတွက်လိုအပ်နေကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်ဝင်းထံမှ သိရသည်။

**မျိုးဝင်းထွန်း-မုံရွာ**



# ကယားပြည်နယ်၌ ဝန်ထမ်းအိမ်ရာများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိ

**လွိုင်ကော် ဩဂုတ် ၂၉**

ကယားပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာများတွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရေးအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က ဝန်ထမ်းအိမ်ရာများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

လက်ရှိအခြေအနေတွင် လွိုင်ကော်ဝန်ထမ်းအိမ်ရာစခန်း၌ ခြောက်ခန်းတွဲနှစ်ထပ်ကိုးလုံး၊ လေးခန်းတွဲ နှစ်ထပ်သုံးလုံး၊ လေးခန်းတွဲ သုံးထပ် ၁၀ လုံး စုစုပေါင်းအိမ်ရာအဆောက်အအုံ ၂၂ လုံးတွင် အခန်းပေါင်း ၁၉၈ ခန်း၊ ဒီးမော့ဆိုဝန်ထမ်းအိမ်ရာစခန်းတွင် လေးခန်းတွဲနှစ်ထပ်တစ်လုံး၊ ဖရူဆိုဝန်ထမ်းအိမ်ရာစခန်းတွင် လေးခန်းတွဲသုံးထပ်တစ်လုံး၊ အခန်း ၁၂ ခန်း၊ ရှားတောဝန်ထမ်း အိမ်ရာစခန်းတွင် လေးခန်းတွဲသုံးထပ်တစ်လုံး၊ အခန်း ၁၂ ခန်း၊ ဘော်လခဲဝန်ထမ်းအိမ်ရာစခန်းတွင် ခုနစ်ခန်းတွဲတစ်ထပ်ငါးလုံး၊ လေးခန်းတွဲ သုံးထပ်သုံးလုံး စုစုပေါင်း အိမ်ရာအဆောက်အအုံ ရှစ်လုံးတွင် အခန်းပေါင်း ၇၁ ခန်း၊ ဖားဆောင်းဝန်ထမ်းအိမ်ရာစခန်းတွင် လေးခန်းတွဲသုံးထပ်တစ်လုံး၊ ခုနစ်ခန်းတွဲ တစ်ထပ်လေးလုံး စုစုပေါင်းအိမ်ရာအဆောက်အအုံ ငါးလုံးတွင် အခန်းပေါင်း ၄၀ ၊ မယ်စဲ့ ဝန်ထမ်းအိမ်ရာစခန်းတွင် လေးခန်းတွဲတစ်ထပ်သုံးလုံး စုစုပေါင်းအိမ်ရာ အဆောက်အအုံ လေးလုံးတွင် အခန်းပေါင်း ၃၃ ခန်း တည်ဆောက်၍ ဝန်ထမ်းများအား နေရာချထားပေးပြီးဖြစ်သည်။

သို့ဖြစ်၍ ကယားပြည်နယ်အတွင်း မြို့နယ်ခုနစ်ခုတို့တွင် ဝန်ထမ်းအိမ်ရာအဆောက်အအုံ စုစုပေါင်း ၄၂ လုံးကို တည်ဆောက်ခဲ့ပြီး အခန်းပေါင်း ၃၇၄ ခန်းတို့တွင် ဝန်ထမ်းမိသားစုဝင် အိမ်ထောင်စု ၃၇၄ စုတို့ကို နေရာချထားပေး၍ ဝန်ထမ်းမိသားစုများ နေထိုင်ရေး အဆင်ပြေလျက်ရှိသည်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း လွိုင်ကော်ဝန်ထမ်းအိမ်ရာစခန်းတွင် အခန်းပေါင်း ၄၈ ခန်းရှိမည်ဖြစ်သည်။ လေးခန်းတွဲသုံးထပ်အဆောက်အအုံလေးလုံးနှင့် ဘော်လခဲဝန်ထမ်းအိမ်ရာစခန်းတွင် အခန်း ၂၄ ခန်းရှိမည်ဖြစ်သည့် လေးခန်းတွဲသုံးထပ်အဆောက်အအုံ နှစ်လုံးတို့ကိုလည်း ထပ်မံတိုးချဲ့တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။



ယခုလိုဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အငှားချဝန်ထမ်းအိမ်ရာ စခန်းများ အကောင်အထည်ဖော်တည်ဆောက်ပေးနေသကဲ့သို့ ဌာနဆိုင်ရာအလိုက် ဝန်ထမ်းအိမ်ရာများလည်း တည်ဆောက်ပေး လျက်ရှိသဖြင့် နိုင်ငံ့ဝန်ထမ်းများမှာ နေထိုင်ရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

# ဘဏ်များအားလုံး ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲလာမည်

**ရန်ကုန် ဩဂုတ် ၂၉**

ပုဂ္ဂလိကဘဏ်များအနေဖြင့် ဒစ်ဂျစ်တယ်စနစ်ကို ပြောင်းလဲနိုင်မှုခေတ်နှင့် အညီ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ဘဏ်ခွဲများ နိုင်ငံတစ်ဝန်း တိုးချဲ့ဖွင့်လှစ်နေကြခြင်းမှာ အရင်းအနှီးများပြီး အရှုံးဖြစ်ပေါ်နိုင်ကြောင်း ဘဏ်လုပ်ငန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

" ကျွန်တော်တို့က ခေတ်နဲ့အညီ တစ်ပြေးညီတိုးတက်အောင် Mobile Banking ကို ဦးတည်သွားနေပါတယ်။ ယခုခေတ်မှာဘဏ်တွေအများကြီးဖွင့်မယ့် အစား Mobile Phone ကို အသုံးပြုပြီး Digital Banking ကိုသွားမှာပါ။ တစ်ချိန်မှာအားလုံးအဆင်ပြေသွားရင် ဘဏ်မှာအပ်ငွေထည့်ချင်လည်း ဘဏ်ကို လာစရာမလိုတော့ဘူး။ ငွေလဲလှယ်လုပ်ချင်လည်း လာစရာမလိုတော့ဘူး"ဟု ဩဂုတ် ၂၇ ရက်က မြန်မာနိုင်ငံဘဏ်များအသင်း၌ ပြုလုပ်သော ပထမပုဂ္ဂလိက ဘဏ်နှစ်ပတ်လည် အစည်းအဝေးတွင် ဥက္ကဋ္ဌဒေါက်တာစိန်မောင်က ပြောသည်။

ယခုအခါ ဘဏ်များအနေဖြင့် Digital Banking စနစ်ကို မပြောင်းလဲမီ Mobile Payment ကိုလုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းစနစ်သည် ကိုယ်စားလှယ်များများခန့်ရန် လိုအပ်ကြောင်း၊ ကိုယ်စားလှယ်များဆီတွင် ငွေလွှဲခြင်း၊ ငွေထုတ်ခြင်း ပြုလုပ်နိုင်ကြောင်း၊ ဘဏ်သို့သွားရန်မလိုကြောင်း၊ ရန်ကုန် မြို့နယ်ပေါင်း ၄၀၊ မန္တလေးတွင် ခြောက် မြို့နယ်၊ ပဲခူးတွင် ၁၂ မြို့နယ် Mobile Banking စနစ်သို့ ပြောင်းလဲရန်ကြိုးပမ်းနေပြီဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယခုအခါ Mobile Phone အသုံးပြုသူလူပေါင်း သန်း ၂၀ ကျော်အထိ ရှိလာပြီဖြစ်ကြောင်း၊ မြို့ပြများသာမက ကျေးလက်ဒေသများ အထိပါ မိုဘိုင်းဖုန်းများကို အသုံးပြုပြီး ငွေ၊ ငွေသွင်း၊ ငွေထုတ်ခြင်းတို့ကို ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ဘဏ်ခွဲများဆက်တိုက်ဖွင့်ခြင်းသည် ကုန်ကျစရိတ်နှင့်အရှုံးအမြတ် တွက်ကြည့်ပါက စီးပွားရေးတွက်ခြေကိုက်မှု နည်းလာသည်။ နောက်ပိုင်းတွင် ဘဏ်လုပ်ငန်းများ ဒီဂျစ်တယ်စနစ်ကို ပြောင်းလဲလာမည်ဖြစ်သည်။

**သတင်း-မြင့်မောင်စိုး**

---

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တောင်ဇင်း မြစ်ရေတင်လုပ်ငန်းတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများအား တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ပါသည်-

| စဉ် | Lot No. | အမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | Lot -1 | Centrifugal PumpWith Motor (Q=180-200m$^3$ /hr,H=75-85) | (၂) လုံး |
| (ခ) | Lot -2 | Centrifugal PumpWith Motor Q=170-190m$^3$ /hr,H=95-105) | (၂) လုံး |

၂။ ပန့်များ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၈-၉-၂၀၁၇ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၀၉၀၂၉၊ ၄၀၉၂၁၅)တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


IGCSE
Cambridge
Edexcel
2018 May/June
Exam Special
(all subjects)
သင်ယူလိုသော ဘာသာရပ်ကို ဝါရင့်/အငြိမ်းစားတက္ကသိုလ်
ဆရာ၊ ဆရာမများမှ နေအိမ်သို့ လာရောက်သင်ကြားပေးပါသည်။
Primary 4, 5, 6 နှင့် Secondary 1, 2, 3
အတန်းများလည်း ဆက်သွယ်သင်ယူနိုင်ပါသည်။
ဆရာဦးလှမြင့်ဦး (ပိုင်စေ) 09 443177816, 09 795888783



ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း
ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်း အဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) မိုလ်ချုပ်(၁)လမ်း၊ ဇည္ဇားဒလရပ်ကွက်၊ ဒလမြို့နယ်။
☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၆
၀၉ ၂၅၂၀၈၂၅၃၃
၁၁၀၀၀ကျပ်
၂၀၀၀၀ကျပ်


## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အရှေ့ထိတန်အသင်း ကျေးရွာနေ ဦးမြင့်ခိုင် - ဒေါ်ဥမ္မာချိုတို့၏သမီး မသဲစုခိုင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၁-၁၉၉၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အထက(၈) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်စိုးခမ်းကျန်၏ ဖခင်အမည်မှန်မှာ ဦးဆန်ဆွေလှ LSO၁၈၀၅၂၂ ဖြစ်ပါသည်။

**ဦးဆန်ဆွေလှ**

## တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းအတွက်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါပေးသွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

(က) Lot(1) - ထားဝယ်ခရိုင်၊ (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ တစ်လုံးဆောက်လုပ်ခြင်း၊ ရေသန့်နှင့်ပြင်ပရေရရှိရေး လုပ်ငန်းဆောင်ရွက်ခြင်း

(ခ) Lot(2) - မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ ပလမြို့၊ (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာ (၁)လုံးဆောက်လုပ်ခြင်း

၂။ အောက်ပါအစီအစဉ်အတိုင်း ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **လျှောက်လွှာစတင်ရောင်းချမည့်ရက်** | - ၃၀-၈-၂၀၁၇ရက် |
| (ခ) | **လျှောက်လွှာပိတ်မည့်ရက်** | - ၂-၁၀-၂၀၁၇ရက် |
| | **အချိန်** | - ညနေ ၄နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့်ရက်** | - ၃-၁၀-၂၀၁၇ရက် |
| | **အချိန်** | - နံနက် ၁၀နာရီ |
| (ဃ) | **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** | - တနင်္သာရီတိုင်းဒေသကြီး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ထားဝယ်မြို့ |

၃။ Lot(တစ်)ခုလျှင် လျှောက်လွှာတစ်စောင်နှုန်း ဝယ်ယူရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၅၉-၂၀၂၃၅၆၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ရွှေပြည်သာစက်မှုဇုန်၊ အပိုင်း(၂+၃+၄)၊ စီမံခန့်ခွဲရေးကော်မတီ တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေပြည်သာစက်မှုဇုန်၊ အပိုင်း(၂+၃+၄)၊ စီမံခန့်ခွဲရေးကော်မတီ၏ စက်မှုဇုန်လုပ်သားအိမ်ရာတွင် (၂၀၁၇-၂၀၁၈) ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအိမ်ရာရန်ပုံငွေဖြင့် ပေ(၅၀×၉၀) Steel-structure သုံးထပ်၊ ရုံးနှင့်ဓမ္မာရုံ အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** | - ၁-၉-၂၀၁၇ရက် |
| ၃။ | **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** | - ၁၆-၉-၂၀၁၇ရက် |
| ၄။ | **တင်ဒါဖွင့်မည့်ရက်** | - ၂၂-၉-၂၀၁၇ရက် |
| ၅။ | **တင်ဒါပေးသွင်းရမည့်နေရာ** | - ရွှေပြည်သာစက်မှုဇုန် (၂+၃+၄)၊ စီမံခန့်ခွဲရေးရုံး |

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရွှေပြည်သာစက်မှုဇုန်၊ (၂+၃+၄)၊ စီမံခန့်ခွဲရေးကော်မတီသို့ ဖုန်း-၀၁၃-၆၁၈၁၅၇၊ ၀၁၃-၆၁၈၅၈၅ တို့သို့ စုံစမ်းမေးမြန်း နိုင်ပါသည်။

**တင်ဒါကော်မတီ**

## နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ အထွေထွေပဒေသာပင်အလှူငွေ ကျပ်သိန်း (၃၀) လှူဒါန်းခြင်း




ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းနေ ဗိုလ်မှူးချုပ်ဆန်းဦးလှိုင် (ငြိမ်း)-ဒေါ်ကျော့မွန်သန်း မိသားစုတို့က ဗိုလ်မှူးချုပ်ဆန်းဦးလှိုင်(ငြိမ်း)၏ မွေးနေ့အထိမ်းအမှတ် အထွေထွေပဒေသာပင်အလှူငွေ ကျပ်သိန်း(၃၀)ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး

## မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံး ရွေးကောက်ပွဲကော်မရှင် ကြေညာချက်-၀၅/၁၇

ရက်စွဲ ၂၈-၈-၂၀၁၇ ရက်

၁။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး(၂၀၁၈)ခုနှစ်အတွက် အလုပ်အမှုဆောင်များရွေးချယ်ရန် အဆိုပြုလွှာတင်သွင်းထားသူများထဲမှ အခြေခံအလွှာအလိုက် သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ အရည်အချင်းပြည့်မီသူများကို ကိုယ်စားလှယ်လောင်းများ အဖြစ်ကြေညာလိုက်ပါသည်။ (ယင်းကိုယ်စားလှယ်များစာရင်းကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကြော်ငြာဘုတ်တွင် ကပ်ထားပြီးဖြစ်ပါသည်။)

၂။ အဆိုပါ ကိုယ်စားလှယ်လောင်းများအပေါ် ကန့်ကွက်လိုသူများနှင့် ကျေနပ်ခြင်းမရှိ၍ တင်ပြလိုသူများသည် ခိုင်လုံသော အကြောင်းပြချက်များဖြင့် ၆-၉-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။

၃။ သတ်မှတ်ရက်ထက်နောက်ကျပြီးမှ တင်သွင်းလာသော ကန့်ကွက်လွှာများကို လုံးဝ(လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**ရွေးကောက်ပွဲကော်မရှင်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့၊ အထက(၁) တက္က သိုလ်ဝင်တန်း(C)မှ မောင်ပိုင်ဇေမင်းထက်၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြည် ၈/မဘန(နိုင်) ၀၂၅၃၇၉ ဖြစ်ပါကြောင်း။

**ဦးထွန်းကြည်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(E)မှ မောင်ဖြိုးမင်းဟန်၏ ဖခင်အမည်မှန်မှာ ဦးဖုန်းမြင့်ဟန် ၈/မဘန(နိုင်)၀၅၉၇၇၅၆ ဖြစ်ပါကြောင်း။

**ဦးဖုန်းမြင့်ဟန်**

## ဖခင်အမည်မှန်

မင်းဘူး(စကု)မြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(H)မှ မသက်စုဝင်း၏ ဖခင်အမည်မှန်မှာ ဦးဝင်းဆန်း ၈/မဘန(နိုင်)၀၂၁၉၅၅ ဖြစ်ပါကြောင်း။

**ဦးဝင်းဆန်း**

## ပညာရေးဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## အဏုမြူစွမ်းအင်ဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာနတွင် အသုံးပြုမည့်အောက်ဖော်ပြပါသုတေသနလုပ်ငန်းရုံး/ရုံးသုံးစက်ပစ္စည်းများ၊ ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြော်ငြာအပ်ပါသည်-

(၁) ဓာတ်ရောင်ခြည်ကာကွယ်ရေးလုပ်ငန်း
(၂) Isotope Based Techniques သုတေသနလုပ်ငန်း
(၃) ဓာတ်ရောင်ခြည်တိုင်းတာရေး သုတေသနလုပ်ငန်း
(၄) Secondary Standard Dosimetry Laboratory သုံးပစ္စည်းများ
(၅) Non Destructive Testing သုတေသနလုပ်ငန်း
(၆) စက်ကိရိယာပစ္စည်းများ(သုတေသနလုပ်ငန်းသုံး)
(၇) စက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ
(၈) ပရိဘောဂပစ္စည်းများ

၂။ တင်ဒါစပေါ်ငွေကို တင်ဒါစည်းကမ်းချက်တွင်ပါရှိသည့်အတိုင်းဆောင်ရွက်၍ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၈-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း ပညာရေးဝန်ကြီးဌာန၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန၊ အဏုမြူစွမ်းအင်ဌာန၊ ရုံးအမှတ် ၂၁ တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၇-၉-၂၀၁၇ ရက်မှ ၁၅:၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၅၀၁၊ ၄၀၄၅၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး www.daemyanmar.com တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အဏုမြူစွမ်းအင်ဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၂)ရေနံချက်စက်ရုံ (ချောက်)နှင့် ဖယောင်းတိုင်ထုတ်လုပ်ရေးဌာနခွဲ(မန္တလေး)တို့မှ ထုတ်လုပ်သည့် ဂျီအီးစီဖယောင်းတိုင် (တစ်သေတ္တာလျှင် ၇၅ ထုပ်ပါ) သေတ္တာ ၄၈၄၀ (သေတ္တာလေးထောင့်ရှစ်ရာလေးဆယ်တိတိ)အား တင်ဒါခေါ်ယူ ရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၁-၉-၂၀၁၇ ရက်မှ ၂၂-၉-၂၀၁၇ ရက်အထိ

**တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၇(က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်နှင့်နေရာ** - ၂၂-၉-၂၀၁၇ ရက်(သောကြာနေ့) ၁၂:၀၀ နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၂-၉-၂၀၁၇ ရက် ၁၄:၀၀နာရီ

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၄၁၁၀၈၂၊ ၀၆၇-၄၁၁၀၉၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံ ဦးစီးဌာန
## ရခိုင်ပြည်နယ်အတွင်းရှိ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့အတွက် အဆောက်အအုံများဆောက်လုပ်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းတက္ကသိုလ်/ကောလိပ်အဆောင်များ၊ ရုံးများ၊ ဆေးရုံများနှင့် ဝန်ထမ်းအိမ်ရာများ အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်/ကောလိပ်အဆောက်အအုံလုပ်ငန်း (၅)ခု
(ခ) ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဆေးရုံနှင့်ဝန်ထမ်းအိမ်ရာလုပ်ငန်း (၃၃)ခု
(ဂ) ကုသရေးဦးစီးဌာနမှဆေးရုံနှင့်ဝန်ထမ်းအိမ်ရာလုပ်ငန်း (၂၈)ခု
(ဃ) တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးရုံအဆောက်အအုံလုပ်ငန်း (၁)ခု

၂။ (က) **တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်ရက်** - ၃၀-၈-၂၀၁၇ရက်မှ ၈-၉-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့
(ဂ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်** - ၁၁-၉-၂၀၁၇ရက်မှ ၂၂-၉-၂၀၁၇ရက်အထိ (ရုံးချိန်အတွင်း)
(ဃ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ စစ်တွေမြို့
(င) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၉-၂၀၁၇ရက် (စနေနေ့)၊ နံနက် ၉ နာရီ
(စ) **တင်ဒါဖွင့်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်းအောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**လမ်းဦးစီးဌာန**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၂၁၅၃၊ ၀၄၃-၂၃၃၆၅၊ ၀၉-၉၆၁၈၄၁၃၆၁၊ ၀၉-၈၆၂၆၉၇၁**

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရခိုင်ပြည်နယ်၊ အဆောက်အအုံဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဆရာခြုံလမ်း လမ်းခင်းခြင်းအတွက် မှတ်တမ်းတင် ဂုဏ်ပြုခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၅)ရပ်ကွက်၊ ဆရာခြုံလမ်း လမ်းခင်းရာတွင် လမ်းအကျိုးဆောင်ရွက်ပေးကြသော ဦးအုန်းမောင်၊ ဦးလှညို၊ အင်ဂျင်နီယာအဖွဲ့သားများဖြစ်သော ဦးနိုင်ဝင်းကျော်၊ ဦးကျော်သူအောင်၊ ဦးဝင်းနိုင်ထွန်း၊ ဦးသန်းလွင် (ပန်းရန်အဖွဲ့သားများ)နှင့် အာဟာရဒါန အလှူရှင်များအား ဂုဏ်ယူဝမ်းမြောက်စွာ မှတ်တမ်းတင်အပ်ပါသည်။

**လမ်းအလှူရှင်**
**ဒေါ်နန်းကြူကြူ**

## ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကုန်ပစ္စည်းများ(ပုလင်း နှင့် သံဗူး)ထုတ်ပိုးသည့်စက်ပစ္စည်း အဟောင်း များကို မျက်မြင် အခြေအနေအတိုင်း ရောင်းရန်ရှိပါသည်။ စိတ်ဝင်စားသူများသည် နံနက် ၁၀း၀၀ နာရီ မှ ညနေ ၁၅း၀၀ နာရီ အတွင်း အောက်ပါဖုန်းနံပါတ်များ အတိုင်း မေးမြန်း စုံစမ်းနိုင်ပါသည်။

ဖောင်စတင်လက်ခံမည့်နေ့။ ၃၀/၀၈/၂၀၁၇ (ဗုဒ္ဓဟူးနေ့)
ဖောင်ပိတ်မည့်နေ့။ ။၀၈/၀၉/၂၀၁၇(ဗုဒ္ဓဟူးနေ့)
ညနေ(၄)နာရီတိတိ၊

ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ ။၀၉-၇၃၀၀၃၄၂၀၊၀၉၇၃၁၀၀၃၄၀၃၊ ၀၉-၈၆၃၇၂၄၇၊ ၀၉-၈၆၃၇၂၅၀။

**အမည်မှန်**

ဦးချစ်အောင်၏သမီး မိုးညှင်းမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(C)မှ မခိုင်ဇင်ထွေး၏ အမည်မှန်မှာ မမြတ်ပန်းဝေ ၁/မညန(နိုင်)၁၆၈၉၂၇ ဖြစ်ပါသည်။

## မိဘအမည်မှန်

လက်ပံတန်းမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းခန့်နှင့် နေရှင်နယ်ကျောင်း ဆဋ္ဌမတန်း(ခ)မှ မဇင်ဇင်ထွန်း၊ စတုတ္ထတန်း(ခ)မှ မနွယ်နွယ်ထွန်းတို့၏ မိဘအမည်မှန်မှာ ဦးတင်အေး-ဒေါ်လှသူဇာတို့ ဖြစ်ပါသည်။

**ဦးတင်အေး-ဒေါ်လှသူဇာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/4824 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ် လ ၃၀ ရက်)

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၆)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၁၀) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၂၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | (၁၂၃၂၀၆) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**


HITACHI
Inspire the Next
စိတ်ကူးအကြံဉာဏ်ကောင်းများကို
ပွင့်လင်းစေမည့် အနာဂါတ်
လူမှုဘဝတီထွင်ဆန်းသစ်ခြင်းနှင့် သင့်ရဲ့မနက်ဖြန်ကို စတင်လိုက်ကြပါစို့။ ရိုးရှင်းသော
စိတ်ကူးအကြံဉာဏ်လေးတစ်ခုသည် ကမ္ဘာလောကကြီးကိုပြုပြင်ပြောင်းလဲ ဖန်တီးနိုင်ပါသည်။ ထိုသို့သော
အလားအလာကောင်းများကို ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ရှင်သန်ကြီးထွားလာစေနိုင်ပါသည်။
Hitachi အနေဖြင့် အင်တာနက်နှင့်ဆက်စပ်သောအရာများအတွက် ဆန်းသစ်သော Co-creation Platform များကို
အတွေးအခေါ်ပညာရှင်များ၊ အတတ်ပညာရှင်များနှင့်ပူးပေါင်းရင်း ပိုမိုကောင်းမွန်သည့် အနာဂါတ်တစ်ခုအတွက်
လူမှုဘဝတီထွင်ဆန်းသစ်မှုများကို အရှိန်မြှင့်တင်ကာ တီထွင်ဖန်တီးမှုများ ပြုလုပ်လျက်ရှိပါသည်။
social-innovation.hitachi
Hitachi Social Innovation

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်သာနု
**အသက်(၉၁)နှစ်**

သွားတုက္ကျမ်းကျင်သူ ဦးမောင်စိန်၏မိခင် ဒေါ်စိန်သာနုသည် ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းမိပါကြောင်း။

**မြန်မာနိုင်ငံသွားတုက္ကျမ်းကျင်သူများဖြစ်မြောက်ရေးအသင်း**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်လီလီကြာညွန့်
**အသက်(၉၀)**

ရန်ကုန်မြို့နေ ဆရာကြီး ဦးအောင်ကျော်(ဘဝသစ်)၏ဇနီး၊ ဦးမင်းခေါင်ကျော်၊ ဒေါက်တာရတနာကျော်၊ ဒေါ်အာသာဝတီကျော်၊ ဦးသတိုးကျော်၊ ဒေါ်ပုဏ္ဏမီကျော် မိသားစုတို့၏မိခင်ကြီး ဒေါ်လီလီကြာညွန့်သည် ၂၆-၈-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Sai Centre မိသားစုဝင်များ**
**မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်လီလီကြာညွန့်
**အသက်(၉၀)**

ဒေါက်တာဦးဇေယျာအေး(ပါရမီဆေးရုံ)နှင့် ဒေါက်တာဒေါ်ရတနာကျော် [ပါမောက္ခ/ဌာနမှူး၊ အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာန၊ သဃ်န်းကျွန်းစံပြဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်]တို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၆-၈-၂၀၁၇ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာနမိသားစု**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

## ဦးသာစိန်
**အသက်(၈၇)နှစ်**

ပန်းတနော်မြို့နယ်၊ အောက္ကဇင်းတောကျေးရွာနေ ဒေါ်ပု(ခ)ဒေါ်စိန်သောင်း၏ခင်ပွန်း၊ ဦးတင်ထွဋ်ကျော်-ဒေါ်ကြည်ငွေဝင်း၊ ဦးစောမြင့်ဟန်-ဒေါ်ပြုံးပြုံးဝင်းတို့၏ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့) နံနက် ၉:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဦးစိုးတင့်
**(အငြိမ်းစားဆေးရုံအုပ်ကြီး၊ ကျိုင်းတုံ)**
**အသက်(၈၀)**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး-ဒေါ်မြတ်ခင်မော်တို့၏အစ်ကို ဒေါက်တာဦးစိုးတင့်(အငြိမ်းစားဆေးရုံအုပ်ကြီး၊ ကျိုင်းတုံ)သည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်(မြို့ပြ)**
**လမ်းဦးစီးဌာန၊ နေပြည်တော်နှင့်**
**ရှမ်းပြည်နယ်(တောင်ပိုင်း)**
**လမ်းဦးစီးဌာန၊ ဝန်ထမ်းမိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဒေါက်တာဦးစိုးတင့်
**(အငြိမ်းစားဆေးရုံအုပ်ကြီး၊ ကျိုင်းတုံ)**
**အသက်(၈၀)**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်ရဲထွေး-ဒေါ်မြတ်ခင်မော်တို့၏အစ်ကို ဒေါက်တာဦးစိုးတင့်(အငြိမ်းစားဆေးရုံအုပ်ကြီး၊ ကျိုင်းတုံ)သည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လမ်းဦးစီးဌာန**
**ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး**
**ဝန်ထမ်းမိသားစု**
**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

---

**ဝမ်းနည်းကြေကွဲခြင်း**
## ဦးတင်ထွန်း
**လက်ထောက်မန်နေဂျာ(ငြိမ်း)**
**အသက်(၆၉)နှစ်**

ပဲခူးမြို့၊ ပြည်ထောင်စုရပ်ကွက်၊ မင်းလမ်း၊ အမှတ် ဝ၆၉နေ ဦးတင်ထွန်း (လက်ထောက်မန်နေဂျာ၊ ငြိမ်း)သည် ၂၇-၈-၂၀၁၇ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆက်သွယ်ရေးအရာရှိအဆင့်(၃)သူငယ်ချင်းများ**
**(၁၉၈၄)**

---

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကိုမေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက် စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ် ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်း**
**ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

---

**ဖားအောက်တောရယောဂီ**
## ဒေါ်ခင်ဦးခိုင်(ခ) Rita King
**ပြည်တွင်းအခွန်များဦးစီးဌာန(ငြိမ်း)**
**စိန်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့နေ (ဦးဂျေကင်း-ဒေါ်ကစ်တီ)တို့၏သမီး၊ (ဦးဘရှင်-ဒေါ်အမာ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၅)ရပ်ကွက်၊ သုဝဏ္ဏ၊ သံသုမာလမ်း၊ အမှတ် ၃၀၃/၅နေ (ဦးစိန်လှိုင်)၏ချစ်လှစွာသောဇနီး၊ ဦးသက်နိုင်၊ ဒေါ်ဒက်ဘီလှိုင်၊ ဦးအောင်နိုင်တို့၏မိခင်၊ မောင်နိုင်ဦး၊ မကြည်ကြည်ဦး၊ အရှင်ဂုဏိန္ဒ(ပြင်ဦးလွင်ဖားအောက်တောရ)၊ မဇင်ချိုသက်၊ မောင်ဇေယျာလင်းထက်တို့၏အဘွား၊ (ဦးခင်မောင်ဒွေး-ဒေါ်ခင်သန်းနွယ်)၊ (ဦးတင်လှ-ဒေါ်အေးအေးမြင့်)၊ ဦးနီကို (ဒေါ်ခင်မာညို)၊ ဦးသန်းတိုး-ဒေါ်စုစုဒွေး၊ ဦးလှဇော်၊ (ဒေါ်နွယ်နွယ်ဇင်)၊ ဦးခင်မောင်အေး (ဒေါ်မာလင်)တို့၏အစ်မ/ညီမသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) ည ၇:၃၀နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်သိန်း (လောင်းလုံး)
**အသက်(၈၅)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ လောင်းလုံးမြို့၊ (ခ)ရပ်ကွက်၊ မြို့မလမ်း၊ အမှတ် ၈၇နေ ဦးကျော်ရှိန်(ခ)ဦးမောင်ရှိန်၏ဇနီး၊ ဦးခင်မောင်အုန်း-ဒေါ်ကျော့၊ ဦးခင်မောင်ဆွေ-ဒေါ်သီတာ၊ ဦးကြည်ဝင်း-ဒေါ်ချိုချိုရှိန်၊ (ကိုခင်မောင်နိုင်)၊ ဦးလွင်ဦး-ဒေါ်မိမိရှိန်၊ ဦးမြတ်ထွေး-ဒေါ်အိမွန်ရှိန်၊ ဒေါ်ကေသီရှိန်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၁၀:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် လောင်းလုံးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ဆရာမနော်သတိုဖော (ဒေါ်ဂဲ)
**အထက်တန်းပြ(ငြိမ်း)၊ အထက(၁)မအူပင်**
**အသက်(၈၃)နှစ်**

မအူပင်မြို့၊ (၁၂)ရပ်ကွက်၊ ဂုလမ်းနေ (ဗိုလ်ကြီးထော့မဲ-ဆရာမ ဒေါ်ခက်သရင်း)တို့၏သမီး၊ နော်ထိုဆာ၊ နော်အားထော်၊ (စောသာဖလား)တို့၏ညီမ၊ စောစယ်နော၊ (နော်ဒီဘိုးရာ)၊ စောအယ်ထူးတို့၏အစ်မသည် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄:၄၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၁-၈-၂၀၁၇ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် နေအိမ်၌ဝတ်ပြုဆုတောင်းပြီး မအူပင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါက်တာဦးစိုးတင့်
**(အငြိမ်းစားဆေးရုံအုပ်ကြီး၊ ကျိုင်းတုံ)**
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ ဇရပ်ကြီးကျေးရွာ၊ တံတားဦးရပ်ကွက်နေ (ဦးဘိုးရွှေ)-ဒေါ်မြစိန်တို့၏သား၊ ဦးလှမြင့်-(ဒေါ်တင်နွယ်)တို့၏မောင်၊ [ဒေါ်ယဉ်မြင့် (အထက-၅၊ တောင်ငူ)]၊ (ဦးခွန်တင်မောင်ရွှေ-ဒေါ်နန်းသန်းမြင့်)၊ (ဦးတူးမြင့်)-ဒေါ်နန်းမြမြဝင်း၊ ဦးခွန်ထွန်းရင်-ဒေါ်နန်းသင်းသင်းအေး၊ ဒေါက်တာခွန်ဇော်မင်းဦး-ဒေါက်တာခင်သန်းနွဲ့၊ ဗိုလ်မှူးကြီးခွန်ရဲထွေး(ငြိမ်း)-ဒေါ်မြတ်ခင်မော်တို့၏အစ်ကို၊ တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဟော်နန်းလမ်း၊ အမှတ် ၃၆/၁၁နေ(ဒေါ်ခင်ချစ်အေး)၏ခင်ပွန်း၊(ဒေါက်တာနန်းမြတ်မြတ်စိုး)၊ ခွန်မျိုးဇော်စိုး-ဒေါ်ခင်ဖြူချစ်၊ နန်းစပယ်စိုး၊ ခွန်နိုင်ဇော်စိုး-ဒေါ်ခင်သက်ရီတို့၏ဖခင်၊ နန်းကြယ်စင်လင်း၏အဘိုးသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၀:၂၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ရင်ရင်အေး (မော်လမြိုင်)
**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၆လမ်းတို၊ အမှတ် ၉၁နေ (ဦးဘသင်း-ဒေါ်သောင်းခင်)တို့၏သမီး၊ (ဦးဂျေချန်ဒွရား-ဒေါ်ဒါနလချမီး)တို့၏သမီးချွေးမ၊ (ဦးစံမြ)၏ချစ်လှစွာသောဇနီး၊ ဦးသန်းလွင်-ဒေါ်ဇော်ဝင်းမေ(ခ)မီးမီး၊ ဦးနေဝင်း(ခ)ပီးပေါ်-ဒေါ်ခင်စန်းမြင့်၊ ဦးသန့်ဇင်-(ဒေါ်မေနန်းမွန်)တို့၏အစ်မ၊ ကိုဝင်းကျော်နိုင်၏ချစ်လှစွာသောမိခင်၊ တူ၊ တူမ ရှစ်ယောက်တို့၏အဒေါ်၊ မြေးနှစ်ယောက်တို့၏အဘွားသည် ၂၉-၈-၂၀၁၇ရက်(အင်္ဂါနေ့) မွန်းလွဲ ၁၂:၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၇ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၄-၉-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်စိုး
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် ၁၄လမ်း၊ အမှတ် ၆၃၉နေ (ဦးဘချစ်အေး-ဒေါ်လှလှ)တို့၏သား၊ (ဦးထွန်းဝေ-ဒေါ်လှကြည်)တို့၏သားသမက်၊ ဒေါ်မူမူ၊ (ဒေါ်သောင်းသောင်း)တို့၏တူ၊ ဒေါ်စုစု၏ခင်ပွန်း၊ ဦးမင်းဦး၊ ဦးသန်းစိုး-ဒေါ်မေသူလွင်(USA)၊ ဒေါ်မေမာခင်-(ဦးသန်းထွဋ်)၊ ဒေါ်မေမေသွင်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) ည ၁၀:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးနန်းဌေးမြင့်
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဣန္ဒာ ၈လမ်း၊ အမှတ် ၁၀၇၆နေ (ဦးစိုးမြင့်)-ဒေါ်မြစိန်တို့၏သား၊ (ဦးညွှန့်မောင်-ဒေါ်လှမြင့်)တို့၏သားသမက်၊ ဒေါ်ခင်မြစိုး၊ ဦးအောင်ဌေးမြင့် - ဒေါ်အေးအေးသစ်တို့၏ညီ၊ မောင်၊ ဦးအေးမင်း-ဒေါ်သန်းသန်းဌေး၊ ဦးတင့်အောင် - ဒေါ်သန်းသန်းဝင်းတို့၏အစ်ကို၊ ကိုအောင်စိုးဝင်း-မခိုင်ခင်စိုး၊ မစောပြည့်သန္တာတို့၏ဖခင်၊ဒေါ်ခင်စိုးမိုး၏ချစ်လှစွာသောခင်ပွန်းသည် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) နံနက် ၃:၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၇ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**နတ်တလင်းမြို့နယ်အသင်း(ရန်ကုန်)**
## ဦးမြင့်သိန်း(ခ)ဦးခေါင်းကြီး
**ရာသက်ပန်အသင်းဝင်အမှတ်(၃၂၂)**
**အသက်(၈၀)**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ နတ်တလင်းမြို့၊ ဗိုလ်ချုပ်လမ်းနေ [ဦးဟုတ်ရှု-ဒေါ်အန်းပု(ခ)ဒေါ်ကျင်စော]တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၄၆ (A-1)နေ ဒေါ်ခင်သန်းနွယ် (အထက-၁၊ လမ်းမတော်၊ ငြိမ်း)၏ခင်ပွန်းသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

## ဦးအောင်သောင်းတင်
**(မြောက်ဦး)**
**စား/ဖျော်(ငြိမ်း)**
**ဟိုတယ်/ခရီးသွားလာရေး**
**ဝန်ကြီးဌာန**
**အသက်(၇၂)နှစ်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကံလှရပ်ကွက်နေ (ဦးဇနီအောင်-ဒေါ်မစော)တို့၏သား၊ ဦးဘလွင် (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-(ဒေါ်တင်တင်)တို့၏မောင်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ အမှတ် ၁၁၇နေ ဒေါ်သိန်းနု၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းနိုင်)-ဒေါ်စောသိန်းညွန့်၊ (မချိုချိုအောင်)၊ ဦးလှသောင်း-ဒေါ်သူဇာအောင်၊ ဦးစံရွှေမောင် - ဒေါ်တိုးတိုးလွင်တို့၏ဖခင်၊ မမြတ်ကေခိုင်၊ မသီရိကေခိုင်၊ (မသန္တာအေး)၊ မောင်ရွှေစစ်ခိုင်၊ မောင်ဟိဏ်းလင်းသန့်၊ မအေးမြတ်ကေခိုင်၊ မောင်ပြည့်ဖြိုးခန့်၊ မောင်စွမ်းပြည့်မင်းတို့၏အဘိုးရှင်သည် ၂၈-၈-၂၀၁၇ရက် ည ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃:၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၉-၂၀၁၇ရက် နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်သန်း(Sparrow)
**ဓာတုဗေဒအရာရှိ(ငြိမ်း)**
**(ရေနံချက်စက်ရုံ၊ သန်လျင်)**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက် R-1၊ အခန်း 302 နေ (ဦးသန်းတင်-ဒေါ်ရင်ကြွေ)၊ (ဦးဘအို-ဒေါ်မြင့်မြင့်သင်း)တို့၏သမီး၊ (ဦးလှမင်း - ဒေါ်အေးရီ)တို့၏ညီမ၊ (ဦးဘိုအောင်ရွှေ)၏ဇနီး၊ ဦးလှဘုန်း-ဒေါ်စန္ဒာဝင်း၊ ဦးကျော်ကျော်အောင်-ဒေါ်သက်ရည်ဝင်း၊ ဦးသန်းထွန်းဝင်းတို့၏ ချစ်လှစွာသောမိခင်၊ မသီရိစံ၊ မရည်တာအောင်၊ မောင်ထိန်လင်းအောင်တို့၏အဘွားသည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) ညနေ ၅:၂၆နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီ တွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃-၉-၂၀၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါ ပန်းလှိုင်အိမ်ရာ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**
## ဦးဇော်မင်း(ခ)
**Syed Alia kbar Behbahanee**
**တရားလွှတ်တော်ရှေ့နေ**
**အသက်(၆၃)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၇ လမ်း၊ အမှတ် ၄၃နေ Syed MD Shafi Behba hanee(ခ) ဦးစောဖေ-Khyroonifa Khanum Dramar zinbranee(ခ)ဒေါ်ကြည်ကြည်ကလေးတို့၏သား၊ ဒေါ်ကြည်ကြည်ဆွေ၏ခင်ပွန်း၊ဒေါ်မမကြီး၊ဦးလှမင်း၊(ဦးထွန်းလင်း)၊ ဒေါ်လှလှဝင်း၊ ဒေါ်ခင်မမ-ဦးတင်ရွှေတို့၏မောင်၊ ဦးကျော်မင်း-ဒေါ်ခင်စောမြင့်တို့၏ အစ်ကိုသည် ၂၈-၈-၂၀၁၇ရက်တွင် ရေဝေး ရှီအာမက္ကာဘာရာ၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဘဒ္ဒန္တပဏ္ဍဝံသ
**အာသာဝတီတိုက်၊ မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၁၂၄)**
**သဇင်ရေကျော်ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်**
**ကမ္မဋ္ဌာနာစရိယ**
**သက်တော်(၅၈)နှစ်၊ သိက္ခာတော်(၃၈)ဝါ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အာသာဝတီတိုက်၊ မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၁၂၄)၊ သဇင်ရေကျော်ကျောင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပဏ္ဍဝံသ ဆရာတော်ကြီးသည် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၇ရက်) ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) ည ၁၀:၂၀နာရီတွင် ဝိတိုရိယဆေးရုံ၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၁၁ရက်) ၁-၉-၂၀၁၇ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ဒါယကာ၊ ဒါယိကာမများ

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်ပုလဲညွန့် (ဓာသပြင်)
**အသက်(၉၃)နှစ်**

သစ်တောတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာစံသွင်-ဒေါ်မေရီအောင်တို့၏မိခင် ဒေါ်ပုလဲညွန့် အသက်(၉၃)နှစ်သည် ၂၇-၈-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သစ်တောတက္ကသိုလ်မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဦးအေးသွင်
**အသက်(၉၁)နှစ်**

ဒေါက်တာဒေါ်ခင်သီတာသွင် [ပါမောက္ခ/ဌာနမှူး၊ ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန၊ ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး၊ ရန်ကုန်]၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၁-၈-၂၀၁၇ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆုတ်နှင့်ရင်ခေါင်းဆေးကုဌာနမိသားစု**
**ခုတင်(၅၀၀)ဆံ့ အထူးကုဆေးရုံကြီး**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်လီလီကြာညွန့်
**အသက်(၉၀)**

ဒေါက်တာဇေယျအေး - ပါမောက္ခ ဒေါက်တာဒေါ်ရတနာကျော် ရင်ခေါင်းအထူးကုသမားတော်ကြီး)တို့၏မိခင် ဒေါ်လီလီကြာညွန့်သည် ၂၆-၈-၂၀၁၇ရက် နံနက် ၄:၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ၊ ဌာနမှူးနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများ**
**ရင်ခေါင်းဆေးပညာဌာန၊ အထွေထွေရောဂါကု**
**ဆေးရုံကြီး၊ မန္တလေးမြို့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဒေါ်သန်းနွဲ့
**အသက်(၈၁)နှစ်**

ဒေါက်တာနွယ်နွယ်ဝင်း (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ မအူပင်တက္ကသိုလ်)၏ မွေးသမိခင်ကျေးဇူးရှင်ဖြစ်သူ ဒေါ်သန်းနွဲ့သည် ၂၈-၈-၂၀၁၇ရက် (တနင်္လာနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားသည့်အတွက် သူငယ်ချင်း၏ မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာမိုးဥမ္မာ၊ ဒေါက်တာနွဲ့နွဲ့အေး၊**
**ဒေါက်တာစန်းစန်းဆွေ၊ ဒေါက်တာခင်စန္ဒာထွန်း၊**
**ဒေါက်တာမျိုးစန္ဒာဝေ**

---

**ပုဂံသွေး ပရဟိတနှင့်**
**သွေးလှူရှင်များအသင်း**
**အလွန်အားထားရသော**
**အမှုဆောင်နာယကကြီး**
## ဦးဝင်းမြင့် (LL.B)
**အသက်(၆၃)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ/ညောင်ဦးမြို့နယ်၊ စုတည်ကျေးရွာနေ (ဦးကောင်းကျော် - ဒေါ်ညိုကြီး)တို့၏သား၊ ပုဂံ/ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်)မှ ပုဂံသွေး ပရဟိတနှင့် သွေးလှူရှင်များအသင်း ဦးဆောင်နာယကကြီးသည် ၂၈-၈-၂၀၁၇ရက်(တနင်္လာနေ့) ညနေ ၅:၃၀နာရီတွင် ပုဂံ/ညောင်ဦးမြို့နယ်၊ စုတည်ကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၈-၂၀၁၇ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် စုတည်ကျေးရွာသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ပုဂံသွေး ပရဟိတနှင့်
သွေးလှူရှင်များအသင်း(ရန်ကုန်)
အမှုဆောင်အဖွဲ့

**သင့်သွေးဖြင့်**
**အသက်ကယ်ပါ**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## ကိုစောဆယ်မြူရယ်(ခ)
## ပါတိုရှား
**အသက်(၂၆)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ထန်းပင်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ် ၂၉နေ [သိက္ခာတော်ရဆရာတော် ဦးမက်သျူးလှဝင်း (ဘုရားသခင်၏ အသင်းတော်)(မြန်မာပြည်)(ဇဝံဂေလိ) - ဒေါ်နောအဲလီ]တို့၏မြေး၊ ဦးခင်မောင်တင့်-(ဒေါ်မော်လီဝင်း)၊ [သိက္ခာတော်ရဆရာ ဦးမာလ-ဒေါ်ဂျူလီဝင်း]၊ ဦးဆမ်းမဆမ်-ဒေါ်ဘောက်ဂျာ၊(ဦးကလောဖ)-ဆရာမ ဒေါ်သီတာထွန်း၊ ဦးယောသ၊ ဒေါ်အမ်မလီဝင်းတို့၏တူ၊ (ဦးစောဖရက်)-ဒေါ်လီလီဝင်းတို့၏တစ်ဦးတည်းသောသားသည် ၂၈-၈-၂၀၁၇ရက် မွန်းလွဲ ၂:၂၀နာရီတွင် K.B.C ဆေးရုံတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၈-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

Yangon Today

**ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ယနေ့ရန်ကုန်အချပ်ပို လေးမျက်နှာပါရှိသည်**

## အများပြည်သူအလုပ်ပိတ်ရက်အဖြစ်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုအစိုးရအဖွဲ့**
**အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၇**
**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်**
**(၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၉ ရက်)**

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက် (၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်) စနေနေ့သည် အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်အဖြစ် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
(ဇော်သန်းသင်း)
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**မြောက်ကိုရီးယားက ပစ်ခတ်လိုက်သည့်ဒုံးကျည် ဂျပန်အရှေ့ပိုင်းသို့ ကျရောက်**

စာမျက်နှာ - ၁၄

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

## သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ် နောက်ဆုံးအခြေအနေများကိုရှင်းလင်း



ရန်ကုန်မြို့ အခြေစိုက်သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများနှင့် စပ်လျဉ်းသည့် ရှင်းလင်းပွဲကျင်းပစဉ် (သတင်းစဉ်)

**ရန်ကုန် သြဂုတ် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းတို့သည် ရန်ကုန်မြို့ အခြေစိုက်သံတမန်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် နောက်ဆုံးဖြစ်ပေါ်နေသည့် အခြေအနေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းပွဲကို ရန်ကုန်မြို့ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

ရှင်းလင်းပွဲ၌ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ၂၀၁၇ခုနှစ် သြဂုတ်လ ၂၅ ရက်ကို ထိတ်လန့်ဖွယ်ကောင်းသော Black Friday အဖြစ် အမှတ်ရနေမည်ဖြစ်ကြောင်း၊ အကြောင်းရင်းမှာ သြဂုတ် ၂၅ ရက် နံနက်အစောပိုင်းတွင် ARSA အကြမ်းဖက်အုပ်စုသည် မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင်မြို့နယ်ရှိ ရဲကင်းစခန်း ၃၀ နှင့် တပ်စခန်းတစ်ခုကို တစ်ပြိုင်တည်း ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲဝန်ထမ်း ၁၀ ဦး၊ တပ်မတော်သားတစ်ဦးနှင့် လူဝင်မှုကြီးကြပ်ရေးအရာထမ်းတစ်ဦးတို့ ရက်ရက်စက်စက်သတ်ဖြတ်ခြင်းခံခဲ့ရကြောင်း၊

စာမျက်နှာ ၅ ကော်လံ ၁ ✻

Royal Garden Restaurant
Monsoon Special Promotion
Open Daily
Dimsum: 6 :30am - 2:15pm
Lunch: 11 :00am - 2:15pm
Dinner: 6 :00pm -10:15pm
20%Off (1.9.17 မှ 4.10.17)ထိ
စိတ်ငြိမ်အေးချမ်းတဲ့ သဘာဝအလှအပများကို ခံစားရင်း စက်ာပူဝါရင့်စားဖို မှူးများ၏ လက်ရာများကို လာရောက်မြည်းစမ်းကြည့်လှည့်ပါ။ မွေးနေ့ပွဲ၊ မိတ်ဆုံစားပွဲ၊ မင်္ဂလာဧည့်ခံပွဲများအတွက် စိတ်တိုင်းကျ စီစဉ်ဆောင်ရွက်ပေးနေပါသည်။
Nat Mauk Road, Kandawgyi Nature Park, Central Forest Zone, Bahan Tsp, Yangon, Myanmar. Tel : 01-546923, 01-546202, 09-253000191 to 194



မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်
၂၀၁၇ ခုနှစ်၊ ဩဂုတ် ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့

# အသင့်စား၊ အမြန်စား နှင့် ရန်ကုန်သူ ရန်ကုန်သား

ခင်ရတနာ



နံနက် မိုးလင်းသည်နှင့် ရန်ကုန်သူ ရန်ကုန်သားများ၏ တစ်နေ့တာသည် ဝရုန်းသုန်းကားဖြင့် နိုးထရစမြဲပင်။ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ အချိန်သည် အလွန်ပင်တန်ဖိုးရှိသည်။ လူဦးရေ ခုနစ်သန်းနီးပါးကို နေ့စဉ်ထမ်းပိုးကာ များပြားလှသည့် မော်တော်ယာဉ်များအကြား ရန်ကုန်သည် ဆူဆူညံညံဖြင့် ရှင်သန်နေရသည်။ လူတို့၏ မဖြစ်မနေထမ်းဆောင်ရသည့် စား၊ ဝတ်၊ နေရေးကိစ္စရပ်များတွင် နည်းနိုင်သမျှ ဝန်ကို ချုံ့ကြရသည့်အခါ ရန်ကုန်သူ ရန်ကုန်သားများ၏ နေ့စဉ်ဘဝတွင် အဆင်သင့်ရရှိနိုင်သည့် အစားအသောက်များ၊ အလွယ်တကူ ယူငင်သုံးဆောင်နိုင်သည့် စားသောက်ဖွယ်ရာများသည် အရေးပါလွန်းသည့် အရာများဖြစ်လာသည်။

“ကျောင်းသားရှိတဲ့အိမ်တိုင်း အသင့်စားနိုင်တဲ့ ရယ်ဒီမိတ်အစားအစာတွေရှိတယ်။ အလုပ်သမားအားလုံးနီးပါး အမြန်စားလို့ရတဲ့ အစားအစာတွေကိုပဲ စားတယ်။ မီးပုံမှန် မရတဲ့ဒုက္ခ၊ ယာဉ်ကြောပိတ်တဲ့ဒုက္ခ၊ နေစရာကျပ်တည်းတဲ့ဒုက္ခ၊ အချိန်ရှားပါးတဲ့ဒုက္ခတွေကြောင့် လွယ်လွယ်ကူကူစားရတဲ့ အစားအစာနဲ့ ရန်ကုန်က ခွဲခြားမရဘူး”ဟု မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းဝင်တစ်ဦးက မှတ်ချက်ပြုသည်။

ဂျပန်နိုင်ငံ စားသောက်ကုန်လုပ်ငန်းရှင်များအသင်းက မြန်မာနိုင်ငံတွင် စားသောက်ကုန်လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံရန်အတွက် စစ်တမ်းတစ်ရပ် လာရောက်ကောက်ခံခဲ့ရာတွင် ရန်ကုန်မြို့ရှိ အလုပ်လုပ်နိုင်သည့် လူဦးရေ၏ သုံးပုံနှစ်ပုံခန့်မှာ အသင့်စား၊ အမြန်စား စားသောက်ကုန်များကို စားသုံးနေကြကြောင်း သိရသည်။ နံနက်မိုးလင်းသည်နှင့် အသင့်ချက်ပြုတ်ထားသည့် မနက်စာစားသုံးရန် လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ မှ ငွေကျပ် ၈၀၀၀ အထိ သုံးစွဲမှုသည် ဝင်ငွေရရှိမှုအလိုက် ကွဲပြားကြောင်း ယင်းစစ်တမ်းတွင် တွေ့ရှိရသည်။

“ရန်ကုန်မှာ အသင့်စားသုံးနိုင်တဲ့ အစားအစာတွေခေတ်စားလာတာ အခုမှ မဟုတ်ပါဘူး။ ၁၉၈၈ နောက်ပိုင်းကတည်းက အများကြီးတွင်ကျယ်လာခဲ့တာပါ။ ဒါပေမယ့် အခုနောက်ပိုင်းမှာ စားသုံးမှု ပိုလာပါတယ်။ ဒါပေမယ့် ကိုယ်ရွေးချယ်တဲ့ကုန်ပစ္စည်းရဲ့အရည်အသွေးကိုတော့ သတိထားဖို့ လိုတယ်။ ဒါမှ ကျန်းမာရေးအတွက် အဆင်ပြေမှာပါ”ဟု နှစ်ပေါင်း ၄၀ နီးပါး အသင့်စား စားသောက်ကုန်များနှင့် ဓာတ်စာအစားအစာများကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူ မြန်မာပြည်သား မြန်မာစားသောက်ကုန်လုပ်ငန်း၏ ဥက္ကဋ္ဌ ဒေါ်ဟေမာက ပြောကြားသည်။



ရန်ကုန်မြို့ကဲ့သို့ပင် နိုင်ငံအရပ်ရပ်ရှိ စီးပွားရေးနှင့် အစိုးရရုံးစိုက်ရာ မြို့ပြများတွင် နေထိုင်ကြသူ အများစုမှာ လွယ်လင့်တကူ ရရှိနိုင်သည့် အစားအသောက်များကို သုံးစွဲကြကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် လူတစ်ဦးသည် အနည်းဆုံးဝင်ငွေ၏ လေးပုံသုံးပုံကို အသင့်စားသုံးနိုင်သည့် အစားအသောက်များ စားသုံးရာတွင် သုံးစွဲနေကြပြီး ယင်းလူဦးရေသည် မြို့လူဦးရေ၏ ထက်ဝက်ခန့်ရှိကြောင်း ဂျပန်နိုင်ငံစားသောက်ကုန်လုပ်ငန်း ရှင်များအသင်း၏ ဈေးကွက်သုတေသနစာတမ်းမှ သိရှိရသည်။

“ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသုံးမှုကိုတော့ ရန်ကုန်သူ ရန်ကုန်သားတွေရရှိစေချင်တယ်။ ဒါကြောင့် ကျွန်တော်ထမင်းဆိုင်ဖွင့်ခဲ့ရတာဖြစ်ပါတယ်။ မနက်စာစားသုံးတဲ့သူဖြစ်ဖြစ်၊ ထမင်းချိန်မှာ ထမင်းစားသုံးသူဖြစ်ဖြစ် အားလုံးကို ကျန်းမာရေးနဲ့အညီ လတ်ဆတ်သန့်ရှင်းအောင်၊ အဆိပ်အတောက်မဖြစ်အောင်၊ ဘေးအန္တရာယ်ကင်းအောင် လုပ်ပေးချင်ခဲ့တယ်။ ဈေးနှုန်းကိုလည်း လူတန်းစားမရွေးစားနိုင်တဲ့ ဈေးနှုန်းဖြစ်အောင် ထမင်းတစ်နပ်ကို ငွေကျပ် ၁၀၀၀ လောက်ပေးရုံနဲ့ အရသာရှိရှိ၊ ဘေးအန္တရာယ်ကင်းကင်း စားနိုင်အောင် ကြိုးစားကြည့်တယ်။ အခုဆိုရင် ဖြူစင်မေတ္တာထမင်းဆိုင်အနေနဲ့ ဆိုင်သုံးဆိုင်အထိ ဖွင့်နိုင်ခဲ့ပါပြီ။ အများစုက ကြုံတဲ့နေရာမှာ စားနေကြရပေမယ့် မိသားစုထမင်းဝိုင်းကို လွမ်းကြမှာပါ။ ကျွန်တော်တို့က စားသုံးသူတွေကို မိသားစုအရသာပေးနိုင်ခဲ့လို့ အောင်မြင်တယ်လို့ ယူဆရတယ်”ဟု ဖြူစင်မေတ္တာထမင်းဆိုင်နှင့် ပရဟိတအဖွဲ့ကို တည်ထောင်ထားသူ ဦးသီဟထွန်းက ပြောကြားသည်။

ရန်ကုန်မြို့ရှိ ဈေးကြီးဈေးငယ်တိုင်းတွင် ကြီးမားသည့် ဇလုံများအတွင်း မောက်လျှံနေသော အသင့်စား ငါးပိကြော်၊ ငါးခြောက်ကြော် စသည်ဖြင့် ရောင်းချလျက်ရှိသည်။ များပြားလှသည့် ကုန်တိုက်များမှ စတိုးဆိုင်ငယ်များအထိ အသင့်ထုတ်ယူစားသုံးနိုင်သည့် ရယ်ဒီမိတ်စားသောက်ကုန်များကို ဝယ်ယူနိုင်ကြသည်။

အချပ်ပို (၈) သို့

# ရန်ကုန်မြို့ပတ်ရထားအကြောင်း ပြောရအောင်

**ဆောင်းပါး - ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)**



ဂျုံးဂျုံးဂျက်ဂျက် မြည်ဟည်းသံမှ ညက်ညောသောအင်ဂျင်စက်သံသို့ ခေတ်နှင့်အညီ မြန်မာ့မီးရထားက လိုက်ပါပြောင်းလဲနေသည်။ ရန်ကုန်ဘူတာကြီးအတွင်းရှိ မြို့ပတ်ရထားစကြံသို့ ရထားတစ်စင်းက တလိမ့်လိမ့်ဝင်ရောက်လာသည်။ ငြိမ့်ခနဲရပ်လိုက်သောရထားပေါ်မှ ခရီးသည်များက ပန်းဆိုးတန်းခုံးတံတားပေါ် တက်ရောက်ရင်း မိမိလိုရာခရီးကို ထွက်ခွာသွားကြသည်။ ခရီးသည်များ ထွက်ခွာသွားသည့်နည်းတူ ရန်ကုန်မြို့ပတ်ရထားကလေးက ဆက်လက်လိုက်ပါမည့် ခရီးသည်များ၊ ရန်ကုန်ဘူတာကြီးမှ တက်ရောက်လာသောခရီးသည်များကို တင်ဆောင်ပြီး မျက်နှာမူရာအရပ်သို့ ဟွန်းသံတဘော်ဘော်ပေးရင်း ဆက်လက်ထွက်ခွာသွားသည်။

ရန်ကုန်မြို့နေ အခြေခံလူတန်းစားတို့ သွားရေးလာရေးအတွက် အဓိကအမှီပြုနေသည်မှာ ရန်ကုန်မြို့ပတ်ရထားများပင်ဖြစ်သည်။ စတက်စဉ်ကပင် ငွေကျပ် ၂၀၀၊ မြို့တွင်းသွားလာလျှင် ငွေကျပ် ၁၀၀ ဖြင့် အနည်းဆုံး ရန်ကုန်မြို့တွင်းသို့ အရောက် ငွေကျပ် ၃၀၀ ပေးဆောင်နေရသော ဝိုင်ဘီအက်စ်က ရန်ကုန်အခြေခံလူတန်းစား၏ နေ့စဉ်ဝင်ငွေကို တစ်စစီဆွဲနုတ်နေသလိုပင်။ တစ်ဦးချင်းဝင်ငွေနိမ့်ကျနေသော အခြေခံလူတန်းစားအတွက် မြို့တွင်းအရောက် ရထားခ ၁၀၀ က မိသားစုဝင်ငွေကို ကာမိစေသည်။

လက်ရှိအချိန်တွင် တစ်နေ့လျှင် လူဦးရေကိုးသောင်းကျော်ကို သယ်ယူပို့ဆောင်ပေးနေသော ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းသည် ၁၉၅၈ ခုနှစ်၏ ဒီဇင်ဘာလတွင် စတင်အခြေတည်ခဲ့သည်။ ရန်ကုန်-ပြည်လမ်းနှင့် ရန်ကုန်-မန္တလေးလမ်းပိုင်းတို့က ယခင်ကတည်းကရှိပြီးသားဖြစ်သည့်အတွက် အဆိုပါလမ်းနှစ်လမ်းကိုပေါင်းစပ်ပေးလိုက်ခြင်းဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းကို ဖြစ်တည်လာစေသည်။ အိမ်စောင့်အစိုးရလက်ထက် ၁၉၅၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းများပြီးစီး၍ ရထားများစတင်ပြေးဆွဲခဲ့သည်။ စတင်ပြေးဆွဲစဉ်ကာလက တစ်လမ်းမောင်းစနစ်ဖြင့် ပြေးဆွဲခဲ့သော်လည်း ၁၉၆၄ ခုနှစ်တွင် အစုန်လမ်းအဆန်လမ်းအဖြစ် တိုးချဲ့ကာ ရန်ကုန်မြို့ပတ်ရထားကို တစ်ဆင့်မြှင့်တင်ခဲ့သည်။

နှစ်ပေါင်းများစွာ ကြာညောင်းလာပြီဖြစ်သော ရန်ကုန်မြို့ပတ်ရထားလမ်းကဏ္ဍကို တာဝန်ရှိသူများက အဆင့်မြှင့်တင်မှုများ ပြုလုပ်ရန် စဉ်းစားလာကြသည်။ စနစ်ကျသောအစီအမံများ ရေးဆွဲအကောင်အထည်ဖော်ရန် ကြိုးစားလာသည်။ ထို့ကြောင့်ပင် ရန်ကုန်မြို့ပတ်ရထားလမ်းများ အဆင့်မြှင့်တင်မှုကဏ္ဍနှင့်ပတ်သက်၍ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာန၊ တိုင်းအမှတ် (၇) မှ မန်နေဂျာ ဦးဇော်လွင်ကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာ့မီးရထား၏ လက်ရှိအခြေအနေနှင့်ပတ်သက်၍ "မြို့ပတ်ရထားကို RBE က ၁၂ ဆိုင်း၊ ရထားတွဲဆိုင်းကြီးအနေနဲ့ကတော့ ၁၃ ဆိုင်း စုစုပေါင်း ၂၅ ဆိုင်းနဲ့ တစ်ရက်ကိုခေါက်ရေ ၂၂၀ နေ့စဉ်ပြေးဆွဲပေးနေပါတယ်။ ခရီးသည်ကတော့ ကိုးသောင်းကျော်ရှိပါတယ်။ အချို့အခါကြီးရက်ကြီးတွေမှာတော့ တစ်သိန်းကျော်တာပေါ့။

**ပလက်ဖောင်းတွေကို အဆင့်မြှင့်**

"အရင်ကလုပ်ခဲ့တဲ့ ဘူတာရုံတွေရဲ့ ပလက်ဖောင်းတွေက နိမ့်တာပေါ့။ နိမ့်တဲ့အခါကျတော့ ခရီးသည်တွေအနေနဲ့ အတက်အဆင်းမှာ အဆင်မပြေဘူး။ RBE ရထားတွေလည်း ပြေးလာတာဖြစ်တဲ့အတွက်ပေါ့နော်။ ပြီးခဲ့တဲ့ ဘဏ္ဍာရေးနှစ်မှာ ခြောက်ဘူတာ အဆင့်မြှင့်ပေးလိုက်တယ်။ အဲဒီဘူတာတွေက လမ်းမတော်၊ ပြည်လမ်း၊ ရှမ်းလမ်း၊ အလုံလမ်း၊ ပန်းလှိုင်လမ်း၊ ဟံသာဝတီဆိုတဲ့ အားလုံး ခြောက်ဘူတာပေါ့။ အဲဒီဘူတာတွေရဲ့ ပလက်ဖောင်းတွေကို မြှင့်ပေးလိုက်တော့ ရထားတွဲကြမ်းပြင်နဲ့ ပလက်ဖောင်းနဲ့က တစ်ပြေးတည်းဖြစ်သွားတော့ ခရီးသည်တွေ အတက်အဆင်းလုပ်ရတာ အဆင်ပြေသွားတာပေါ့။ ဒီနှစ်လည်းဘတ်ဂျက်ရရှိတဲ့အပေါ် မူတည်ပြီး ပလက်ဖောင်းမြှင့်တဲ့လုပ်ငန်းကိုဆက်ပြီး ဆောင်ရွက်သွားမှာပါ။

**အချက်ပြစနစ် ချွတ်ယွင်းမှုတွေဖြစ်**

"ရန်ကုန်ဘူတာကြီးရဲ့ အချက်ပြစနစ်တွေကလည်း ၁၉၅၈ ခုနှစ်ကတည်းကလုပ်ခဲ့တာပေါ့။ အချိန်တွေက တအားကြာလာတဲ့အခါကျတော့ ချွတ်ယွင်းမှုတွေဖြစ်တာပေါ့။ ချွတ်ယွင်းမှုတွေဖြစ်တဲ့ အခါကျတော့ ရထားတွေက မကြာခဏ ရပ်တန့်တာတွေဖြစ်သွားတာပေါ့။ ဒါကြောင့် JICA နဲ့ ပေါင်းပြီး ရန်ကုန်ဘူတာကြီးရဲ့ အချက်ပြစနစ်တွေ၊ ပွိုင့်တွေကို ကျွန်တော်တို့ ပြင်မှာပါ။ အားလုံးလုပ်ရမယ့် ပွိုင့်ပေါင်းက ၈၁ ပွိုင့်ရှိတယ်။ ကျွန်တော်တို့က ၄၂ ပွိုင့်ပြင်ပြီးသွားပြီ။ ဒီဇင်ဘာလောက်ကိုတော့ အပြီးဆောင်ရွက်နိုင်မယ်လို့ မှန်းထားတာပေါ့။

**အရှေ့ခြမ်း အနောက်ခြမ်းဟူ၍ နှစ်ပိုင်းခွဲပြီးပြင်မည်**

"ရန်ကုန်မြို့ပတ်ရထားလမ်းနဲ့ပတ်သက်ပြီး ၂၉ ဒသမ ၅ မိုင် (ကီလိုမီတာ ၄၇) ရှိပါတယ်။ အဲဒါကိုအရှေ့ခြမ်းနဲ့ အနောက်ခြမ်းဆိုပြီးတော့ နှစ်ပိုင်းခွဲပြီးတော့ ပြင်မယ်။ အရှေ့ခြမ်းကိုတော့ ၂၀၁၇ ခုနှစ် အောက်တိုဘာလကနေစမယ်၊ ၂၀၁၈ ခုနှစ် မေလမှာ ပြီးမယ်ပေါ့နော်။ ရှစ်လ သတ်မှတ်ထားတယ်။ အဲဒီအရှေ့ခြမ်းမှာပဲ အပိုင်း(၁) အပိုင်း(၂) ဆိုပြီးထပ်ခွဲထားတယ်။ အပိုင်း (၁) ကိုလေးလ၊ အပိုင်း (၂)ကိုလေးလ။ အပိုင်း (၁)က တညင်းကုန်းကနေ ပုရွက်ဆိတ်ကုန်းအထိ အဲဒီအပိုင်းက ၇ ဒသမ ၂၅ မိုင်ဝေးတာပေါ့။ အပိုင်း (၂) ကတော့ ပုရွက်ဆိတ်ကုန်းကနေ ပုဇွန်တောင်ဘူတာအထိ ၈ ဒသမ ၅ မိုင်ဝေးတယ်။ သူကတော့ ၂၀၁၈ ဖေဖော်ဝါရီက စမယ်။ မေလမှာအပြီးဆိုတော့ လေးလပေါ့။ ပထမလေးလမှာအပိုင်း(၁)ကိုအပြီး ဆောင်ရွက်ပြီးနောက် လေးလမှာအပိုင်း(၂)ကို အပြီးဆောင်ရွက်မယ်။ အဲဒါပြီးရင် မိုးတွင်းလေးလနားမယ်။ ပြီးရင် ၂၀၁၈ အောက်တိုဘာလမှာ အနောက်ခြမ်းကို လုပ်မယ်။ အဲဒါကဘာတွေပါမလဲဆိုတော့ တညင်းကုန်းကနေ အင်းစိန်အထိ ၃ ဒသမ ၅ မိုင်ရှိမယ်။ ဒါက အပိုင်း (၁)၊ အပိုင်း(၂)က အင်းစိန်ကနေ ကြည့်မြင်တိုင်ကို ၅ ဒသမ ၅ မိုင်ရှိမယ်။ နောက်အပိုင်း (၃)က ကြည့်မြင်တိုင်ကနေ ဘုရားလမ်းအထိ ၂ ဒသမ ၇၅ မိုင်ရှိမယ်။

**ပုံမှန်ပြေးဆွဲပေးနိုင်အောင် ဆောင်ရွက်သွားမည်**

"မနက်ရုံးချိန် ရထားရှိမယ်။ ညနေရုံးဆင်းချိန်ရထားတွေရှိမယ်။ ဒီရထားတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့က အထိမခံပါဘူး။ ပုံမှန်ပြေးဆွဲပေးနိုင်အောင် ဆောင်ရွက်သွားမယ်။ တချို့တလေတော့ ရထားစင်းရေတော့ လျော့မယ်။ လျော့တဲ့ဟာကလည်း ခရီးသည်စီးနင်းမှုနည်းတဲ့ နေ့လယ်ပိုင်းရထားတွေလောက်ပဲ လျော့သွားမှာပါ။

**စက်ခေါင်းချွတ်ယွင်းမှုရှိသောအခါ**

"ရထားတွေကိုပုံမှန်ပြေးဆွဲပေးနေတယ်။ မနက်ပိုင်းဆိုရင်တော့ ၇ နာရီနဲ့ ၉ နာရီကြား၊ ညနေပိုင်းဆိုရင်တော့ ၄ နာရီခွဲနဲ့ ၇ နာရီကြားလောက်က ခရီးသည်အသွားအလာအများဆုံးအချိန် ရုံးတက်ရုံးဆင်းချိန်ပေါ့။ တစ်ခါ တလေတော့ စက်ခေါင်းချွတ်ယွင်းမှုတွေရှိတာပေါ့။ အဲဒီလိုမျိုးဖြစ်ရင် ခရီးသည်တွေအတွက် ဝန်ဆောင်မှုမထိခိုက်အောင် စက်ခေါင်းတွေဘာတွေစီစဉ်ပြီး ဆောင်ရွက်ပေးရတာမျိုးတော့ ရှိပါတယ်။ ရထားစီးတဲ့လူဆိုတာက အခြေခံလူတန်းစားတွေ ဖြစ်နေတာကိုး။ တစ်ပိုင်တစ်နိုင် အလုပ်လုပ်တာတွေရှိမယ်။ အရောင်းအဝယ်ဈေးသည်စသည် ဖြင့်ပေါ့လေ။ အဓိကကတော့ တညင်းကုန်းဈေး။ တညင်းကုန်းဈေးမှာ အသီးအနှံတွေ ဝယ်လာတယ် တစ်ဆင့်ပြန်ရောင်းကြတယ်။ အထုပ်အပိုးတွေလည်း ပါတာပေါ့"ဟုရှင်းပြခဲ့သည်။

"ရန်ကုန်မြို့ပတ်ရထားလမ်းတွင်ဘူတာပေါင်း ၃၈ ဘူတာရှိပြီး မြို့တစ်ပတ်လျှင် ၂ နာရီ မိနစ် ၅၀ ကြာစီးနင်းနေရာမှ ရထားလမ်းပိုင်းများ ပြုပြင်ပြီးစီးသွားပါက အဆင့်မြှင့်တင်ပြီးတဲ့အခါမှာ ၁ နာရီ ၅၀ မိနစ်လောက်ပဲ ကြာမယ်ဆိုတော့ အဝေးဆုံးနေရာကနေ ရန်ကုန်ဘူတာကြီးကိုလာမယ်ဆိုရင် မိနစ် ၅၀ လောက်ပဲ ကြာမယ်ဆိုတဲ့သဘောပေါ့"ဟု မြန်မာ့မီးရထား တိုင်းအမှတ်(၇)မှ သွားလာပို့ဆောင်ရေးမန်နေဂျာက ရှင်းပြသည်။

အငှားယာဉ်တစ်စီး ငှားခငွေကျပ်ထောင်နှင့်ချီသော ဈေးကို မတတ်နိုင်သော လက်လုပ်လက်စားသာမန်လူတန်းစားတို့အတွက် အားကိုးရာဖြစ်သော ရန်ကုန်မြို့ပတ်ရထားကို ပြည်ပခရီးသွား နိုင်ငံခြားဧည့်သည်များက စိတ်ဝင်တစားရှိလှသည်။ ရန်ကုန်မြို့ပတ်ရထားကို လိုက်ပါစီးနင်းရင်း အမျိုးစုံလှသော ကင်မရာတို့ဖြင့် မြို့ပတ်ရထားပေါ်မှ ဘဝအခြေအနေများ၊ ရထားလမ်းဝဲယာရှုခင်းများ၊ နှစ်ပေါင်းများစွာ ကြာမြင့်နေသောဘူတာရုံများကို မှတ်တမ်းတင်ကြသည်။ တစ်ဝမ်းတစ်ခါးရှာဖွေစားသောက်နေရသော ရထားဈေးသည်တို့၏ အသံများကို နားမလည်သော်လည်း စူးစူးစမ်းစမ်း နားထောင်တတ်ကြသည်။

"ခွဲတော့ ကျွေးချင်တယ်။ ဓားကိုင်ရင် ၁၉(င)နဲ့ အဖမ်းခံရမှာစိုးလို့ အလုံးလိုက်ပဲရောင်းတော့မယ်"ဟု ဥပဒေပုဒ်မနှင့် အရွှန်းဖောက်သော နာနတ်သီးရောင်းသူ၏ အသံက ရထားစီးခရီးသည်များ၏ ပင်ပန်းမှုကို ခဏတာပြေပျောက်စေသည်။

မြို့ပတ်ရထားနှင့်ပတ်သက်၍ အဆင့်မြှင့်တင်ပြောင်းလဲမှုများ ပြုလုပ်ရာတွင် ပတ်ဝန်းကျင်အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားအကောင်အထည်ဖော်ခြင်းက မြို့တော်ရန်ကုန်၏ ဂုဏ်သတင်းကို ပိုမိုတိုးမြှင့်ရာရောက်နိုင်ပါစေကြောင်း။ ။







# ရန်ကုန်မြို့ အခြေခံပညာကျောင်းများရှေ့မှ မြန်မာမှုလက်ရာရှင်များ

တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်တစ်ခု၏ အထက်တန်းကျောင်း တစ်ကျောင်းရှေ့ဝယ် ရောင်စုံဂျုံအရုပ်လေးများ ပြုလုပ်သူ၏အနီး၌ ကျောင်းသား ကျောင်းသူလေးများ ဝိုင်းအုံနေသည်။

၎င်းရှေ့မှ ဖွင့်ဟထားသော လေးထောင့်သေတ္တာငယ်၏ အဖုံးနှုတ်ခမ်းအပေါ်ဝယ် အရောင်အသွေးစုံလှသော ဂျုံရုပ်လေးများက ပုံစံအမျိုးမျိုးဖြင့် ကျောင်းသား ကျောင်းသူလေးများကို ညို့ယူဆွဲဆောင်နေသည်။

အဖြူ၊ အဝါ၊ အပြာ၊ ပန်းဆီရောင်ဆေးဆိုးပြီးသား ဂျုံအပုံလေးများအတွင်းမှ လိုရာအရောင်ကို ဆွဲနုတ်ယူ၍ လက်ဖဝါးနှစ်ဖက်နှင့် ပွတ်လုံးပြီး ပုံဖော်ရာတွင် အသုံးပြုသော ကတ်ကြေးငယ်၊ ဘီး၊ ဆံထိုးတံလေးဖြင့် သူ့စိတ်ကူးထဲမှ အရုပ်လေးကို ပုံဖော်နေခြင်းဖြစ်သည်။ တိုတောင်းသော မိနစ်ပိုင်းအတွင်း ကြွကြွရွရွနှင့် ရုပ်လုံးလေး ပေါ်လာသည်။ ယနေ့ ကလေးငယ်များအကြား ရေပန်းစားနေသော ပင့်ကူလူသား (Spiderman) အရုပ်လေးဖြစ်သည်။ နောက်ဆုံးပိတ်လုပ်ငန်းအဖြစ် တစ်ပေမျှရှိသော ငါးချောင်းတုတ်လေးဖြင့်ထိုးပြီး ရပ်စောင့် နေသော ကျောင်းသားလေး၏ လက်ထဲသို့ ထည့်ပေးလိုက်သည်။ ကျောင်းသားလေး၏ မျက်နှာပေါ်ဝယ် အပျော်မျက်လုံး၊ အပြုံး နှုတ်ခမ်းတို့ဖြင့် ဝမ်းသာသွားသည်ကို တွေ့ရသည်။

ကျောင်းသားလေးများ၏အကြိုက် ဂျုံရုပ်လေးများကို ပုံဖော်နေသူမှာ အသက် ၅၅ နှစ်ဝန်းကျင်အရွယ်ရှိ အမျိုးသားကြီးတစ်ဦးဖြစ်သည်။ အမည်ရင်းမှာ ဦးသန်းညွှန့် ဖြစ်ပြီး ၎င်းတို့ ဂျုံရုပ်ပညာရှင်အသိုင်းအဝိုင်းက “ဂျုံမီးပွား” ဟု ဂုဏ်ပြု ခေါ်ဆိုကြသည်။ ယင်းလုပ်ငန်းကို အဘိုးမှအစ မျိုးရိုးစဉ်ဆက် ဆက်လက်ထိန်းသိမ်းလာသူ တစ်ဦးဟု ဆိုသည်။ ၎င်းနေထိုင်သည်က ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဆိပ်ကြီး ဦးမြ ငါးစင်ရပ်ကွက်မှ ဆိပ်ကြီးကျေးရွာတွင် ဖြစ်သည်။

ဤပညာရပ်ကို အသက် ၁၂ နှစ်အရွယ်က စတင်သင်ယူခဲ့သည်ဟုဆိုသည်။ အဘိုး ဂျုံဆရာကြီး ဦးမာဃ(ကွယ်လွန်)နှင့် ဦးလေးတော်စပ်သူ ဂျုံရုပ်ဆရာ ဦးစံမတူတို့ထံမှ ပညာအမွေ ယူခဲ့သူဟု သိရသည်။ ယခုအခါ ၎င်းမှတစ်ဆင့် တပည့် ၄၀ ကျော်ကို ပညာအမွေဖြန့်ဝေနိုင်ခဲ့ပြီး ရန်ကုန်မြို့၏ အခြေခံပညာကျောင်းများရှေ့ဝယ် ကလေး များအကြိုက် ဂျုံအရုပ်လေးများကို ပုံဖော်ပေးနေကြသည်ကို တွေ့ရသည်။

၎င်းက “ကျွန်တော် လွန်ခဲ့တဲ့နှစ် ၄၀ လောက်ကတည်းက ဒီလုပ်ငန်းထဲကို လူကြီးတွေနဲ့အတူ စခဲ့တယ်။ အဲဒီတုန်းက တစ်ရုပ်မှ ငါးပြား၊ ဆယ်ပြားခေတ်၊ လုပ်ပေးရတဲ့ အရုပ်တွေက ပန်းပုံ၊ ကြက်၊ ငှက်၊ မျောက်၊ နဂါး၊ ဂဠုန်၊ ကျား၊ မြင်း။ လူရုပ် ထဲကဆို စစ်သူကြီး၊ ဘိုမရုပ်တွေပဲ များခဲ့ပါတယ်”ဟု ရှင်းပြသည်။

ယခုနောက်ပိုင်း ခေတ်တစ်ခေတ်၏ ပေါ်ပင်အရုပ်များကို ကလေးများအကြိုက်၊ လုပ်ဆောင်ပေးခဲ့ရသည်ဟု ဆိုသည်။ ယနေ့ကလေးများ အကြိုက်နှစ်သက်ဆုံးမှာ Spiderman၊ Power Ranger စသည့်အရုပ်လေးများ အများဆုံးလုပ်ပေး ခဲ့ရသည်ဟု ဆိုသည်။

ဂျုံရုပ်လုပ်ငန်းသည် မြန်မာမှုလက်မှုပညာစစ်စစ်ဖြစ်သည်။ ဂျုံဆရာကြီး ဦးမာဃ အစအဦးပြုလုပ်ခဲ့သည်မှာ ဂျုံမှုန့်နှင့် ဆန်မှုန့်ကို အချိုးအစားမျှတစွာ ရောစပ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ဂျုံသည် အစေးဓာတ်ရှိသည်။ ဆန်က ဖွယ်သော အကြမ်းဓာတ်ရှိသည်ဟု သိရသည်။ ထိုနှစ်ခုဖြင့် ပေါင်းစပ်ရုပ်လုံးဖော်ခြင်းကို ဂျုံရုပ် ပညာဟု ဆိုသည်။

ယခုနောက်ပိုင်း ဂျုံအစား ကောက်ညှင်းဆန်နှင့် ဆန်ကြမ်းရောပြီး ဆောင်ရွက် လာကြသည်ဟု ဆိုသေးသည်။ ဆန်နှင့် ကောက်ညှင်းကို ရောစပ်ရေစိမ်ပြီး သင့်တော် သည့်အချိန်၌ အိတ်အတွင်းသို့ထည့်ကာ ရေစစ်ရသည်ဟု လုပ်ငန်းအဆင့်ဆင့်ကို ပြောပြသည်။

တစ်ဖန် ရေစစ်ပြီးသောအဖတ်ကို လိုအပ်သမျှခွဲထုတ်ပြီး ရေခဲခြစ်တွင် အသုံးပြု ရသော ဆိုးဆေးဖြင့်ထပ်မံရောစပ်ကာ မီးဖြင့် အပူပေးပေါင်းရသည်ဟု ဆိုသည်။ အဓိကအရောင်များမှာ အဖြူရောင်၊ ပန်းဆီရောင်၊ အဝါရောင်၊ အမည်းရောင်တို့ ဖြစ်သည်ဟု သိရသည်။

ဂျုံမီးပွား(ခ) ဦးသန်းညွှန့်က “အဓိကက စိတ်ကူးသွားရာ လက်က လိုက်နိုင်ဖို့ ပါပဲ။ ဒါ့ကြောင့် လက်မှုပညာရပ်လို့ ခေါ်ရတာ။ ဒီလုပ်ငန်းမှာ အဓိကသုံးမျိုးရှိတယ်။ ပေါ်လစီ ၊ ဂန္ထဝင်နဲ့ ကနုတ် ဖြစ်တယ်။ ပေါ်လစီက သဏ္ဍာန်လုပ် သရုပ်တူရမယ် ဆိုသလို ကိုယ်လုပ်တဲ့အရုပ်က တူရမယ်။ တူသလို မတူသလို ဆိုရင်တော့ ပညာအဆင့် မမီသေးဘူးလို့ ဆိုရမယ်။ ဂန္ထဝင် ဆိုတာက လူကြီးတွေအကြိုက် ပန်းပုနီးပါးမီအောင် တူရမယ်။ ကနုတ်က အရုပ်ရဲ့အောက်ခြေအခံမှာ ကလပ်၊ သစ်တုံး၊ သစ်ရွက်၊ သစ်ကိုင်း ကအစ အရောင်အသွေးနဲ့ လှလှပပတန်ဆာဆင်ပေးနိုင်ရမယ်။ ဒါမှ ဂျုံရုပ်ပညာရပ် မှာ အဆင့်မီသူအဖြစ် ရပ်တည်နိုင်မယ်”ဟု ရှင်းပြသည်။

ဤမြန်မာ့လက်မှုပညာရပ်သည် စာရေးသူတို့ မူလတန်းကျောင်းသားအရွယ် ကတည်းကပင် စတင်တွေ့မြင်ခဲ့ရပြီး ကလေးတိုင်း နှစ်သက်ခဲ့သော အရုပ်ကလေးများ ဖြစ်သည်။ အဓိကကျောင်းအသီးသီးရှေ့ဝယ် ပြုလုပ်ရောင်းချသည်မှာ ယနေ့စာရေးသူ အသက် ၆၅ နှစ်ရောက်ချိန်အထိ ကျောင်းများရှေ့ဝယ် မပျောက်မပျက်ရှိနေသကဲ့သို့ ကလေးများက နှစ်သက်နေဆဲဖြစ်သည်ကို တွေ့ရသည်။

ထိုထက်ဆိုရသော် ယခုအခါ ပညာရပ်တိုင်းကို တန်ဖိုးထားသည့်ခေတ်ဖြစ်ရာ ပို၍ အမြတ်တနိုးတန်ဖိုးထားလာကြသည်။ ထိန်းသိမ်းလာကြသည်။ ခေတ်မီသူတို့၏ မွေးနေ့ မင်္ဂလာပွဲများတွင် ဂျုံရုပ်ပညာရှင်များအား သီးခြားဖိတ်ခေါ်ပြီး လက်ဆောင် ဂျုံရုပ်လေးများကို ပုံဖော်ပြုလုပ်၍ ပေးစေခဲ့သည်။

တစ်ဖန် ပြည်တွင်းရှိ နိုင်ငံခြားသံရုံးအချို့ကပင် မြန်မာမှု လက်မှုပညာအပေါ် အလေးမူတန်ဖိုးထား၍ သံရုံးပွဲများတွင် ဖိတ်ကြားကာ၊ ပြသစေကာ အရုပ်လေးများကို ထူးခြားသော လက်ဆောင်ပစ္စည်းအဖြစ် ပေးလာကြသည်ကို မြို့ရန်ကုန်မှ မြင်ကွင်း တစ်ရပ်အဖြစ် ဖော်ပြလိုက်ရပါသည်။ ။



### အသင့်စား၊ အမြန်စားနဲ့ ရန်ကုန်သူ ရန်ကုန်သားမှ

မြန်မာတို့၏ အိမ်တိုင်းတွင် မပါမပြီး ထမင်းဝိုင်းတန်ဆာဖြစ်သည့် ငါးပိရည်ကျို ကိုပင် ကိုယ်တိုင်ပြုလုပ်သည်ထက် အဆင်သင့်ပြုလုပ်ပြီးသား ငါးပိရည်ကျိုနှင့်တို့စရာ အမယ်များကိုပင် အလွယ်တကူ ဝယ်ယူစားသုံးနေသည်ကို တွေ့ရသည်။ “တစ်နေ့ကို ငါးပိရည်ကျိုအချိန် ငါးပိသာကုန်တယ်။ တို့စရာက အရင်းတင် တစ်သိန်းဖိုးလောက် ရောင်းရတယ်”ဟု ကျောက်မြောင်းရှိ ငါးပိရည်ကျို ရောင်းချသူ ကိုစံက ပြောပြသည်။

၂၀၁၅ ခုနှစ်တွင် ဆေးသုတေသနဦးစီးဌာန အာဟာရသုတေသနဌာနခွဲမှ လေ့လာ တွေ့ရှိချက်အရ ရန်ကုန်မြို့ရှိ ကျောင်းနေအရွယ်ကလေးငယ်များတွင် အဆီပါဝင်မှုမှာ အခြားဒေသများမှ ကလေးများထက် များပြားနေသည်ဟု သိရသည်။ အလွယ်တကူ ရရှိစေသည့် အစားအသောက်များကို အခြေအနေအရ စားသုံးနေကြရသည့် ရန်ကုန် သူ၊ ရန်ကုန်သားများအနေဖြင့် မိမိကျန်းမာရေးအတွက် ရွေးချယ်စားသုံးရန် လိုအပ် နေကြောင်း သတိပေးထားသည်။

“ကျွန်မက ငယ်ငယ်ကတည်းက အချက်အပြုတ်လည်း ဝါသနာပါတယ်။ အဓိက ကတော့ ကိုယ်တိုင်လုပ်ကိုင်ချက်ပြုတ်ဖို့ ခက်ခဲတဲ့သူတွေကို ကိုယ်ချင်းစာတယ်။ သူတို့ ကို ကိုယ့်လိုစားစေချင်တဲ့စိတ်နဲ့ မြန်မာပြည်သား မြန်မာစားသောက်ကုန်နဲ့ ဓာတ်စာ တွေကို ထုတ်လုပ်တာပါ။ အစပိုင်းတုန်းက ငါးပိကြော်၊ ငံပြာရည်ကြော်လောက်နဲ့ လုပ်ငန်းစတင်ခဲ့တာ။ တစ်နှစ်ထက် တစ်နှစ် ဈေးကွက်လိုအပ်ချက်အရ မြန်မာ့ရိုးရာ အစားအစာတွေ၊ တိုင်းရင်းသားရိုးရာအစားအစာတွေကို တိုးပြီး ထုတ်လုပ်ခဲ့တာ အခု ဆိုရင် အမျိုးပေါင်း ၅၀ ကျော်ကို ထုတ်လုပ်နေပါတယ်”ဟု ဒေါ်ဟေမာက ရှင်းပြ သည်။



ဝင်ငွေကွာခြားချက်အရ အသင့်စားနှင့် အမြန်စား အစားအသောက်များကို ဝယ်ယူစားသုံးသည့် ပုံစံကွဲပြားနေပြီး လုပ်ခလစာမြင့်မားသူများသည် စားသောက်ဆိုင်များတွင် ပျမ်းမျှ တစ်နေ့လျှင် ငွေကျပ်တစ်သောင်းနှင့်အထက် သုံးစွဲကြကြောင်း၊ ပုံမှန်ဝင်ငွေရရှိသူများမှာ တစ်နေ့လျှင် အသင့်စားနှင့် အမြန်စား စားသောက်ကုန်များအတွက် တစ်နေ့လျှင် ငွေကျပ် ၈၀၀ မှ ငွေကျပ် ၄၀၀၀ အထိ သုံးစွဲနေကြောင်း ဂျပန်စားသောက်ကုန်လုပ်ငန်းရှင်များအသင်းမှ တာဝန်ပေးချက်အရ ကောက်ယူခဲ့သည့် စစ်တမ်းက ဆိုထားသည်။

“မနက်မိုးလင်းတာနဲ့ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ ကနေစပြီး ကော်ဖီ၊ လက်ဖက် ရည် စသဖြင့် အမြန်ရအောင် ဝယ်စားကြတယ်။ ထမင်းချိန်ရောက်ရင်လည်း ထမင်း လောက်ပဲ အိမ်ကနေထည့်လာပြီး ဟင်းကို ဝယ်စားတယ်။ ညနေလည်း ဒီအတိုင်းပဲ။ မုန့်စားချိန်နေ့လယ်ပိုင်းတွေဆိုလည်း အထမ်းနဲ့ရောင်းတဲ့ဈေးသည်ကနေ နိုင်ငံခြား ကနေ လာဖွင့်တဲ့ဆိုင်တွေအထိ အမြဲလူတွေပြည့်နေတယ်။ အိမ်ရောက်တော့လည်း အသင့်စားတဲ့စားသောက်စရာတွေက လွတ်တာမရှိသလောက်ပဲ”ဟု ရန်ကုန်သူ တစ်ဦးဖြစ်သည့် ဒေါ်မေသူက ပြောပြသည်။ ယခုနောက်ပိုင်းတွင် ရန်ကုန်မြို့အတွင်း ခေတ်စားလာသည့် ထမင်းဘူးဝန်ဆောင်မှုများကလည်း ရန်ကုန်သူ၊ ရန်ကုန်သား တို့အတွက် နေ့လယ်စာကို စီမံပေးလျက်ရှိသည်။ ထမင်းဘူးယူရန် အခက်အခဲရှိ သူတို့အတွက် ရုံးရှေ့ ကျောင်းရှေ့ လုပ်ငန်းရှေ့ အိမ်ရှေ့အရောက် ထမင်းဘူးများကို ပို့ဆောင်ပေးကြသည်။ ဖုန်းဖြင့် ဆက်သွယ်မှာယူနိုင်သကဲ့သို့ အွန်လိုင်းမှလည်း အလွယ်တကူမှာယူနိုင်ကြရာ အလွန်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကိုယ့်အိမ်ကနေ ထည့်ပေးလိုက်သလို ထမင်းဘူးတွေကို ရုံးဌာနတွေက စုပေါင်းမှာယူကြတာများတယ်။ တစ်ဦးချင်း မှာတဲ့သူလည်း ရှိတယ်။ ကျောင်းတွေ ကလည်း အခုနောက်ပိုင်း မှာကြတယ်။ ထမင်းဘူးဆိုတဲ့အတိုင်း ထမင်း၊ အသားဟင်း၊ အသီးအရွက်ကြော်၊ အရံဟင်း၊ ချဉ်ရည်ဟင်းစသဖြင့် စုံအောင်ထည့်ပေးလိုက်တယ်။ ကျွန်တော်တို့ ဖြူစင်မေတ္တာ ကတော့ တစ်ဘူးကို ငွေကျပ် ၁၃၀၀ ယူပါတယ်။ ဆီကအစ စိတ်ချရတယ်။ စားအုန်းဆီလုံးဝမသုံးဘူးဆိုတော့ ဝန်ထမ်းတွေက မှာစားကြတယ်” ဟု ဦးသီဟထွန်းက ဆိုသည်။ ထမင်း၊ ဟင်းအပြင် ရန်ကုန်သူ၊ ရန်ကုန်သားများအတွက် အမြန်စား အစားအသောက်ရောင်းချသည့် ဆိုင်များသည် လက်ညှိုးထိုးမလွဲပေါ်များ လာသည်။ လမ်းဘေးဈေးတန်း၊ ညဈေးတန်းမှအစ ဟိုတယ်များအထိ တိုင်းရင်းသား ရိုးရာ အစားအစာများ၊ နိုင်ငံတကာအစားအစာများ မှာယူစားသုံးရန် လက်တစ်ကမ်း အကွာတွင်သာ ရှိသည်။

“အိမ်မှာအစားအသောက်ချက်မစားဖြစ်တာကြာပြီ။ စားဖြစ်ရင်လည်း ရယ်ဒီမိတ် ထုပ်တွေလုပ်စားတာများတယ်။ အဓိက ကတော့ လုပ်စားရင်ကုန်မယ့် ကုန်ကျစရိတ်က ဝယ်စားရတာထက်ပိုများတယ်။ အချိန်လည်းပိုပေးရတော့ အလွယ်တကူဝယ်စား ဖြစ်တယ်” ဟု သတင်းဌာနတစ်ခုတွင် အလုပ်လုပ်ကိုင်သူ ကိုစိုးသူရမြင့်က ပြောသည်။

သို့သော် စားသုံးသူအနေဖြင့် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်း ရေးအတွက် ရွေးချယ်ဝယ်ယူသင့်ကြောင်း၊ မိမိဝင်ငွေနှင့် ကိုက်ညီမည့် အလွယ်တကူ ဝယ်ယူနိုင်သည့် စားသောက်ကုန်ကို ရွေးချယ်ရာတွင် လုပ်ငန်းအမှတ်တံဆိပ်၊ အာမခံနိုင်မှုနှင့် သန့်ရှင်းလတ်ဆတ်မှုတို့ကိုလည်း အလေးထားသင့်ကြောင်း မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက အသိပညာပေးထားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေခုနစ်သန်းကျော် နေထိုင်ကြပြီး မြန်မာ နိုင်ငံ၏ လူဦးရေအများဆုံးနေထိုင်ရာ မြို့ကြီးမှာလည်း ရန်ကုန်မြို့ပင်ဖြစ်သည်။ များပြားလှသည့် အသင့်စားနှင့် အမြန်စားအစားအသောက်များသည်လည်း လူဦးရေ များပြားသည်နှင့်အမျှ ပိုမိုထွက်ပေါ်လာနိုင်သေးသည်။ ကျန်းမာရေးနှင့် ပြည့်စုံသည့် ရယ်ဒီမိတ်အစားအစာများနှင့် သန့်ရှင်းလတ်ဆတ်ပြီး ဘေးအန္တရာယ်ကင်းရှင်း သည့် အစားအသောက်များ ရွေးချယ်ဝယ်ယူနိုင်ရန်အတွက်လိုအပ်သည့် သက်ဆိုင်ရာ တာဝန်ရှိ ဌာနအသီးသီးမှလည်း မကြာခဏစစ်ဆေးခြင်း၊ အသိပညာပေးခြင်းနှင့် စိစစ်ကြပ်မတ်ခြင်းများဖြင့် စားသုံးသူနှင့် ဝန်ဆောင်သူတို့အကြား ဆောင်ရွက် ပေးမှုပိုမိုလုပ်ဆောင်နိုင်ပါက ရန်ကုန်သူ၊ ရန်ကုန်သားများအတွက် အသင့်စားနှင့် အမြန်စားယဉ်ကျေးမှုအဆင့်မြင့်အောင် လုပ်ဆောင်နိုင်မည်ဟု ယူဆကြောင်း ဦးသီဟထွန်းက ပြောကြားသည်။

(မြန်မာ့အလင်း)




### တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့်ဈေးနှုန်းများ

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်း |
|---|---|---|---|---|---|
| Toyota Landcruiser | 2017 | ရန်ကုန် | ၄၇၀၀ စီစီ | Showroom | ၂၄၅၀ |
| Alphard | 2003 | ရန်ကုန် | ၃၀၀၀ စီစီ | ရန်ကုန် | ၃၇၈ |
| Surf | 2006 | ရန်ကုန် | ၂၇၀၀ စီစီ | ရန်ကုန် | ၆၄၀ |
| Honda Fit | 2012 | တနင်္သာရီ | ၁၃၀၀ စီစီ | အပြင်ဈေး | ၂၂၅ |
| Probox | 2009 | ရန်ကုန်Taxi | ၁၃၀၀စီစီ | အပြင်ဈေး | ၁၅၅ |
| Toyota passo | 2010 | ရန်ကုန် | ၁၀၀၀ စီစီ | အပြင်ဈေး | ၁၁၅ |
| Toyota Dyna Truck | 2006 | မန္တလေး | ၂၅၀၀ စီစီ | Showroom | ၁၆၈ |
| Mitsubishi Canter | 2003 | ရန်ကုန် | ၅၂၀၀ စီစီ | Showroom | ၁၈၅ |
| Toyota Celica | 2002 | မန္တလေး | ၁၈၀၀ စီစီ | အပြင်ဈေး | ၁၄၅ |
| Toyota Vitz | 2009 | နေပြည်တော် | ၁၃၀၀ စီစီ | အပြင်ဈေး | ၁၂၀ |



# ရောင်းကားရှားနေပြီး အသစ်ကိုသာ စောင့်မျှော်နေသည့် ရန်ကုန်ကားဈေးကွက်

● မင်းသော်

ယခုသီတင်းပတ်အတွင်း အပ်ကားများရှားပါးလာပြီး ဈေးကွက်တွင် အရောင်းကား အရနည်းသောကြောင့် ရန်ကုန်ကားဈေးကွက်မှာ အရောင်းအဝယ်မဖြစ်သလောက်နီးပါး ရပ်တန့်လျက်ရှိသည်။ ပြီးခဲ့သည့်အပတ်က သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းကို ပြောင်းရွှေ့ခိုင်းခဲ့သည့်အချိန်မှစ၍ တစ်ဦးချင်းဝယ်/ရောင်းလုပ်သူများလည်းမရှိသလောက်ပင်နည်းသွားသည်။ အပ်ကားများ နည်းပါးလာသဖြင့် ဖရီးပါမစ်ကိုင် တင်သွင်းနိုင်သူမှာလည်း အနည်းအကျဉ်းပင်ရှိတော့သည်။ စလစ်ဈေးသည် အမြင့်ပိုင်းတွင် ရပ်တည်လာသည်မှာ ဩဂုတ်တစ်လလုံးပင်ဖြစ်သည်။ ယာဉ်ပိုင်ရှင်အများစုမှာလည်း ကားဈေးတက်ရိပ်ကြောင့် ရောင်းချရန် စိတ်မကူးကြသဖြင့် ထုတ်ရောင်းသူနည်းလာသည်။ အမေးများသော်လည်း အရောင်းအဝယ်မှာမူ ထင်သလောက် ခရီးမပေါက်သည့် အနေအထားပင် ဖြစ်သည်။

ထို့ပြင် နိုင်ငံတော်၏ အကောက်ခွန်မူဝါဒတစ်ရပ်မှာလည်း အောက်တိုဘာ ၁ ရက်တွင် စတင်အသက်ဝင်မည်ဖြစ်သည်။ ယင်းအချက်ကြောင့် လာမည့်တစ်လကျော်သည်နှင့် ပြည်တွင်းထုတ်ကားများ အခွင့်အရေးပိုရမည် ခန့်မှန်းကာ စောင့်ဆိုင်းကြခြင်းဖြစ်သည်။ အကောက်ခွန်ဌာနမှ အောက်တိုဘာ ၁ ရက်မှစတင်ကာ ပြည်ပမှ တင်သွင်းသည့် မော်တော်ယာဉ်များ၏ အခွန်နှုန်းထားများကို ပြောင်းလဲကောက်ခံမည်ဖြစ်ပြီး ယင်းကားများတွင် လျှပ်စစ်ကားများမှလွဲ၍ ကျန်ရှိသည့်ကားများ၏ အကောက်ခွန်နှုန်းထားများမှာ ပြောင်းလဲခြင်းမရှိသည်ကို တွေ့ရသည်။ ထူးခြားချက်မှာ ပြည်တွင်းကားထုတ်လုပ်မှု အားကောင်းစေရန်ရည်ရွယ်ကာ CKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်ရန် ရည်ရွယ်တင်သွင်းသည့်ကားများ၏ အခွန်နှုန်းထားကို လျှော့ချပေးမည်ဖြစ်သည်။ ယင်းကားများအနက် အင်ဂျင်ပါဝါ ၂၀၀၀ စီစီ အောက် အိမ်စီးကားများကို ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ပြီး ၂၀၀၀ စီစီ အထက် အိမ်စီးကားများကို ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်သည်။

လာမည့်နှစ်တွင် ဘယ်မောင်းမော်တော်ကားများကိုသာ တင်သွင်းခွင့်ပြုရန်မှာလည်း အားကောင်းနေပြီး ကားတင်သွင်းရာတွင် ခက်ခဲကျဉ်းမြောင်းလာသည့် မူဝါဒများကြောင့် အဝယ်ရှိသလောက် အရောင်းမရှိဖြစ်ရခြင်းဟု ကျွမ်းကျင်သူများက ကောက်ချက်ချသည်။ ဘယ်မောင်းယာဉ်များကို ဈေးကွက်တွင် အသုံးမရှိသလောက်မြင်ရပြီး တင်သွင်းသူလည်း လက်ရှိအချိန်အထိ အလွန်နည်းပါးနေသေးသည်။

ယခုရက်အတွင်း ရှားရှားပါးပါး အရောင်းအဝယ်ဖြစ်ခဲ့သည့်ကားများမှာ ၁၃၀၀ စီစီကားများသာဖြစ်ပြီး ငွေပေါသူများအတွက် ၂၀၀၀ စီစီနှင့်အထက်ကားများသည်လည်း အမေးများခဲ့သည်။ သီတင်းပတ်အတွင်း စလစ်ဈေးနှုန်းများမှာမူ ပုံမှန်သာရှိနေပြီး နှစ် ၂၀ စလစ်မှာ ငွေကျပ် သိန်း ၁၁၀ ဝန်းကျင်၊ အငှားယာဉ်စလစ်မှာ ငွေကျပ် ၁၁၄ သိန်း၊ တိုက်ကြေစလစ်မှာ ငွေကျပ် ၁၀၃ သိန်းဝန်းကျင်၊ စက်မှုဇုန်အိမ်စီးစလစ် ငွေကျပ် ၁၀၈ သိန်းနှင့် စက်မှုဇုန် လိုက်ထရပ်စလစ် ငွေကျပ် ၄၅ သိန်းဝန်းကျင်ရှိနေသည်။

စလစ်ကပ်ကားများတွင် Alphard များကို အမေးများနေပြီး ရန်ကုန်လိုင်စင်အပြင် နေပြည်တော်၊ မန္တလေးနှင့် မကွေးလိုင်စင်များလည်း ခေတ်စားနေသည်ကို မြင်တွေ့ရသည်။ လာမည့် ၂၀၁၈ ခုနှစ်တစ်ခုလုံးတွင် ဘယ်မောင်းကားများ ခေတ်ကောင်းဦးမည်ဟု မျှော်လင့်သူများပြောသော်လည်း စောင့်ကြည့်ရဦးမည်သာဖြစ်သည်။ စလစ်ဈေးနှုန်းများ နှစ်ကုန်အထိတင်းမာကာ အတက်ဘက်တွင် ရှိနေမည်ဟု ခန့်မှန်းထားကြသော် လည်း ဩဂုတ် ၂၈ ရက် တနင်္လာနေ့ ဈေးကွက်စချိန်တွင် နှစ် ၂၀ စလစ်ကို ပေါက်ဈေး ငွေကျပ် သိန်း ၁၁၀ ထက်လျှော့ကာ ငွေကျပ် ၁၀၅ သိန်းဖြင့် အရောင်းအဝယ်ဖြစ်ထားသည်ကို တွေ့ရသည်။

အိမ်စီးမော်တော်ကားဈေးကွက် ငြိမ်သက်နေချိန်တွင် လုပ်ငန်းသုံးကားဈေးကွက်မှာမူ မူဝါဒများကြောင့် များစွာ ရိုက်ခတ်ခဲ့သည်ကို မြင်တွေ့ရသည်။ ထရပ်ကားများနှင့် ဘတ်စ်ကားများ အောက်တိုဘာ ၁ ရက်မှစတင်ကာ အကောက်ခွန် တိုးမြှင့်သတ်မှတ်မည်ဖြစ်သည်။ ယင်းကြောင့် CIF တန်ဖိုးအပေါ် ပေးဆောင်ရခြင်းတွင် လက်ရှိထက် မြင့်တက်လာမည်ဖြစ်သည်။ မူလအကောက်ခွန် တန်ဖိုး ထက်သုံးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက် ကောက်ခံမည်ဟု သိရှိရသည်။ ဩဂုတ် ၂၅ ရက်တွင် အဆိုပါသတင်းအတည်ဖြစ်ခဲ့ပြီးနောက် တစ်တန်အထက် ထရပ်ကားဈေးနှုန်းမှာ ငွေကျပ်ငါးသိန်းဝန်းကျင် မြင့်တက်လာခဲ့သည်။ သွင်းကုန်လျှော့ကျစေရေး၊ ကုန်သွယ်မှုလိုငွေ သက်သာစေရေး ရည်ရွယ်ချက်များဖြင့် မီနီထရပ်များနှင့် လုပ်ငန်းသုံးကား အပါအဝင် တစ်တန်အောက်လုပ်ငန်းသုံးယာဉ်များကို ပါမစ်လျှောက်ထားရန် တစ်လလျှင် နှစ်စီးသာခွင့်ပြုခဲ့သဖြင့် တစ်ဦးချင်း တင်သွင်းသူ မြင့်တက်လာခဲ့သည်ကို မြင်တွေ့ရသည်။

ယခုသီတင်းပတ်အတွင်း ဩဂုတ် ၂၈ ရက်အထိ ကနဦးရောက်ရှိနံပါတ်များမှာ မော်တော်ယာဉ် 6N-9479၊ တက္ကစီ-HH-2174၊ စက်မှုဇုန် 8M-8647 နှင့် မော်တော်ဆိုင်ကယ်မှာ ၆၀ ယ-၇၅၁၆၉ အထိရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစာရင်းမှာ ဩဂုတ် ၁ ရက်မှ ၂၈ ရက်အထိ အစီးရေ ၁၈၁ စီးခန့် အပ်နှံခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**လာမည့်နှစ်တွင် ဘယ်မောင်း မော်တော်ကားများကိုသာ တင်သွင်းခွင့်ပြုရန်မှာလည်း အားကောင်းနေပြီး ကားတင်သွင်းရာတွင် ခက်ခဲကျဉ်းမြောင်းလာသည့် မူဝါဒများကြောင့် အဝယ်ရှိသလောက် အရောင်းမရှိ သလောက်ဖြစ်ရ**